
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ချွန်းရမီမိုး

# အချစ်၏ရိုက်ခတ်မှုအချိန်၏ပဲ့တင်သံ


စာမူခွင့်ပြုချက်အမှတ်

၅၀၀၃၀၁၀၁၂၀၈

၂၀၀၉ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ


ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)စေတနာ OFFSET

အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


"ကွန်းခိုရာမဲ့" ကို
ဖတ်ပြီးတဲ့အခါ
ရင်ထဲမှာ ခံစားမှု တစ်ခု
စူးနစ်ကျန်ခဲ့တယ်...
ကလောင်သစ်လို့တောင် မထင်ရဘူး
"ရွှန်းရမီမိုး" နာမည်ကြီးလာဦးမှာ
သေချာပါတယ်...



ခင်သီတာစိုး
ရုပ်ရှင်၊ ဗွီဒီယိုသရုပ်ဆော

"ရွှန်းရမီမိုး"
အမြဲတမ်းအောင်မြင်ပါစေ
အမှတ်တရ...

29/8/08




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ရွှန်းရမီမိုး" ထွက်တဲ့ စာအုပ် (၂) အုပ်စလုံး။
မအားတဲ့ကြားက ဖတ်ဖြစ်လိုက်တယ်
အရမ်းမိုက်တယ်...ဟတ်ထိတယ်ဗျာ...

စွမ်း
သရုပ်ဆောင်



ဆရာမ ရွှန်းရမီမိုး

ဆရာမရဲ့ဝတ္ထုဇာတ်လမ်းတွေကိုနှစ်သက်မိပါတယ်...
ချစ်စရာကောင်းလွန်းလို့လေ...
အတွေးတွေကထက်မြက်လို့...
စကားလုံးတွေကတောက်ပလို့...
အမြဲတမ်းပရိသတ်

စိုးသူရကျော်
ပထမနှစ်
ဆေးတက္ကသိုလ်(၁)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဆရာမ ရွှန်းရမီမိုး
ဆရာမရဲ့ကာဗေ လာင်နာမည်လေးက အရမ်းလှတယ်နော်။
ဆရာမရဲ့နံမည်လှသလို ဆရာမရေးတဲ့ စာအုပ်တွေကလည်း
အရမ်းဖတ်လို့ကောင်းတယ်။ ပထမထွက်တဲ့
"လကဗျာ အရောင်ရင့်ပါမှ" စာအုပ်ကိုပိုကြိုက်တယ်။
သမီးက ကောင်မလေးနဲ့ကောင်မလေး မညားတဲ့
အသည်းကွဲဇာတ်လမ်းကို ပိုကြိုက်တယ်။
နောက်ကို အဲဒီလိုမျိုးလေး ရေးပေးပါနော်။
နောက်ထွက်မယ့် စာအုပ်တွေကို မျှော်နေမယ့်...
ဆရာမရွှန်းရမီမိုးကို လေးစားလျက် -

ရွှေ

အမှတ်(၁၅)အကွက်(၂၀၉)၊မန္တလေ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ရွှန်းရမိမိုး


အချစ်၏
ရိုက်ခတ်မှု
အချိန်၏
ပဲ့တင်သံ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ကျွန်မကို သူငယ်ချင်းတွေက ပြောကြတယ်...

"လင်ဆေးလိုဟန်နဲ့ တူတယ်တဲ့" ကျွန်မကတော့ ...

"ဟင့်အင်း ငါက မေမင်းလျှံနဲ့ပဲ တူချင်တယ်လို့ ပြောလိုက်တယ်။

မေမင်းလျှံ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝတစ်လျှောက်လုံးပေါ့ ...

ဘယ်မိန်းကလေးမဆို လိုက်လို့ရခဲ့တယ် ...

ဒါပေမဲ့မျာ ...

ဇင်မှတ်ဘဲ ကျွန်တော် သူနဲ့ ဆုံလိုက်ချိန်မှာ

တော့ ...

ကျွန်တော့်ရဲ့ သိအိုရီကြီး ပြောင်းပြန်ဖြစ်သွား

ခဲ့တယ် ...

ကျော်သား

BURMESE CLASSIC .com



သူမက ကျွန်တော့်ကို ပြောတယ် ...

"ရှင်ဟာ လူထူးလူဆန်း တစ်ယောက်ပဲတဲ့။

ဒါပေမဲ့ ရှားပါးတဲ့ လူထူးလူဆန်းတော့ မဟုတ်

ဘူး။တစ်ရာမှာ တစ်ယောက်တော့ ရှိနိုင်တယ်

တဲ့"

ကျွန်တော်လည်း တစ်ခွန်းလောက်တော့

ပြန်ပြောချင်တယ်မျာ ...

"မင်းလည်း ကိုယ်လိုပဲ" လို့လေ။

ထက်ဆင့်ထူး

www.burmeseclassic.com

www.burmeseclassic.com



# "မေမင်းလျှံ"

"May Photo Studio"

အနက်ရောင်ပြောင်လက်လက်မှာ ရွှေရောင်စာလုံးတွေဖြင့် ပုံဖော်ထားသော ဆိုင်းဘုတ်။ ထိုဆိုင်းဘုတ်ရဲ့အောက်ဘား ပတ်ပတ်လည်မှာ ရွှေရောင်ဖဲကြိုးစတွေ တဖျပ်ဖျပ် လွင့်နေရခြင်းအကြောင်းကတော့ ဒီနေ့ဟာ ထိုဆိုင်းဘုတ်ဖွင့်ပွဲ ဖြစ်နေလို့ပဲပေါ့။

ဆိုင်ပိုင်ရှင်က မေမင်းလျှံဆိုတဲ့ ခပ်ချောချောကောင်မလေးပေါ့။ အရပ်အမြင့်က ငါးပေခုနစ်။ ထိုအရပ်နဲ့ လိုက်ဖက်သော ခန္ဓာကိုယ်က အပိုအလိုမရှိ သွယ်လျလှပလျက် ဂျင်းန်ပင်န်သာ ဝတ်သောကြောင့် သူမရဲ့ သွယ်တန်းဖြောင့်စင်းသောပေါင်တံအလှက အထင်သား။ ထိုအလှကို အနားသတ် ရပ်ဖျက်လိုက်တာကတော့ သူမ စီးနေကျ ကွင်းထိုးဖိနပ်တွေပေါ့။ ယောက်ျား



BURMESE CLASSIC .com



လေးစီး ကွင်းထိုးဖိနပ် ဆိုဒ်သေးတွေတွေ့လို့ကတော့ သူမက ကောက်စွပ်ကြည့်ပြီးသား။ သူမနဲ့ တော်ပေ့ါကတော့ ဝယ်ပြီးသားပင်။ ဒါက မေမင်းလျှံရဲ့ထူးခြားမှု နံပါတ်တစ်။

မေမင်းလျှံရဲ့ ခန္ဓာကိုယ်ဟာ မိန်းမပီသစွာ သိပ်ကိုလှပပါသည်။ ထိုအလှတရားကို ဖျက်ဆီးသည့် နောက်တစ်ချက်ကတော့ သူမ ဝတ်နေကျ ရှပ်အင်္ကျီဖားဖားကြီးများပင်။

တကယ်ပင် မေမင်းလျှံဟာ ရှပ်အင်္ကျီလက်တိုကလွဲ၍ တခြားဘာအင်္ကျီမှမရှိ။ ပြီးတော့ ရှပ်အင်္ကျီကလည်း အကွက်တွေပဲဝတ်တာမို့ အကွက်ကို အရောင်အသွေးစုံ အဆင်စုံရှိနေသည်။ ဒါက ထူးခြားမှုနံပါတ်နှစ်။

နောက်ထပ်ထူးခြားမှုတစ်ခု ရှိသေးသည်။

ဒီထူးခြားမှုကတော့ ရှေ့ကနှစ်ခုနှင့် ဆန့်ကျင့်စွာ အလွန်မိန်းမပီသသည့် ထူးခြားမှုပင်။

သူမရဲ့ ဆံပင်တွေပေါ့။ ဆံလုံးတုတ်သော်လည်း မာမနေဘဲ ပျော့ပျောင်းနွဲ့အိကာ ဖြောင့်စင်းကျနေသော သူမရဲ့ ဆံပင်တွေ။ မည်းနက်သန်စွမ်းသော ထိုဆံပင်တွေဟာ သူမ မတ်တတ်ရပ်နေတုန်း နောက်ကကြည့်လျှင် နက်မှောင်ပြောင်လက်နေသော ပိုးကတ္တီပါတစ်စ လွှမ်းခြုံထားသလား အောက်မေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို ရှားပါးသော ဆံပင်အကောင်းခြင်းမျိုးပါ။ သူမရဲ့ ဆံပင်ပုံကတော့ နဖူးစပ်ဆံစမှသည် ပေါင်လယ်ခန့်အထိ တစ်မျှင်မပြတ် ညီညာတ်ရှိနေသော ပုံမျိုးပါ။

ပြီးတော့ သူမက ဆံပင်ကို ဘယ်တော့မှမစည်းတတ်။ မျက်နှာမှာ မိတ်ကပ်အခြယ်အသ ဘယ်တော့မှ မရှိသော ထိုမေမင်းလျှံသည် ဆံပင်အတွက်ဆော့ အတော်ကို ဂရုကထနဲတတ်သည်။ တွေ့ကရာခေါင်းလျှော်ရည်ဖြင့် မလျှော်တတ်။ ကိုယ်တိုင် တရော်ကင်ပွန်းစစ်စစ်ကို သန့်စင်အောင် အနှစ်တိုက်ထားသော ခေါင်းလျှော်ရည်ဖြင့် သူမ အထိန်းတော်ကြီးစိုးကို လျှော်ခိုင်းတတ်သည်။ ခေါင်းမလျှော်ခင်တစ်ရက်အလို သံလွင်ဆီစစ်စစ်ကို လိမ်းဖို့လည်း မမေ့တတ်။

ပြီးတော့ ခေါင်းလျှော်ပြီးစအချိန် ဆံပင်မခြောက်ခင်မှာ သံပရာရနံ့ပါးပါးလေး မွှေးနေသော ဆံပင်အတွက် သီးသန့်ထုတ်ထားသော စပရေးတစ်မျိုး ဖျန်းဖို့လည်း လုံးဝကို မမေ့လျော့တတ်။ ထို့ကြောင့်ပင် မေမင်းလျှံရဲ့ဆံပင်တွေက အမြဲမွှေးမြလတ်ဆတ်သောရနံ့တစ်မျိုး ရနေသည်။

အားလုံးခြုံပြောရလျှင်တော့ မြန်မာအမျိုးသမီးများထဲမှာ ရှားပါးသော အရပ်ခပ်မြင့်မြင့် ထိုကောင်မလေး အနီကောင်မ





လေးဟာ တော်ရုံတန်ရုံ ယောကျ်ားတစ်ယောက်နှင့် ယှဉ်လိုက်လို့ကတော့ ယောကျ်ားလေးဘုန်းဖြင့် ဘယ်လောက်ပဲမြင့်ပါစေ သူမဘေးမှာ မှေးမှိန်ပျောက်ကွယ်သွားမည်သာ။ ဒါက မေမင်းလျှံ၏အလှဘွဲ့။ တစ်ခန်းရပ်ကာ ဆိုင်းဘုတ် ဆက်လက်ဖွင့်ရပေဦးမည်။

ဒီနေ့ ဆိုင်ဖွင့်ပွဲဆိုတော့ ပရိုမိုးရှင်းအနေနှင့် အားလုံးကို (10%)ဆယ်ရာခိုင်နှုန်း လျှော့ပေးသည်မို့ သူမ ဆိုင်လေးထဲမှာ ဓာတ်ပုံလာကူးသူ၊ အလှပုံလာရိုက်သူ၊ လိုင်စင်ပုံ၊ ဘွဲ့ပုံရိုက်သူတွေနှင့် ပြည့်နေသည်။

လက်ချိုးရေတွက်လျှင်တောင် တစ်ဆိုင်လုံးပေါင်းမှ လက်ဆယ်ချောင်းမကျော်သော ဝန်ထမ်းလေးတွေမှာလည်းမနားရ။

မေမင်းလျှံရဲ့ လက်ထဲမှ ကင်မရာမီးရောင်တဖျပ်ဖျပ်ကလည်း အဆက်မပြတ်။ ထိုအခိုက် ဆိုင်ထဲသို့ စုံတွဲတစ်တွဲ ဝင်လာသည်။

"လာပါ ကိုကိုရဲ့၊ ဓာတ်ပုံတွဲရိုက်ချင်လို့ပါဆို"

"ကိုယ်ဝါသနာမပါလို့ပါကွာ၊ ကလေးဘာသာ သွားရိုက်"

"ဟင် ... ကလေးဘာသာ ရိုက်ထားတဲ့ပုံတွေမှ အများကြီး၊ ကိုကိုနဲ့ ရိုက်ချင်တာကို"

"ကိုယ်မှ ဝါသနာမပါဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာပါစရာမှ မလိုဘဲ ကိုကိုရဲ့၊ ဒီအတိုင်းလေးရုပ်ပေး နေရုံပဲကို"

"ဒီဓာတ်ပုံ မရိုက်လို့ရော ဘာဖြစ်သွားမှာမို့လို့လဲ"

"ကလေးက ရိုက်ချင်တာလေ၊ ကိုကိုနဲ့ အမှတ်တရရိုက် ချင်တာလေ"

သူမရှေ့မှ ရန်ဖြစ်နေသော စုံတွဲကို မေမင်းလျှံ စိတ်ပျက်သွားသည်။

နောက်မှာ ရိုက်မယ့်လူတွေ ရှိသေးသည်။ သူမတို့ကို စောင့်ရတာက တစ်နာရီကျော်ကြာမလားမသိ။ ဝန်ထမ်းကောင် လေးက ...

"မမလျှံ ဒီပုံဟောင်း ပြင်လို့ရမလားတဲ့"

ဟောင်းနွမ်းလွန်းသဖြင့် ဆေးသားများပင် မှိန်ဖျော့ ပျက်ယွင်းနေသော အဖြူအမည်းဓာတ်ပုံတစ်ခု မင်းလျှံက ယူကြည့် လိုက်ပြီး ...

"အော်ရဂျင်နယ်လ်အတိုင်း မထွက်ရင်တောင် အတတ်နိုင် ဆုံး လုပ်ပေးမယ်လို့ပြောလိုက်၊ လက်ခံရင်တော့ ယူထား လိုက်လေ"

"ဟုတ်"





ကျော်သားရဲ့မျက်လုံးတွေက အသံလာရာဘက်ကို ဖျတ်ခနဲ ရွေ့သွားသည်။ သရဖီ ဂျီကျနေ၍ စိတ်ပျက်နေသော ကျော်သားဟာ ကင်မရာမင်းဘက်ကိုပင် လှည့်မကြည့်မိ။ ချိုရှ သော အသံတစ်ခုကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိတော့ အနက် ရောင်ပိုးကတ္တီပါစတစ်ခုကို လှမ်းတွေ့လိုက်ရသည်။ သေချာကြည့် လိုက်တော့မှ နက်မှောင်သန်စွမ်းသော ဆံပင်တွေပါလားဟု သိလိုက် ရသည်။

ဒီခေတ်မှာ ရှားပါးလှသော ဆံပင်မျိုးပင်။ ကျော်သား ကို ဆွဲဆောင်သွားပြီ။ ထိုဆံပင်ပိုင်ရှင်က ဒီဘက်ကို ဖျတ်ခနဲ လှည့်လာချိန်မှာတော့ သားကောင်တွေ့သော မုဆိုးပမာ ကျော်သား ရဲ့ မျက်လုံးတို့ အရောင်လက်သွားသည်။

သူ့ဘေးမှ သရဖီကို ကျော်သား မေ့သွားပြီး ဆံပင် ထူထူအိအိတို့ရဲ့ အဝေ့အနွဲ့ကိုသာ အလွတ်ကျက်နေမိသည်။

"ကိုကို"

"ဟင် ... သရဖီ ပြောလေ"

"ကိုကို ဘာဖြစ်နေတာလဲ၊ ကိုကို ကလေးကို ဘယ်လို ခေါ်လိုက်တာလဲ"

"ကျွတ် ... မစားစမ်းနဲ့ကွာ"

"ကိုကို ဘာဖြစ်နေတာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ သရဖီ့ကို စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

"ကဲ ... သရဖီ ဘာလုပ်မှာလဲ၊ ဓာတ်ပုံရိုက်မှာလား၊ ရိုက်မှာဆိုလည်းရိုက်၊ မရိုက်ရင်လည်း ဖယ်ပေးလိုက်၊ နောက်မှာ သူများတွေ ရိုက်ဖို့ရှိသေးတယ်"

"မရိုက်ဘူး၊ မရိုက်တော့ဘူး"

"အေး ... အကောင်းဆုံးပဲ ပြန်မယ်"

သူ ဓာတ်ပုံဆိုင်ထဲမှ မထွက်ခင် ကင်မရာဂဲလ်လေးနဲ့ မျက်လုံးချင်းဆုံလိုက်သေးသည်။ သူ့ကို အထင်သေးသောမျက်ဝန်း အကြည့်တွေကို ရင်ဆိုင်လိုက်ရသည်။

ကျော်သား ပြုံးထေ့ထေ့ဖြင့် မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ ကြည့်ဦးလေ။ အထင်တသေး ကြည့်ပါဦးလား။ ကျော်သား ပြုံးစိစိ ဖြစ်နေသလောက် မေမင်းလျှံကတော့ ဒေါသတွေ တအုံတမနှင့် ကျန်ခဲ့သည်။

"ကြည့် ... ကိုကိုက ခုတော့ပြုံးစိစိ သူများကို စိတ်အနှောင့်အယှက်လုပ်ရတာ သိပ်ပျော်နေတယ်ပေါ့လေ"

သရဖီရဲ့ လက်သီးဆုပ်လေးတွေ သူ့လက်မောင်းပေါ် ဝဲပျံ့လာသည်။ သရဖီ့ဓာတ်လမ်း ဒီနေ့တစ်ခန်းရပ်ရတော့မှာပေါ့။

ကားပေါ်ရောက်တော့ သရဖီက ...





"ဗိုလ်ချုပ်ဈေးသွားမယ် ကိုကိုရာ"

ဒီကလေးမကြည့်ရတာ သူ့ကို ဒရိုင်ဘာများမှတ်နေလားမသိ။ သူ နှုတ်ခမ်းတစ်ချက်တွန့်ကာ ပြုံးလိုက်ပြီး ...

"ဆောရီး သရဖီ၊ ကိုယ် မအားတော့ဘူး၊ သရဖီ့ကို ဘယ်ကို ပြန်ပို့ပေးရမလဲ ပြော"

"ဟင် ... အခုမှ မအားတော့ဘူး၊ ကိုကို ပြောတော့ ဒီနေ့ တစ်နေကုန်လျှောက်လည်မယ်ဆို၊ အခုမှ ဘယ်က အလုပ်ပေါ်လာရပြန်တာလဲ လို့"

"ဘယ်ပြန်ပို့ပေးရမလဲ"

"ကိုကို"

"သရဖီ အခု ဘယ်ကို ပြန်ပို့ပေးရမလဲ ပြော၊ ပြီးတော့ တစ်ခုထပ်ပြောဦးမယ် သရဖီ၊ ကိုယ် နောက်ကို ဘယ်တော့မှ အားမှာမဟုတ်ဘူး"

"ဒါက ဘာသဘောလဲ ကိုကို"

"သရဖီ့ကို ခပ်းပိန်းပိန်းထဲကလို့ ကိုယ်ထင်မထားဘူးနော်"

"ရှင် သိပ်မိုက်ရိုင်းတယ် ကိုကျော်သား"

"နားလည်မှုမရှိတဲ့ တချို့မိန်းကလေးတွေကလည်း ကိုယ့်ကို အဲလို ပြောကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


“တော်စမ်းပါ၊ ရှင် တစ်နေ့ ဝင့်လည်လိမ့်မယ်”

“မစိုးရိမ်ပါနဲ့ကွာ၊ ကိုယ့်အတွက် လုံးဝ မစိုးရိမ်နဲ့နော်၊ စိတ်အေးလက်အေးသာ ကိုယ့်ဘာသာ အေးဆေးနေ ... အိုကေ”

“ကားရပ်ပေးပါ ကိုကျော်သား၊ ကျွန်မ အခုပဲဆင်းတော့မယ်”

“အို ... နေပါဦး၊ ကိုယ် ပြန်ပို့ပေးမှာပေါ့၊ ဘယ်ကိုပို့ပေးရမလဲသာပြော”

“အဟင်း ... သဘောကောင်းချင်ယောင်ဆောင်မနေပါနဲ့ရှင်၊ ကျွန်မ ရှင့်ကားပေါ်မှာ တစ်စက္ကန့်တောင် မနေချင်တော့ဘူး”

“သြော် ... ဒီလိုလား၊ ဒါဆိုလည်း သဘောပါဗျာ”

သူ ကားကိုရပ်ပေးလိုက်သည်။

“ဂျိုင်း”

ကားတံခါးလေးက တန်ဆာခံပြစ်သွားရှာသည်။

“ထပ်ပြောလိုက်မယ်၊ ရှင် ဝင့်မလည်ပါစေနဲ့”

♥○♥



“အား ... ဒုက္ခပါပဲ၊ ကြီးစိုး နေမကောင်းတော့ လျှံက ဘယ်လိုလုပ်ရမလဲ၊ လျှံ ဒီနေ့ ခေါင်းလျှော်ချင်တာ၊ လျှံ့ ဘာသာလျှော်ရင်လည်း အိုကေမှာမဟုတ်ဘူး”

“ဆိုင်မှာ သွားလျှော်လိုက်ပေါ့ လျှံလေးရယ်။ ဒါမှမဟုတ် မေကြီး လျှော်ပေးရမလား”

“ရတယ် ... ရတယ်၊ မေကြီး မလျှော်ပေးနဲ့၊ လျှံ့ဘာသာ လျှော်ရင်လည်း အိုကေမှာမဟုတ်ဘူး”

လျှံက ပြောပြောဆိုဆိုဖြင့် သူမဘာသာ စီရင်ထားသော တရော်ကင်ပွန်းအနှစ်တွေကို ဘူးထဲထည့်။ သူမရဲ့ ခေါင်းလျှော်တန်ဆာပလာတွေကို အိတ်တစ်လုံးဖြင့် စုထည့်ကာ ...

“ဘယ်ဆိုင်သွားလျှော်ရင်ကောင်းမလဲ မသိဘူး”

“လမ်းထိပ်မှာ ဗြူတီစင်တာတစ်ခု လာဖွင့်တယ်လေ သမီးလေးရဲ့၊ အဲဒီမှာ သွားပြီး Test လုပ်ကြည့်ပါလား”


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... သွားကြည့်ဦးမယ်၊ လျှံ သွားပြီ"

"အေး ... အေး"

"ကြီးစိုး နောက်တစ်ခါ လျှံခေါင်းလျှော်မယ့်ရက်ကို ရှောင်ပြီးဖျားကွာ"

ဂျစ်တိုက်သည့်စကားဖြစ်ပေမယ့် နွဲ့ဆိုးသံမို့ ဒေါ်ကြီးစိုးမှာ တပြုံးပြုံးဖြင့်ကျန်ခဲ့သည်။ မျက်စိတစ်မှိတ်အတွင်းမှာ ကားက အစအနပျောက်သွားသည်။

"သမီးလေး ကားမောင်းကြမ်းတာ ပြောလို့လည်း မရဘူး"

"လူငယ်တွေက ဒီလိုပါပဲ မခင်ရယ်၊ လျှံလေးက ကားမောင်းကျွမ်းကျင်ပါတယ်၊ ဘာမှ မဖြစ်နိုင်ပါဘူး"

"အင်း ... သူ့ကိုကြပ်ကြပ်အလိုလိုက် ဒေါ်စိုးရေ"

"သြော် ... မခင်ကလည်းကွယ်၊ လျှံလေးဟာ သူနေတတ်သလိုနေတာကလွဲရင် မဆိုးပါဘူးကွယ်၊ ဒီလောက်လိမ္မာတဲ့ကလေးကို"

"မလိမ္မာဘူးတော့ မဟုတ်ဘူးပေါ့ ဒေါ်စိုးရယ်၊ ဒါပေမဲ့ ကျွန်မက သူ့ကို ခေါင်းမာတတ်တာကြီးကို စိတ်ပူတာ၊ အရမ်းခေါင်းမာပြီး သူထင်ရာ အမှန်ပဲလုပ်တတ်တော့





တစ်နေ့နေ့ ဆုံးဖြတ်ချက်မှားတာမျိုး ဖြစ်မှာစိုးရိမ်တာပါ၊ အထူးသဖြင့် သမီးလေး အရွယ်ရောက်လာပြီလေ၊ အိမ်ထောင်ရေး ဆိုတာကြီးကို မှားယွင်းစွာ ဆုံးဖြတ်လိုက်မှာစိုးတာ"

"ဒါဆိုလည်း ကိုယ်သဘောကျတာလေး ရှာထားလိုက်ပေါ့ မခင်ရယ်"

"အဲလိုလည်း မလုပ်ချင်ဘူး ဒေါ်စိုးရဲ့၊ ကျွန်မ ရွေးချယ်တာကို သူ့ သဘောမကျမှာ စိုးရိမ်တာပါ၊ ဘေးကနေပဲ ဝိုင်းဝန်းထိန်းပေးကြတာပေါ့၊ ဒေါ်စိုးလည်း သမီးလေးကို သတိထားပေးဦးနော်၊ တစ်ခုခုထူးခြားရင်လည်း ခင့်ကို ပြောဦး၊ ခင်တို့က အမိန့်ပေးတားမြစ်တာမျိုးထက် ဘေးကနေ မသိမသာ ထိန်းပေးတာမျိုးပဲ လုပ်ကြတာပေါ့"

"မခင်ဟာ တကယ့်ကို မိခင်ကောင်းပါပဲကွယ်"

အိမ်မှာ လူကြီးနှစ်ယောက် ရတက်ပွားနေချိန် လျှံကတော့ လမ်းထိပ်က ဖြူးတီစင်တာကို ရောက်နေပြီ။

"အစ်မ ဘာအလိုရှိပါသလဲ ခင်ဗျာ"

"ခေါင်းလျှော်ချင်လို့"

"ဟုတ်ကဲ့ ... ဒီဘက်ခန်းထဲကို ကြွပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုရေးကောင်လေး ခေါ်သွားသည့်နောက်သို့ လိုက်သွားသည်။

"ဒီအစ်မက ခေါင်းလျှော်ချင်လို့တဲ့"

"အိုကေ ... ကိုယ် လုပ်ပေးလိုက်မယ်"

ကောင်တာမှာထိုင်နေသော တစ်ယောက်က ပြောလိုက်သည်။ အရပ်မြင့်မြင့် အမျိုးသားတစ်ယောက်။

"ဒီဘက်ကိုကြွပါခင်ဗျာ"

"လျှံက မိန်းကလေးနဲ့ပဲ လျှော်ချင်တာ"

"ဗျာ"

"မိန်းကလေးရှိတယ်မို့လား"

"သြော် ... အိုကေ ရတယ်၊ စီစဉ်ပေးမယ်နော်၊ မယမင်း သူ့ကို လုပ်ပေးလိုက်နော်"

"လျှံက ကိုယ့်ခေါင်းလျှော်ရည်နဲ့ကိုယ် လျှော်မှာနော်၊ ဒီမှာ လျှံ့ခေါင်းလျှော်ရည်ပါတယ်"

"ရှင်"

"လျှံ့ခေါင်းလျှော်ရည်နဲ့ပဲ လျှော်ပေးပါ"

"သြော် ... ဟုတ်ကဲ့၊ ရပါတယ် အစ်မ"

ကောင်မလေးက ပြုံးစိစိ။ သို့သော် လျှံ့ရဲ့ခေါင်းလျှော်ရည်ကို မြင်လိုက်ချိန်မှာတော့ မျက်လုံးပင်ပြူးချင်သွားသည်။





"ဟို ဘာခေါင်းလျှော်ရည်လဲ အစ်မ"

"ငါက တရော်ကင်ပွန်းကိုပဲ ကြိုက်တယ်၊ ကိုယ်တိုင်ကြိတ်ပြီး အနှစ်တိုက်ထားတာဆိုတော့ သန့်လည်းသန့်တယ်"

ပြောပြောဆိုဆိုဖြင့် သူမ ကျောပိုးအိတ်ထဲက ပလတ်စတစ်လက်အိတ်တစ်စုံကို ထုတ်ပေးပြီး ...

"ဒီလက်အိတ်လေးစွပ်ပြီး လုပ်ပေးနော်"

ယမင်းတော့ ထိုမမလှလှကို သြချချင်သည်။ ဇီဇာကြောင်လိုက်တာဟု တွေးမိရင်း ပိုပြီး ဂရုတစိုက်လုပ်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

ခေါင်းကို ညင်သာစွာ နှိပ်နယ်ပေးရင်း ဆံပင်တွေကို ခပ်ဖွဖွလေးပွတ်ပြီး လျှော်ပေးလိုက်သည်။ ရေဆေးခေါင်းလျှော်ချလိုက်သည်။ ပြီးတော့ လိပ်ဘီးလေးဖြင့် ညင်သာစွာ ဆွဲ၍ ဒရိုင်ယာမှုတ်ကာ အခြောက်ခံပေးသည်။ ဆံပင်မခြောက်ခင်မှာ ...

"ခဏလေးနော်"

ဟုဆိုကာ လျှံ့အိတ်ထဲက စပရေးဘူးလေးထုတ်ကာ ...

"ဒီဟာလေး ဖျန်းပေးပါ၊ အပေါ်ယံရုပ်ပြီး ဖျန်းပေးနော်"

ထို့နောက်မှာတော့ လှပမွှေးအိနေသော သူမ ဆံပင်တွေကို မှန်ရှေ့မှာ စိတ်ကြိုက်လှည့်ပတ်ကြည့်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါပြီ ... အိုကေ"

ဟုဆိုကာ ...

"ဘယ်လောက်ကျလဲ"

"ကောင်တာမှာ ရှင်းလိုက်ပါ အစ်မ။ နောက်လည်း လာခဲ့ပါနော်"

"လာမယ် ... လာမယ်၊ ညီမ လုပ်ပေးတာကို ကြိုက်တယ်"

ပြောပြီး ကောင်တာမှာ ငွေရှင်းကာထွက်သွားသော လျှံ့ကို ကြည့်ကာ ယမင်းက ...

"အား ... စပါယ်ရှယ် လှတာပေါ့၊ ရှေ့ရောနောက်ရော ဆံပင် အကုန်လုံးက တစ်မျှင်မပြတ် တညီတည်းပဲ ဆရာ ရေ၊ တော်တော်လည်း ထူးတယ်၊ အရပ်ကလည်း အမြင့်စား ထဲကနော်၊ ရေလည်မိုက်တယ်ဆရာ"

ယမင်းရဲ့ ပေါက်ပေါက်ဖောက်သံကို အားလုံးက တညီတညာ မေတ္တာဝိုင်းပို့ကြသည်။

"ယမင်း မိန်းကလေးအချင်းချင်းနော်၊ သတိထားပြီး စိတ်ကိုလျှော့ချလိုက်"

"အံမယ် ... တို့က ဆံပင်ကို လှလို့လှတယ်ပြောတာပါနော်"

ဖြူးတီးစင်တာလေးမှာလည်း လျှံ့အကြောင်း ရေ ရွတ်မဆုံး ဖြစ်နေကြသည်။



လျှံ့ကိုယ်တိုင်လည်း နောက်ပိုင်းတွင် ကြီးစိုးကိုပင် မလျှော့နိုင်းတော့ဘဲ ယမင်းနဲ့ ပုံမှန်သွားလျှော့ဖြစ်ကာ ထိုဖြူးတီးစင် ဘာသို့ တစ်ပတ်နှစ်ကြိမ် ပုံမှန်ရောက်ဖြစ်နေတော့သည်။

"မမရဲ့ဆံပင်တွေက ဒီလောက်ကောင်းတာ ပြီးတော့ အရပ် ကလည်း ဟဲဗီးပဲ၊ အင်တာနေရှင်နယ် မီတယ် မမရဲ့၊ ယမင်းဆို မမကို သိပ်အားကျတာပဲ"

"အဟင်း ... ဘုရားပေးသလောက်ပေါ့ ယမင်းရယ်"

"အခု နာမည်ကြီးမော်ဒယ်လ် ရှိုးပွဲတစ်ခုရှိတယ် မမရဲ့၊ ဝင်ပြိုင်မလား၊ မမဆိုဒ်နဲ့ဆိုရင် သရဖူက ပြေးမလွတ်ဘူး"

"ဟာ ဟ ... အဲဒါတော့ တို့က လုံးဝမရတာ ယမင်းရေ၊ ပထမဆုံး ဒေါက်ဖိနပ်ပေါ်ရောက်တာနဲ့တင် ပြုတ်ကျမှာ ဆရာ၊ ကျုပ်က ဒေါက်ဖိနပ်တောင် မစီးတတ်ဘူး"

"မမစတိုင်လ်ကလည်း ထူးဆန်းတယ်နော်"

"အဟင်း"

"မမက လှလည်းလှတယ်၊ မမ မျက်လုံးတွေကို သိပ်ကြိုက် တာပဲ၊ ပြီးတော့ မမက လင်ဆေးလိုဟန်နဲ့ တူတယ်"

"အဲလိုပြောလို့တော့ ကျုပ်က မုန့်ဝယ်ကျွေးမှာ မဟုတ်ဘူး ယမင်းရဲ့၊ ကျုပ်က ဘယ်သူနဲ့မှ မတူချင်ဘူး၊ ကျုပ် တူ ချင်တာ တစ်ယောက်တည်းရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မမ"

"မေမင်းလျှံလေ"

"အင် ... မမကလည်း"

"ဟုတ်တယ် ယမင်းရဲ့၊ မေမင်းလျှံက မေမင်းလျှံပီသနေဖို့ပဲ အရေးကြီးတယ်"

ယမင်းကတော့ ရယ်ပဲရယ်နေခဲ့သည်။

"မမက ဘာလုပ်တာလဲ၊ အရမ်းစပ်စုသလိုဖြစ်နေပြီ"

"ရတယ်၊ ကျုပ်က ဓာတ်ပုံဆိုင်ဖွင့်ထားတယ်၊ Photo Studio အသေးစားလေးပေါ့"

"အိုး ... ဟုတ်လား၊ ယမင်းက ဓာတ်ပုံရိုက်တာ ဝါသနာအရမ်းပါတာ၊ လာအားပေးဦးမယ်"

"လာခဲ့ ... လာခဲ့၊ ဒီမှာ ကျုပ်ဆိုင်ကတ် ယူထားလိုက်"

"ဟုတ်ပြီ မမ၊ ယမင်း လာခဲ့မယ်သိလား၊ သူငယ်ချင်းတွေလည်း ခေါ်ခဲ့မယ်"

"ခေါ်ခဲ့ အလှဆုံးရိုက်ပေးမယ်"

ဓာတ်ပုံအကြောင်းပြောရရင် လျှံ့ရဲ့မျက်လုံးလေးတွေက စိန်ပွင့်လေးတွေပမာ တဖျပ်ဖျပ် လင်းလက်လို့။

♥○♥





လျှံ့ဒီနေ့ ရှောပင်ထွက်ဖြစ်သည်။ ဓာတ်ပုံဆိုင်အတွက် လိုအပ်သည့်ပစ္စည်းလေးတွေ ဝယ်ရင်းပေါ့။ ပြီးတော့ အချိန်ကျန်သေးတာနဲ့ ဆယ့်ကိုးလမ်းဘက် ထွက်လာရင်း ဝက်သားကောက်ညှင်းထုပ် ဝင်စားရင်း ဆိုင်မှဝန်ထမ်းလေးတွေအတွက်ပါ ပါဆယ်ထုပ်သည်။

အဲဒီမှာလေ လျှံ့ဆံပင်တွေက ဒုက္ခပေးတော့တာပဲ။

လေတစ်ချက်အဝှေ့မှာ လျှံ့ရဲ့ ဆံပင်တွေက တစ်စုံတရာနဲ့ သွားငြိမိသွားသည်။

"အ ..."

"ဟာ ... ဆောရီး ... ဩော် ... လျှံ ဆောရီး၊ လျှံ့ဆံပင်က ကျွန်တော့် ဟန်းဒ်ချိန်းနဲ့ ငြိနေတယ်၊ ခဏနော်"

လျှံ ကိုယ်ကို လိမ်ကာ ကြည့်လိုက်တော့ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ကောင်လေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဆိုပေမယ့် လွှံ့ထက် နှစ်နှစ်ခန့်ကြီးမည် ထင်သည်။ သူက ဆံပင်တွေကို ခပ်ဖွဖွကိုင်ပြီး ဖြေပေးသည်။

"ဆောရီးပါ လွှံ့"

"ရပါတယ်၊ ကျွန်မ ဆံပင်က လာငြိတာပဲ"

"ဒီလို လူရှုပ်တဲ့အထဲသွားရင်တော့ ဆံပင်တွေကို ရှေ့ကို ဆွဲသိမ်းထားသင့်တယ်"

"အဲဒါ ကျွန်မ ကိစ္စပါ"

"ဆောရီး"

"နေပါဦး၊ ရှင်က ကျွန်မကို ဘာလို့သိနေရတာလဲ"

"ကျွန်တော်က (... ...)မြူးတီးစင်တာကလေ"

"ဪ ..."

"မနက်ဖြန် လွှံ့ ခေါင်းလျှော်မယ့်ရက်နော်"

ပြောစရာမရှိဘဲ စကားစရှာနေသော သူ့ကို နည်းနည်းတော့ အမြင်ကတ်စွာဖြင့် ...

"လွှံ့ ခေါင်းလျှော်မယ့်ရက်က ရှင်နဲ့အနေသာကြီးထင်တယ်နော်၊ ပြီးတော့ လွှံ့ရဲ့ပါတနာက ယမင်းပဲ၊ ရှင်မှမဟုတ်တာ"

ပြောပြီး သူ့အနားက လှည့်အထွက် အမှတ်မရှိတဲ့ ဆံပင်တွေက လေပြည်၏မြူဆွယ်မှုဖြင့် သူ့ဟန်းဒ်ချိန်းမှာ တစ်ခါ ထပ်ငြိပြန်သည်။





"အာ"

"ခဏနော် လွှံ့၊ ကိုယ် ဖြေပေးမယ်၊ လွှံ့က ပြန်ချင်ပေမယ့် သူတို့ကတော့ ကိုယ့်ဟန်းဒ်ချိန်းနဲ့ မိတ်ဆွေဖြစ်နေကြတယ် ထင်တယ်၊ ဪ ... လွှံ့ ကိုယ့်နာမည်က ..."

"တော်ပါ ရှင့်နာမည် သိစရာအကြောင်းမှ မရှိတာ"

"အဟွန်း ... လွှံ့ စွာတာကလည်း တစ်မျိုးလေးပဲ"

သူ ဒီတစ်ခါတော့ သူ့နားက တကယ်ထွက်လာခဲ့ပါပြီ။ ဆံပင်တွေကိုလည်း မသိမသာလေး လက်ဖြင့် ဆွဲစုကိုင်ထားလိုက်သည်။ ပါးစပ်ကလည်း မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ...

"ဟွန့် ... မြူးတီးစင်တာကဆိုတော့ သူလည်း ခြောက်ခြင်းတစ်ပါးပဲနော်၊ အဲလိုဟာတွေနဲ့များ ပတ်ကိုမပတ်သက်ချင်ဘူး"

လွှံ့စိတ်ထဲကနေ အသံတိတ်မေတ္တာပို့နေရင်းနဲ့ ကားပေါ်တက်ကာ စက်နှိုးလိုက်သည်။ အဲ ... ကားရှေ့မှန်မှာကပ်ထားသော စတစ်ကာတစ်ခု။ အပြင်ဘက်က ကပ်ထားတာမို့ လွှံ့ ကားထဲကပြန်ထွက်ကာ ထိုစတစ်ကာကို ဆွဲခွာလိုက်သည်။

"I Love May Lay."

"တောက် ... ဘယ်ကောင် လက်ကမြင်းသွားလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စတစ်ကာကို လုံးချောကာ ဖိနှပ်ဖြင့် ဖိနင်းပစ်လိုက်သည်။

ကားလေးက စက်ဂီယာထက် ဒေါသဂီယာက ပိုပြင်းကာ ဝေါခနဲ။ မေမင်းလျှံသာ နောက်ကြည့်မှန်ကို ကြည့်မိလျှင် ပခုံးတွန့်ကာ ပြုံးထေ့ထေ့ စိုက်ကြည့်နေသော မျက်နှာတစ်ခုကို တွေ့ရမည်ပင်။

မာတ်ပုံတိုက်ရောက်တော့ ...

"ဟိတ် ... ဒီမှာ ရှင်တို့အတွက် ဝက်သားကောက်ညှင်း ထုပ်ပါတယ်"

"ဝေး ... မမလျှံ ဒီထက်ချမ်းသာဦးမှာ"

"ဒီထက် ပိုလှဦးမှာ"

"ဒီထက်ပို ..."

"တော်စမ်းပါဟာ၊ ငါ့ကို မြှောက်အောင်လည်း မမြှောက်နိုင်ဘဲနဲ့၊ မြှောက်မနေကြစမ်းနဲ့"

"ဟဲ ဟဲ ... မမြှောက်သော်လည်း နှောက်ထပ်ဝယ်လာချင်စိတ် ပေါက်အောင်ပေါ့ဗျာ"

မေမင်းလျှံရဲ့ စတူဒီယိုလေးမှာ ကောင်မလေးနှစ်ယောက်နဲ့ ကောင်လေးငါးယောက် စုစုပေါင်း ဝန်ထမ်းခုနစ်ယောက်ပါ။ ဒါပေမဲ့ ထိုခုနစ်ယောက်လုံးက မေမင်းလျှံ စိတ်ကြိုက် ဆန်ကာတင်ရွေးထားသောသူတွေမို့ အလုပ်ကြိုးစားကာ ဖျတ်လတ်သွက်လက်ကြသူများဖြစ်ပြီး အားလုံးက အသက်အစိတ်မကျော်ကြသူ လူငယ်တွေချည်းမို့ ဟေးလားဝါးလားနှင့် စည်ကားနေသည်။ ပြီးတော့ အလုပ်ကိုလည်း စေတနာထားကြကာ ဖြစ်သလို ပြီးပြီးရော မလုပ်သဖြင့် 'မေ'ဓာတ်ပုံတိုက်ရယ်ဟု နာမည်ရလာခဲ့ခြင်းပင်။

"ဖိုးချွန်ရေ ဒေါ်ပင်ကြီ လာပြီ"

"ဟိုက် ... ငါ ပြေးတော့မယ်"

"Regular Customer (လာနေကျဖောက်သည်)ကို အဲလို မဆက်ဆံရဘူးလေကွာ"

သူများတကာတွေကို စတတ်နောက်တတ် ချွန်တွန်းလုပ်တတ်သဖြင့် ဖိုးချွန်တွင်နေရသော ဓော်လေးမှာ ရှုံ့မဲ့နေသည်။ ထိုမမပင်ကြီကလည်း ဖိုးချွန်ရိုက်ပေးမှ၊ ပြီး ကွန်ပျူတာထဲထည့်ပြီး သူမရဲ့ ဟဲဗီးဝိတ်ဖြစ်နေရှာသော လက်မောင်းတွေကို ဖြတ်သုပ်ကပ် လုပ်ခိုင်းလိုလုပ်ခိုင်း၊ ပြီးရင် မျက်နှာက အမည်းစက်တွေ ဖျောက်ပါဦး၊ ဟိုနားကလိုလို ဒီနားက ဒီလို ကြေးထူမဆုံး လုပ်တတ်လွန်း၍ ဖိုးချွန် လန့်နေတာပင်။

♥ ○ ♥







www.burmeseclassic.com

www.burmeseclassic.com



"ဇော်လေး ရှိလား"

"ဩော် ... ဟုတ်ကဲ့ မမ၊ ရှိပါတယ်ခင်ဗျ၊ ဟော့ကောင်ဖိုးချွန် မင်း မမလာတယ်"

"အဟဲ ... မမ"

"အေး ဇော်လေး၊ လိုင်စင်ပုံ ရိုက်ချင်လို့"

"ဒီဘက်ကြွပါ မမ၊ အတော်ပဲ မမလျှံရှိတယ်၊ မမလျှံ ရိုက်ပေးလိမ့်မယ်၊ မမလျှံ ရိုက်ပေးလို့ကတော့ မမ ပုံတွေ အရမ်းလှသွားမှာ သေချာတယ်"

"လိုင်စင်ပုံက ကောင်းဖို့ပဲ လိုတာပါကွယ်၊ ဇော်လေးပဲ ရိုက်ပေးပါ၊ တို့က ဇော်လေးရိုက်တာပဲ ခံချင်တာ"

"ဗျာ"

"ဩော် ... ဇော်လေးနဲ့က ရိုက်ဖူးလက်စ အဆင်ပြေလက်စမို့လား၊ ဇော်လေးပဲ ဘာတွေပြင်ရမယ်ဆိုတာ သိလက်စ၊ မမက အဲဒါကို ပြောတာပါ ... အဟင်း"





"ဟူး"

အဲဒီနောက် မမပင်ကီက ...

"ဇော်လေး မနက်ဖြန် အားလား"

"ဗျာ ... ဘာဖြစ်လို့လဲ မမ"

"ဩော် ... မနက်ဖြန် မမမွေးနေ့မို့ အိမ်မှာ ဘုန်းကြီးလေး ပင့်ပြီး ဆွမ်းကပ်မလို့လေ၊ အဲဒါ ဇော်လေးကို ဖိတ်ချင်လို့"

"မွေးနေ့ဆိုတော့ မွေးနေ့လက်ဆောင်ပါမှ လာလို့ရမှာပေါ့နော်"

"အမလေး ... ဘာလက်ဆောင်မှ ပါစရာမလိုဘူး၊ လူလာရင်တော်ပြီ"

ကျွန်သည့်ခြောက်ယောက်ဆီမှာ ရယ်သံတွေ တစွန်းတစ ထွက်လာသည်။

"လာမှာလား"

"ဟုတ်ကဲ့ လာပါ့မယ်၊ မနက်စာ သက်သာလည်း မနည်းဘူး"

"အိုကေလေ၊ ဒီမှာ မမ လိပ်စာ၊ ပုံတော့မမေ့ပြာနဲ့နော်၊ မမ မနက်ကျရင် မျှော်နေမှာ"

ဒေါ်ပင်ကီက ဆိုင်ထဲက ထွက်ကာနီး ...



www.burmeseclassic.com

www.burmeseclassic.com



"သြော် … ဇော်လေး၊ လိုင်စင်ပုံဆိုပေမယ့် မျက်နှာပေါ်က တင်းတိပ်မည်းနေတဲ့နေရာလေးတွေတော့ အဆင်ပြေအောင် လုပ်ပေးဦးနော်"

"စိတ်ချလက်ချသာသွား မမရေ၊ အကောင်းဆုံးဆိုတာတောင် ဒီလောက်ကောင်းမှာ မဟုတ်ဘူး"

"အို … ဇော်လေးကလည်း"

ရက်ကိုးရက်ကန်းဖြင့် ထွက်သွားသော ဒေါပင်ကီကို ကြည့်ကာ တစ်ယောက်ကထပြီး …

"အိုး … ဇော်လေးကလည်း"

ဖိုးချွန်ခေါ် ဇော်လေးကတော့ စိတ်ကုန်သည့်အမူအရာဖြင့် ခေါင်းတခါခါ …

"ငါတော့ တောထွက်ရမယ့်ကိန်း ဆိုက်နေပြီထင်ပါရဲ့ကွာ၊ ဣတ္ထိယခေါ် မိန်းမတို့သည် မရှိမကောင်း ရှိမကောင်းတည်း"

"သြော် … ဇော်လေး ဖိုးချွန်၊ ဖိုးချွန် ဇော်လေး"

"အဲဒီလို ကရုဏာသက်နေရင်လည်း နင်သာ ငါ့ကို ကြိုက်လိုက်ပါတော့ ပပရယ်"

"သေပါလား မသာရဲ့"





"အဲလောက် ချစ်တယ်လား"

အဲဒီလိုပဲ သူတို့ရဲ့ စတူဒီယိုလေးက လူပ်ရှားသက်ဝင်ကာ မမပင်ကီ ဆိုသော ခေါင်းစဉ်ကို မေ့သွားကြပြန်သည်။

ထိုအချိန်မှာ ဆိုင်ထဲ အမျိုးသားတစ်ယောက် ဝင်လာသည်။ ထိုအမျိုးသား၏ ပုံစံက ခေတ်ရေစီးကို တစ်လန့်လောက်ပြေးတယ်ပဲပြောရမလား၊ ခေတ်နောက်ပြန်ဆွဲတယ်ပဲ ဆိုရမလား။

ဝေခွဲမရဖြစ်ခြင်း အကြောင်းရင်းကတော့ သူ့နားက စိန်ဖူးနားကပ်ကြီးကြောင့်ပင်။

ပြီးတော့ သူ့ဆံပင်အရှည်တွေကို အပြောင်သိမ်းထားသဖြင့် သူ့ရဲ့ မဟာနဖူးက ဂျယ်လ်အရောင်ဟပ်ကာ ပြောင်လက်နေသေးရဲ့။ သူ့ရဲ့ ကပ်သောက်ဆံပင်တွေကို နောက်မှ စုစည်းထားသည်မို့ ကြက်တောင်စည်းက ထိုးထိုးထောင်ထောင်ဖြစ်ကာ ရယ်ချင်စရာကောင်းသော်လည်း မျက်ခုံးနဲ့ နားထင်ကြား ကိုးဆယ်ဒီဂရီချကာ ဖောက်ပြီးစွပ်ထားသော သံကွင်းတွေကတော့ အော်လ်တာလိုလို ပန့်ခ်လိုလိုဖြင့် အဲဒါက သူ့မျက်နှာပေါ်က လိုက်ဖက်မည့်သော အချိုးအချိတ်မကျမှုများပေါ့။

မျက်နှာရဲ့အောက်ကို ဆင်းလိုက်ဦးမလား၊ ထိုမျက်နှာနှင့် မလိုက်ဖက်လှသော တီရှပ်လက်ရှည်ကို ဘောင်ဒီဖစ် ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားကာ အောက်မှာတော့ ချည်ပုဆိုးပတ်လည်စင်းကြီးနဲ့ ဖိနပ်ကကန်းထရီးဘု(ထ်)အရှည်။

ဒါတောင် လက်က လက်စွပ်ပြူးပြူးပြိုပြို အရိုးခေါင်းပုံတွေမပါသေး။ ခြုံငုံ့ပြောရရင်တော့ စတိုင်လ်မျိုးစုံသောတစ်နည်းအားဖြင့် ဘာစတိုင်လ်မှန်းပင် မသိသော ဒီဇိုင်းမျိုးနှင့် ...

"ဓာတ်ပုံရိုက်ချင်လို့"

ဘယ်ခေတ်က မော်ဒယ်လ်ပါလိမ့်ဟု ငေးနေကြသူများ အသက်ဝင်သွားကာ ထိုသူကို ဆက်တင်ခန်းထဲခေါ်သွားကာ မေမင်းလှျံဆီ ခေါ်သွားလိုက်သည်။

"မမလှျံ"

"ဩော် ... လာလေ မောင်လေး"

"ဓာတ်ပုံရိုက်မယ့်သူပါ"

"ဩော် ... အိုကေ ... အိုကေ"

လှျံက သူ့ပုံကို စေ့စေ့ကြည့်မိသွားပြီး အနည်းငယ်ရယ်ချင်သွားသော်လည်း ...

"ရှင့်ဖက်ရှင်က ဆန်းသစ်တယ်၊ ရှင် အိုင်ဒီယာမဆိုးဘူးပဲ၊ ဒီအပြင်အဆင်မျိုး ဆိုရင်တော့ အလှပုံထင်တယ်"

"နိုး နိုး ... ကိုယ်က မော်ဒန်အဆန်ဆုံးပုံမျိုး ရိုက်ချင်တာ"





"ဟုတ်ပါပြီရှင်"

ထိုနေ့က မေမင်းလှျံ ခါးကောင့် ခြေညောင်းနေအောင်ပင် သူ့တစ်ယောက်တည်းနှင့် အချိန်ကုန်သွားရသည်။

သူ့စိတ်ကြိုက်ဖြစ်တော့မှပင် ရပ်သွားကာ ...

"ကိုယ့်ပုံတွေကို တစ်နေ့ ငါးပုံနှုန်း လာရွေးမယ်ဆိုရင်ရမလား၊ ငွေတော့ အကျေရှင်းခဲ့မှာနော်၊ ပုံကိုသာ တစ်နေ့ငါးပုံ လာယူမှာ"

"ရပါတယ်ရှင်၊ ကျွန်မတို့ဘက်ကတော့ အဆင်ပြေပါတယ်"

"အိုကေ ... စိတ်ရှည်သည်းခံရိုက်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်တယ် မေမင်းလှျံ၊ ကိုယ့်နာမည် ကျော်သားပါ"

လှျံ မျက်လုံးတစ်ချက်ပင့်ပြီးမှ ဒါဟာ ကိုယ့်ကိုချဉ်းကပ်ခြင်းတစ်မျိုးပါလားဟု သဘောပေါက်လိုက်ကာ မထိတထိ ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ တကူးတကကြီးကို လာအားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး မေမင်းလှျံ၊ ကျေးဇူးထက် ကျော်သားဆိုတဲ့နာမည်တစ်လုံး မေမင်းလှျံရဲ့ မှတ်ဉာဏ်တွေထဲ ဝင်သွားဖို့သာ အဓိကပါ"



www.burmeseclassic.com

www.burmeseclassic.com

မေမင်းလျှံက သူ မကြားအောင် ခပ်တိုးတိုးမေတ္တာ ပို့လိုက်သည်။

"ရှုပ်ကွယ်"

♥ ○ ♥





ထို့နောက်မှာလည်း ကျော်သားရဲ့ ခြေလှမ်းတွေက ဒိပ်သလားတော့မပြောပါနဲ့၊ တစ်နေ့တစ်မျိုး မရိုးစေရ။

သူ ရိုက်ထားသော ဓာတ်ပုံငါးဆယ်ကို တစ်ရက် ငါးပုံနှုန်းဖြင့် ဆယ်ရက်တိတိ လာယူသည်။

လာတိုင်းလည်း ဓာတ်ပုံကို အေးအေးဆေးဆေး ယူသွားသည်မရှိ ဆေးကမှုန်နေတယ်၊ အလင်းတွေ များနေသလိုပဲ၊ ဒီနေရာလေး ပြင်ပေးပါလား စသည်ဖြင့် ငါးပုံကို ငါးမျိုး ကြေးများပြီး ယူသွားသည်ချည်းသာ။

မေမင်းလျှံနှင့် ဆုံသည်လည်း ရှိသည်။ မဆုံသည် လည်းရှိသည်။

ဒါပေမဲ့ မေမင်းလျှံသာမက ဆိုင်ကတစ်ဖွဲ့လုံး သူ့ ကို ကောင်းစွာမှတ်မိသွားသည်။ သူ့ကိုသိသည့်နှင့်အမျှ တစ်ယောက် စနှစ်ယောက်စဖြင့် သူ့အကြောင်းတွေကပါ လူ့သတင်း လူချင်း ဆောင်လာကြကာ ...


www.burmeseclassic.com

www.burmeseclassic.com



ထို ကျော်သားသည် လူရှုပ်လူရှုပ်တစ်ယောက် ဖြစ်ကြောင်း သူ၏ အဓိကပြစ်ချက်မှာ မိန်းကလေးတစ်ယောက်ကို ရည်းစားဖြစ်ပြီးလျှင် တစ်လထက် ပိုမတွဲတတ်သည့်အချက်ပင် ဖြစ်သည်။

ထိုသို့သိလိုက်ရသည့်အခါ လူထဲက လူဖြစ်သည့် မေမင်းလျှံသည်လည်း နှာခေါင်းရှုံ့ကာ ကျော်သား၏ ယောက်ျားမာယာများအား ဥပေက္ခာပြုထားလိုက်သည်။

ကျော်သားကလည်း ခါတ်ပုံငါးဆယ်ကို ကိုးရက်တိတိ လေးဆယ့်ငါးပုံလာရွေးပြီး နောက်ဆုံးလက်ကျန်ငါးပုံကို ချန်ထားသည်။ တစ်ရက် နှစ်ရက်ဖြင့် တစ်ပတ်နှစ်ပတ်သာ ကြာလာသည် လာမရွေးတော့။

တစ်နေ့သ၌ ...

မေမင်းလျှံ အိမ်ကထွက်လာတော့ ကျော်သားရဲ့ ကားက နောက်က ကပ်ပါလာသည်။

မေမင်းလျှံရဲ့ မိုဘိုင်းလ်ဖုန်းမှာလည်း သူမ မသိသော နံပါတ်တစ်ခုဝင်လာသည်။ မေမင်းလျှံက ကားမောင်းရင်း ဖုန်းပြောသည့်အလေ့အကျင့် မရှိသဖြင့် ဖုန်းကိုမကိုင်ဘဲ ကားဆက်မောင်းနေသည်။ ဖုန်းက တစ်ချိန်လုံး အဆက်မပြတ် ထပ်ကာ





ထပ်ကာ ဝင်နေသဖြင့် လမ်းဘေးကပ်ပြီး ကားကို ရပ်လိုက်ကာ န်းကို ဖွင့်နားထောင်လိုက်သည်။

“ဟဲလို”

“မေ ကိုယ်ပါ”

“ဘယ်သူပါလဲ”

“ကိုယ်ပါ”

“ဘယ်ကို ဆက်တာလဲ”

“မေ့ဆီကို ဆက်တာလေ”

“ရှင် ဖုန်းမှားနေပြီထင်တယ်”

“လုံးဝမမှားတာ သေချာတယ် မေရဲ့၊ ဘာလို့လဲဆိုတော့ မေ ဖုန်းပြောနေတာကို ကိုယ် တွေ့နေရလို့ပဲ”

“ဟင် ... ရှင် ဘယ်မှာလဲ”

“အဟွန်း ... ဟွန်း”

မေမင်းလျှံ ခေါင်းကို ဘယ်ညာလှည့်ကာ ဘေးဘီကို ကြည့်လိုက်တော့မှ မိမိကားနောက်မှာ ကားတစ်စီး ကပ်ရပ်ထားပြီး ထိုကားပေါ်မှာ ကျော်သား ဆိုသော မေတ္တာရှင်။ လျှံ လှည့်ကြည့်လိုက်တော့ ဖျတ်ခနဲ မျက်လုံးမှိတ်ပြသည်။ လျှံ သည်လိုအပြုမျိုးကို သိပ်မုန်းတာပဲဆိုတာ သင်း မသိလေရော့သလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘာကိစ္စ လိုက်နှောင့်ယှက်နေတာလဲ၊ ယုံ့ သိပ်အား နေလား"

"အို ... ကမ္ဘာပေါ်မှာ အလုပ်အရှုပ်ဆုံးလူသားတွေတောင် ကိုယ့်ကို မီမှာမဟုတ်ဘူး မေ၊ အဲဒီလောက် မအားတဲ့ကြား က ကိုယ်က မေ့ကို တကူးတက အချိန်ပေးထားတာနော်"

"ကျွန်မကပဲ ဂုဏ်ယူရတော့မလိုပဲ"

"ဂုဏ်ယူလိုက်စမ်းပါ မေရဲ့၊ ကမ္ဘာပေါ်မှာ မိန်းမတွေအများ ကြီးပဲ၊ အဲဒီအထဲမှာ ကိုယ်က မင်းကို ရွေးပြီးစိတ်ဝင်စား သွားတာဆိုတော့"

"သေစမ်းပါ၊ ရှင် ကားမှန်ကို ခေါင်းနဲ့တိုက်ပြီး သေပစ်လိုက် ပါလား ကျော်သားရဲ့၊ အဲလိုလာမကြွနဲ့၊ အဲဒီတော်ကီတွေ က မထိရောက်ဘူး"

"အိုကေလေ မေ၊ ဒါဆိုရင် ကိုယ် ဒီတစ်ညလုံး မအိပ်ဘဲ စဉ်းစားလိုက်ဦးမယ်၊ မေ့ကို ဘယ်စကားလုံးနဲ့ ချွေရမလဲ လို့လေ"

ပြောပြီးပြီးချင်း သူက အရင်မှန်းကို ပိတ်ပစ်လိုက် ပြီး ကားကို ဘက်ခ်ဆုတ်ကာ မေမင်းလျှံရဲ့ကားကို ဖြတ်ကျော် မောင်းထွက်သွားသည်။





"အရူးကောင်"

မေမင်းလျှံ၏ နှုတ်ဖျားမှ ပျစ်ပျစ်နှစ်နှစ် မေတ္တာပို့သံ ထွက်လာသည်။

ထို့နောက် ဆိုင်မှဝန်ထမ်းကောင်လေးတစ်ယောက် ဆေးရုံတက်နေသဖြင့် ဆေးရုံဝင်ကြည့်ပြီး လိုအပ်တာကူညီရန် မေးမင်းလျှံ ဆေးရုံကြီးကို ထွက်လာလိုက်သည်။

ဆေးရုံဝင်းထဲတွင် ကားပါခ်ကင်ထိုးနေတုန်း ...

"လျှံ"

"ဩော်"

မြူတီပါလာက တစ်ယောက်။ ဒီနေ့တော့ လောက ကြီးက သာသာယာယာကိုမရှိ။

"လျှံ ... ယမင်းဆီလာတာလား"

"ဟင် ... ယမင်း ဘာဖြစ်လို့လဲ"

"လျှံမသိဘူးလား၊ ယမင်း အစာအိမ်ပြန်ဖြစ်လို့လေ၊ ဆိုင် မှာ အလုပ်လုပ်နေရင်း ဗိုက်တွေမတရားအောင့်လာတာနဲ့ ဆေးခန်းပြတော့ ဆေးရုံတင်ခိုင်းလို့၊ အစာအိမ်အချဉ် ပေါက်တယ် ပြောတာပဲ"

"ဟုတ်လား ... လျှံ မသိဘူး၊ ဘယ်တုန်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ဆို သုံးရက်ရှိပြီ၊ လျှံရော ဘယ်လာတာလဲ"

"ဆိုင်က ကောင်လေးတစ်ယောက်လည်း ဆေးရုံတက်နေလို့ လာကြည့်တာ"

"ကိုက်ဆိုင်တယ်နော်"

"ဘာကိုပြောတာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး၊ ကိုယ် ယမင်းဆီသွားမလို့ လိုက်ဦးမလား"

"အင်း ... လျှံ လိုက်ခဲ့မယ်"

ယမင်းဆီရောက်တော့ ...

"ဟော ... ကိုတူး လာပြီ၊ ဟင် ... မမလျှံ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"လျှံလည်း အသိတစ်ယောက်ဆီ လာတာ၊ ဒီရောက်တော့ သူနဲ့ဆုံပြီး ယမင်း ဆေးရုံတက်နေတယ်ဆိုလို့"

"ဟုတ်တယ်၊ ယမင်းက အစာအိမ်ရှိတာ မမလျှံရဲ့၊ အဲဒါကို မေ့ပြီး အလုပ်စိတ်ဝင်သွားရင် အစားက ပုံမှန်မစား ဖြစ်တော့ဘူး၊ အဲဒါနဲ့ပဲ ရောဂါက ထဖောက်တာ"

"ဟိတ်... နောက်ဆိုရင် ဆင်ခြင်ကွ၊ တော်ကြာ ကိုယ်က မညှာမတာ ခိုင်းနေတယ်လို့ ထင်နေကြဦးမယ်"





"အို ... ကိုတူးကလည်း ယမင်းကိုယ်တိုင်က လောဘကြီး တာပါ၊ ဩော် ... မမလျှံ ဒါက ယမင်းတို့ ဖြူတီပါလာပိုင် ရှင်လေ၊ ကိုထက်ဆင့်ထူးတဲ့"

"ရှင် ... ထဆင်ထူး (မြန်မာဗျည်းအက္ခရာ 'ထ'ကို ဆိုလို၏)"

"အာဗျာ ... ထက်ဆင့်ထူးပါ၊ အဲလိုပဲ ကျွန်တော့်နာမည်ကို ထဆင်ထူးနဲ့ အမြဲမှားကြတယ်"

"ကိုထူးကတော့ မမလျှံအကြောင်း သိပြီးသားဆိုတော့ အထူးတလည် မပြောပြတော့ဘူးနော်"

"ဟာ ... ယမင်းကလည်း"

"ဟုတ်တယ်လေ၊ ကိုထူးက မမလျှံရဲ့ အိမ်လိပ်စာအစ Biography(အတ္ထုပ္ပတ္တိ)အဆုံး အကြမ်းဖျင်းသိထားပြီးပြီဆို"

"ဟာ ... ယမင်းကလည်း ကိုယ်သွားတော့မယ်၊ ဩော်... ရော့ ဒီမှာ ယမင်း လိုနေမှာစိုးလို့ ငွေယူထားလိုက်ဦး"

"ယမင်းဆီမှာ ရှိပါသေးတယ်"

"ရှိလည်းယူထားလိုက်၊ ပိုတာလိုတာ နောက်မှရှင်းတာပေါ့"

"ဟုတ်ကဲ့ ကျေးဇူးပါ ကိုထူး"

"ရတယ်၊ ညည်း ကျန်းမာရေးပဲ ဂရုစိုက်၊ ငွေရေးကြေးရေး ကို ခေါင်းထဲမထည့်နဲ့ သွားပြီ၊ လျှံ ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လျှံကတော့ အသိအမှတ်ပင်မပြု။ မသိချင်ယောင်ဆောင်နေသဖြင့် သူ့ရင်ထဲ မကောင်းတော့ဖြစ်သွားမိသည်။ ဆံပင်ထူအိအိတွေ ဝန်းရံထားသော အခြယ်အသမဲ့ မျက်နှာဝင်းဝင်းလေးကို တစ်ချက်စိုက်ကြည့်ကာ လှည့်ထွက်သွားသည်။ သူ ထွက်သွားမှ လျှံ့ဆီက အသံထွက်လာသည်။

"ယမင်း ဘာလိုသေးလဲ၊ တို့ ဘာကူညီပေးရမလဲ"

"ရပါတယ် မမလျှံ၊ အားလုံး အဆင်ပြေပါတယ်၊ ကိုထူးကပဲ အားလုံးကူညီပေးထားတာ၊ ယမင်းက သက်သာနေပါပြီ၊ သူက တစ်ရက်နှစ်ရက်တော့ နားနားနေနေ နေလိုက်ဦးဆိုလို့သာ"

"အေးလေ ... နားလိုက်ဦးပေါ့၊ ဒါနဲ့ ယမင်းရဲ့မိဘဆွေမျိုးတွေရော"

"ယမင်းက နယ်ကလေ မမလျှံ၊ ဒီမှာ အဆောင်နေပြီး အလုပ်လာလုပ်နေတာ၊ အိမ်က လူတွေသိရင် စိတ်ပူမှာစိုးလို့ အကြောင်းမကြားတော့ဘူး၊ စိတ်ပူရ လိုက်လာရနဲ့ ဒုက္ခများမှာစိုးလို့၊ ဒီမှာ ကိုယ်လည်း အဆင်ပြေတာပဲလေ၊ အလုပ်ရှင်ကလည်း အရမ်းသဘောကောင်းတယ် မမလျှံ၊ ကိုထူးက ပြည့်တယ်၊ ခုဆို ယမင်းကို သူ့ဘာသာစိုက်ပြီး





ဆေးရုံတင်ပေး၊ စပါယ်ရှယ်နာ့စ် ငှားပေးနဲ့၊ ပြီးရင် အဲဒီပိုက်ဆံတွေ ပြန်ဆပ်ရင်လည်း ယူမှာမဟုတ်ဘူး၊ မိသားစုလိုပဲသဘောထားလို့ ယမင်းတို့ ကံကောင်းတယ်"

ယမင်း စကားတွေကြောင့် ယောက်ျားပီသသောသူ့ရဲ့ တည်ကြည်အေးဆေးသော ရုပ်သွင်ကို ဖျတ်ခနဲ မြင်ယောင်သွားသည်။ ထို့နောက် ယမင်းကို နှုတ်ဆက်ကာ မိမိဝန်ထမ်းကောင်လေးကိုဝင်ကြည့် လိုအပ်တာတွေကူညီပြီး ပိုက်ဆံလည်း ထောက်ပံ့ခဲ့သေးသည်။ ကောင်လေးနဲ့ သူ့မိသားစုမှာ ကျေးဇူးတွေ အထပ်ထပ်တင်လို့။

ဪ ... ငွေဆိုတာ ပိုလျှံနေသည့်သူတွေအတွက် အသေးသုံးပေးကမ်းမှု။ လိုအပ်နေသူတွေအတွက်ကျတော့ ပြဿနာတစ်ခု(ကျန်းမာရေး၊ ပညာရေး စသဖြင့်) ဖြစ်နေပြန်သည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## "ကျော်သား"

ကျော်သား ဆိုတာ ခပ်ပျော်ပျော် နေတတ်တဲ့ လူငယ်လေးတစ်ယောက်ပေါ့။ ငယ်စဉ်ကတည်းက မိဘမဲ့ခဲ့တဲ့ ကျော်သားဟာ အဘိုးအဘွားရဲ့ လက်ပေါ်မှာ ကြီးပြင်းလာရတာ ဖြစ်ပြီး ထိုအဘိုးအဘွားတွေကလည်း ကျော်သားကို မိဘမဲ့မျက်နှာငယ်လေးမို့ အသနားပို အလိုလိုက်ခဲ့ကြတာတွေကြောင့်ပဲ ကျော်သားဟာ ဆိုးသွမ်းသူလေး ဖြစ်နေသလား မသိ။

ဒါပေမဲ့ ကျော်သား လိမ္မာတာ တစ်ခုတော့ရှိသည်။ အဲဒါက စီးပွားရေးကို စိတ်ဝင်တစား လုပ်တတ်ခြင်းပင်။ အဘိုးအဘွားတို့၏ တစ်ဦးတည်းသောမြေးမို့ အဘိုးအဘွားတွေ အသက်ကြီးလာတော့ လက်ငုပ်လက်ရင်းဖြစ်သည့် ပွဲရုံလုပ်ငန်းတွေကိုလည်း ကြီးကြပ်ဖို့ လွှဲယူသေးကာ အဘိုးကို အငြိမ်းစားယူစေလိုက်သည်။





ထိုမှုမက သူဝါသနာပါသော အလုပ်တစ်ခုကတော့ အမျိုးသားဝတ် ဖက်ရှင်ဆိုင်တစ်ခု ဖွင့်ချင်တာပင်။ သို့နှင့် ဖိနပ်မှအစ ဦးထုပ်အဆုံးရသော အမျိုးသားသီးသန့် K new Fashion ဆိုင်လေးကိုလည်း ဖွင့်ထားသည်။ K new Fashion မှာက သမားရိုးကျ ပုံတွေထက် ဖက်ရှင်ဆန်းဆန်း ပုံဆန်းဆန်းလေးတွေကို ရှားရှားပါးပါး တွေ့ရတတ်သည်။

ထိုမှုသာမက အရောင်တွေဆိုလည်း ရှားပါးသော ခရေဇီကာလာလေးတွေ တွေ့ရတတ်သည်မို့ ကျော်သားရဲ့ဆိုင်ကို မော်ဒယ်လ်တွေ အဆိုတော်တွေ အနုပညာအသိုင်းအဝိုင်းကလူတွေ လာကြတာများသည်။

ဘာပဲဖြစ်ဖြစ် ကျော်သားရဲ့ "K new"က အောင်မြင်သွားတာပင်။ ပြီးတော့ ဆိုင်ခွဲပင် တစ်ဆိုင်ထပ်ဖွင့်ထားရသည်မို့ သူ့ကိုချစ်သော အဘိုးအဘွားတွေမှာ သူတို့ချစ်သောမြေးအတွက် ဂုဏ်ယူမဆုံး။

ဒါက ကျော်သားရဲ့ ကောင်းတဲ့အချက်တွေပေါ့နော်။

အဲဒီအချက်တွေကလွဲရင် ဒီအချက်တွေကိုသာ ဖယ်လိုက်ရင်တော့ ကျော်သားဟာ လူဆိုးလေးတစ်ယောက်ပါ။ ဆေးလိပ်ဆိုလည်း ကြဲရင်ကြဲသလို။ ဘီယာ အရက်ဆိုရင်လည်း အပေါင်းအသင်းနဲ့ ဆုံရင်ဆုံသလို မကင်းတတ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထို့ထက်ပိုဆိုးသည်က ကျော်သား ရုပ်သည့်ကိစ္စပင်။ ကျော်သားဟာ မိန်းကလေးတွေကို ကစားစရာအရုပ်ပမာ။ ကျော်သားဟာ မိန်းကလေးတစ်ယောက်ကို တစ်လထက်ပိုမတွဲတတ်။

ပြီးတော့ မိန်းကလေးတိုင်းကိုလည်း စိတ်မဝင်စားတတ်။ ရိုးရိုးအေးအေး နေတတ်သည့် မိန်းကလေးတွေကိုဆို သူဒုက္ခမပေးတတ်။ ပြီးတော့ ပုံစံခပ်တုံးတုံးဆိုရင်လည်း သူ လုံး၀ (လုံး၀)စိတ်မဝင်စားပါ။

သွက်လက်ထက်မြက်နေမှ ကျော်သားတို့က စိတ်ဝင်စားတာ။ မာနကြီးကြီး မာန်တဝင့်ဝင့်ဆို ပိုတောင်ကြိုက်သေး။ အလွယ်တကူ လိုက်လို့ရသော မိန်းကလေးမျိုးဆိုရင်လည်း သူကပျင်းတတ်သေးသည်။

လိုက်ရခက်သေ သူက ပိုပြီးစိတ်ဝင်စားလေ။ မရရအောင်လိုက်ချင်လေပင်။ လိုက်ရခက်သော မိန်းကလေးမျိုးဆိုကျော်သားက အချိန်ပိုပေးပြီး တွဲတတ်သည်။ ဒါက ကျော်သားရဲ့အထာပေါ့။

ခု ကျော်သားရဲ့ပစ်မှတ်က မေမင်းလျှံ ဆိုသောကောင်မလေး။ ထိုကောင်မလေးကျတော့ တစ်မျိုး။ သူမရဲ့ဆံပင်





အရှည်ကြီးတွေက သဘောကျစရာ ကောင်းသော်လည်း သူမရဲ့အထာမကျသော အဝတ်အစားဖက်ရှင်ကကျတော့ သူမရဲ့အလှကိုဖျက်နေပြန်သည်။

ဆံပင်ရှည်ရှည် အရပ်မြင့်မြင့် ထိုကောင်မလေးဟာ ခပ်ညှံ့ညှံ့ထဲက မဖြစ်နိုင်သော်လည်း ဖက်ရှင်ကျကျ စတိုင်လ်မိမိမရှိတာတော့ သေချာသည်။

ထို့ကြောင့် ကျော်သားက သူမကိုမြင်တိုင်း သူမပုံစံလေးကို ပြောင်းပေးချင်မိသည်။ မိန်းမပီပီသသ လှလှပပလေးဆင်ပေးချင်မိသည်။ သူမကိုမြင်တိုင်း အသည်းယားသလို ခံစားရသည်။

တကယ်ဆို သူမပုံစံက သူ စိတ်ဝင်စားစရာဆို၍ဆံပင်ရှည်တာ အရပ်မြင့်တာပဲ ရှိတာပါ။ ဒါပေမဲ့ သူမကိုလိုက်ကြည့်ရင်း လိုက်စနောက်နေမိရင်း တဖြည်းဖြည်း ကျော်သားသူမလေးကို သဘောကျလာသည်။ တဖြည်းဖြည်းနှင့် သူမကကျော်သားရဲ့ပစ်ကွင်းထဲ ဝင်ရောက်လာသည်။

အချစ်ဆိုတာ ဘယ်တုန်းကမှ နားမလည်တတ်သောကျော်သားဟာ အခုလည်း မေမင်းလျှံကို အချစ်ကြောင့်မဟုတ်ဘဲ သူ စိတ်ဝင်စားတာ တစ်ခုတည်းနှင့် မရအရကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာတော့ ကောင်းမှာပါ။ မေမင်းလှျံဟ
စိတ်ဝင်စားစရာ တိုက်(ပ်)မျိုးကို ပိုင်ဆိုင်ထားသူပဲလေ။

သူ လေတစ်ချက် ချွန်လိုက်ပြီး ကားသော့ကော
ကိုင်ကာ ထမင်းစားခန်းဘက် ထွက်လာတော့ ...

"မြေးလေး ... ဘယ်သွားမလို့လဲ"

"ဆိုင်ဘက် ခဏ"

"ခုတလော မြေးလေး ငြိမ်နေပါလား"

"ဟဲ ဟဲ ... ခြေလှမ်းသစ်အတွက် အားယူနေတာ"

"ဘာတွေများ ခြေလှမ်းမလို့လဲ မြေးလေးရဲ့"

"ဟဲဟဲ... ဘွားကလည်း၊ သားခြေလှမ်းက ဘာရှိရဦးမှာလဲ"

"အင်း ... မိန်းကလေးတွေကို ကျွှစားစရာ ထင်မနေနဲ့နော်
မြေးလေး၊ တော်ကြာ မိန်းမလည် မိန်းမရှုပ်လေးတွေ
တွေ့နေမှဖြင့်ကွယ်၊ ဘွား စိတ်ပူတာ အရမ်းပဲ၊ ဘွားလည်း
ပြောမယ် ပြောမယ်နဲ့ ပြောဖို့မကြုံဘူး ဖြစ်နေတာ"

"ဘွားက သားကို ဆူနေတာလား"

"အမလေး ... မဆူပါဘူးရှင်၊ ဘွားက မြေးလေးကို ဘယ်
ာနှန်းက ဆူလို့လဲ၊ ဘွားက မြေးလေး ခံရမှာစိုးလို့ ပြော
တာပါ။ ပြီးတော့ ကိုယ့်ကြောင့် တစ်ဖက်သား နစ်နာသွား
ရင်လည်း မကောင်းဘူးလေ မြေးလေးရယ်"





"ဘွားက မဆူဘူးဆိုပြီး အခု ဆက်ဆူနေပြန်ပြီ။ ဘွားက
သားကို မချစ်တော့ဘူးပေါ့၊ ဘိုးနဲ့ တိုင်ပြောမှာပဲ"

"မဟုတ်ရပါဘူး မြေးလေးရယ်၊ ဘွားက မြေးလေးအတွက်
စေတနာနဲ့ ပြောတာပါကွယ်၊ မဖြစ်သင့်တာတွေ မဖြစ်ရ
အောင်ပါ"

"စိတ်ချပါ ဘွားရဲ့၊ သားက ကိုယ့်ဇာတ်ကို နိုင်အောင်က,
တတ်ပါတယ်။ သား ရှုပ်တယ်ဆိုတာကလည်း တစ်ဖက်
သားကို ထိခိုက်နစ်နာစေတဲ့အထိ မဟုတ်ပါဘူး။ သား
ကြောင့် ဘယ်သူ့ကိုမှမထိခိုက်စေရပါဘူး ဘွားရဲ့။ ပြီးတော့
သားက ကောင်မလေးတွေနဲ့ တွဲတွဲနေတာကလည်း လုံးဝ
အပျော်သက်သက်ပါပဲ၊ တချို့ကောင်မလေးတွေဆိုရင် သား
ရဲ့ရည်းစားသာဆိုတယ် လက်တောင် မကိုင်မှုဘူး၊ လုံးဝ
အသန့်၊ ဘွား စိတ်ချ၊ သားကြောင့် ဘာမှမဖြစ်စေရဘူး"

"တစ်ယောက်တည်း တည်တည်တံ့တံ့ ထားပါလား မြေး
လေးရယ်"

"အာ ... ဘွားကလည်း သား တကယ်ချစ်တဲ့သူမှ မတွေ့
တာ၊ သား တကယ်ချစ်တဲ့သူတွေ့ရင်တော့ လုံးဝအတည်
ပဲထားမှာ၊ စိတ်ချ ဘွား"



www.burmeseclassic.com

www.burmeseclassic.com



“ပြီးရော ... ရှင်လေးကို နိုင်အောင်ကို မပြောနိုင်ဘူး။ ဒီညနေ စောစောပြန်လာခဲ့”

“ဟုတ်ကဲ့ ဘွား၊ သား မြို့ထဲရောက်မှာ၊ ဘာမှာဦးမလဲ”

“မမှာတော့ဘူး၊ စောစောပဲ ပြန်လာ”

“ရက်စ် ဘွားဘွား”

“ရွှတ်”

“ကြည့် ... ဒီကလေးဟာလေ”

“ကမ္ဘာပေါ်မှာ သားနမ်းဖူးတာ ဘိုးနဲ့ဘွားပဲ ရှိတာနော်၊ ဘွား ဂုဏ်ယူလိုက်”

“အံ့မယ် ... ရှင်လေး ရည်းစားတွေကရော”

“အဝေးကြီးပါဗျာ၊ တစ်ခါတလေ လက်ကိုင်မိရင်တောင် မကောင်းတတ်လို့ ကိုင်ပေးရတာ၊ မလွှဲသာ မရှောင်သာမှ”

“အံ့မယ် ... သူကပဲ ကြီးကြီးကျယ်ကျယ်၊ ကဲ သွားတော့၊ အပြန် နောက်မကျနဲ့နော်”

“ဟုတ်ကဲ့ပါ”

လှစ်ခဲ ပြေးထွက်သွားသော ကျော်သားကို ကြည့်ကာ ဘွားအေဖြစ်သူမှာ တပြုံးပြုံးဖြင့် ...။

ဒီမြေးလေးသာ သူတို့ရဲ့ အသက်လေ။





ကျော်သားကလည်း အဘိုးနဲ့ အဘွားကို ချစ်ရှာသည်။ ဘယ်တော့မဆို အပြင်မှာ ညမအိပ်တတ်။ အိမ်ကိုတော့ ရောက်အောင်ပြန်သည်။

ပြီးတော့ အိမ်ပြန်တိုင်းလည်း အဘိုးအဘွားတွေအတွက် စားစရာတစ်ခုခု ပါတတ်သည်။ တနင်္ဂနွေလိုနေ့မျိုးတွေမှာ အဘိုးအဘွားတွေကို ဘုရားလိုက်ပို့ပေးဖို့ သတိရတတ်သလို ညနေဘက်တွေဆို ကန်ပေါင်လိုနေရာမျိုး ခေါ်သွားကာ လေညင်းခံလမ်းလျှောက်စေသည်။

ပြီးရင်တော့ ကျန်သည့်ခြောက်ရက်မှာ ကောင်မလေးတွေဖြင့်သာ အချိန်ကုန် ပျော်ရွှင်တတ်သည်။ ဒါက ကျော်သားရဲ့ Lift Style ပဲပေါ့။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကျော်သား သူ့ရဲ့ဖက်ရှင်ဆိုင်ဘက် ထွက်လာခဲ့သည်။ ပြီးရင်တော့ မေမင်းလျှံရဲ့ ဓာတ်ပုံဆိုင်ဘက် လှေလာရေး ထွက်ရဦးမည်။ သူမနဲ့ မဆုံတာပင် တစ်ပတ်ခန့်ရှိတော့မည်။ သူ ဆိုင်ထဲဝင်မည်ပြင်တော့ ဆိုင်ထဲမှာ မေမင်းလျှံကို တွေ့လိုက်ရ၍ သူ မျက်ခုံးပင့်သွားရသည်။

သူ့ရဲ့ဆိုင်က အမျိုးသားဝတ် သီးသန့်ဖက်ရှင်ဆိုင်ပါ။ မေမင်းလျှံက ဘယ်သူ့အတွက် လာဝယ်တာလဲ။ ဒါမှမဟုတ် သူမနဲ့ အဖော်ပါလာသူ အမျိုးသားက ဝင်ကြည့်နေ၍များ သူမပါ ဆိုင်ထဲဝင်ရတာများလား။

သူမကတော့ ဖိနပ်ကောင်တာတစ်ခုရှေ့မှာ ဘာတွေ ပြောနေတာလဲ မသိ။ ပြီးတော့ သူမနားကို အသားဖြူဖြူ အရပ် မြင့်မြင့်နဲ့ လူတစ်ယောက် သွားရပ်သည်။ သူမရဲ့ ရည်းစားများ လား။ ကျော်သား ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူမမှာ ရည်း စားရှိနေရင် သူ ဘယ်လိုက်လို့ ရတော့မှာလဲ။





သူ ဆိုင်ထဲမဝင်တော့ဘဲ ပြန်လှည့်မည်အပြု ဆိုင် တာဝန်ခံကောင်လေးက သူ့ကိုမြင်သွားကာ ...

"ဟာ ... ကိုသား လာတယ်"

ပျာပျာသလဲ ထွက်ကြိုသဖြင့် သူ ပြန်လှည့်လို့မရ ဖြစ်သွားသည်။ သူ ဆိုင်ထဲဝင်သွားတော့ မေမင်းလျှံတို့ ရပ်နေသည့် ကောင်တာမှ ကောင်မလေးက တာဝန်ခံကောင်လေးကို ...

"ကိုကျော်ဇော ဒီဖိနပ်ပုံစံ ထပ်ဝင်ဦးမှာလား"

"အဲဒီပုံက လက်ကျန်ရှိသေးတယ်လေ"

"ဆိုဒ်မရှိတော့လို့၊ ဒီအစ်မက သူစီးဖို့ ဆိုဒ်သေးလိုချင်လို့ တဲ့"

"ဝင်လို့လား၊ သူနဲ့တော်တဲ့ဆိုဒ် ဝင်ပါ့မလား"

"ဝင်တယ် ကိုကျော်ဇော၊ ဒါပေမဲ့ အခုက ကုန်နေတာ"

"ဆိုင်ခွဲမှာ တစ်ချက် မေးကြည့်ပေးမယ်"

"ဟုတ် ... ပြီးတော့ ဒီထက်တစ်ဆိုဒ်ကြီးတာလည်း လိုချင် တယ်၊ ဒီအစ်ကိုအတွက်"

အသားဖြူဖြူနဲ့ လူကလှည့်ကြည့်သော်လည်း သူမ ကတော့ ဖိနပ်ကိုပဲ လှည့်ပတ်ကြည့်နေသည်။ "ခဏလေးနော်"ဟု ဆိုကာ ကျော်ဇော ဆိုင်ခွဲကိုဖုန်းလှမ်းဆက်လိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုဒ်ကြီးတော့ ရမယ်၊ ဆိုဒ်သေးက အခုတင်ဝယ်သွား ပြီတဲ့"

"ဟင်"

လျှံ့ မျက်နှာလေး ရှုံ့မဲ့သွားသည်။ လျှံက အရမ်းလို ချင်နေတာလေ။

"တစ်ပတ်လောက်နေရင် ပြန်လာကြည့်ပါလား အစ်မ၊ ထပ်ဝင်ဖို့တော့ ရှိသေးတယ်"

"ထပ်ဝင်လာရင်တော့ ချန်ထားပေးနော်"

"စိတ်ချ အစ်မ၊ ချန်ထားပေးမယ်"

"လျှံ ပိုက်ဆံရှင်းခဲ့ရမလား"

"ရပါတယ် အစ်မ၊ လာယူမှ ရှင်းလိုက်ပါ"

"ကိုယ်ကတော့ ပိုက်ဆံရှင်းခဲ့မယ်"

"ရတယ် အစ်ကို၊ မနက်ဖြန် လာယူမှပဲ ရှင်းလို့ရပါတယ်"

"ကျေးဇူးပါကွာ"

အသားဖြူဖြူနဲ့ တစ်ယောက်က သူ့ဆိုင်ရဲ့ဖောက် သည်ပါ။ ကျော်သားနဲ့ပင် မျက်မှန်းတန်းမိနေသေးသည်။ ထိုသူ ဟာ မေမင်းလျှံနဲ့ ဘယ်လိုပတ်သက်နေသလဲ။ ထိုသူကို မေမင်းလျှံ က မစောင့်ဘဲ ဆိုင်ထဲမှ ထွက်သွားသည်မို့ ထိုသူက ကောင်တာ မှာ ငွေရှင်းမလို့လုပ်ပြီးမှ အမြန်ပြေးလိုက်သွားသည်။





"လျှံ ... နေပါဦး"

"ဘာလဲကွာ"

"လျှံ ရှောပင်းထွက်လာတာလား"

"ယူ ဘာလုပ်မလို့လဲ"

"ဪ ... ဘာမှမလုပ်ပါဘူး၊ ကိုယ် လျှံ့ကို အဖော်လုပ် ပေးမယ်လေ"

"ဟင့်အင်း ... မလိုပါဘူး"

"တစ်ယောက်တည်း လျှောက်သွားရတာ ပျင်းဖို့ကောင်း တယ်"

"ဒါပေမဲ့ လျှံက ယူ့လိုမဟုတ်ဘူးလေ၊ လျှံက တစ်ယောက် တည်း လွတ်လွတ်လပ်လပ် သွားချင်တာ"

"အိုကေ ... အိုကေ ... ဒါဆိုလည်း မလိုက်တော့ဘူး၊ တော်ကြာ ကိုယ့်ကြောင့် လျှံ အနှောင့်အယှက် ဖြစ်နေဦး မယ်"

"ကျေးဇူးတင်ပါတယ်"

လျှံ့ရဲ့ ငေါ့တော့တော့စကားကို သူကတော့ အပြုံး ဖြင့်သာ တုံ့ပြန်သည်။ အစွမ်းကုန် စိတ်ရှည်သည်းခံမည်ဟု ဆုံး ဖြတ်ထားသော ထိုအသားဖြူဖြူ အရပ်မြင့်မြင့် တစ်ယောက်က တော့ ထက်ဆင့်ထူးပဲပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



လျှံ ထွက်သွားရာကို အပြုံးဖြင့်ကြည့်နေသော ထက်ဆင့်ထူး၊ သူ့ကို တခြားတစ်ယောက်ကလည်း ကြည့်နေပါသည်။ ဒါပေမဲ့ ပြုံးပြီးကြည့်တာတော့ မဟုတ်တာ သေချာသည်။ သူက ကျော်သားလေ။

ကျော်သား သူ့ကို စိုက်ကြည့်နေရင်းနဲ့ သူနဲ့ မေမင်းလျှံ ဘယ်လိုပတ်သက်နေလဲ သိချင်လာသည်။

ဒါပေမဲ့ ကိစ္စမရှိ။ ဒီလောက်ကလေးကတော့ ကျော်သားအတွက် မခက်ခဲ။ တစ်ပတ်ပင် မစုံစမ်းရပါ။ ကျော်သား ဖိနပ်ကောင်တာသို့သွားပြီး ...

"ခုနက ကောင်မလေးမေးတဲ့ ဖိနပ်က ဘာအမျိုးအစားလဲ"

အရောင်းစာရေးမလေး ပြောသော နံပါတ်နှင့်အမျိုးအစားကို မှတ်ထားပြီး ...

"အိုကေ ... အဲဒါ ကိုယ့်မိတ်ဆွေ၊ ကိုယ် လက်ဆောင်ပေးလိုက်မယ်၊ အဲဒီဖိနပ်ရောက်ရင် ကိုယ့်ဆီပို့ပေးပါ"

"ဟုတ်ကဲ့ ကိုသား"

သူမ လိုချင်သော အရာတစ်ခုကို ပေးနိုင်မည်ဆိုရင် သူ့အတွက် အမှတ်တက်မှာ ကျိန်းသေပင်။

♥ ○ ♥





ကျော်သားဟာ ထက်ဆင့်ထူး အကြောင်းကို တစ်ပတ်ပင် မစုံစမ်းလိုက်ရ။ ထက်ဆင့်ထူးက မေမင်းလျှံ ခေါင်းသွားလျှော်နေကျဆိုင်က ပိုင်ရှင်။ ပြီးတော့ သူ့လိုပင် မေမင်းလျှံကို စိတ်ဝင်စားနေသူတစ်ယောက်။ သူ့လို အပျော်တော့ ဟုတ်ချင်မှ ဟုတ်မည်ပေါ့လေ။

ပြီးတော့ ထက်ဆင့်ထူးက ဆိုင်ပိုင်ရှင် သီးသန့် မဟုတ်။ မိတ်ကပ် ဆံပင်ပညာကို နိုင်ငံခြားမှာ သီးသန့်သွားသင်ထားတာဖြစ်ပြီး ပြန်လာတော့ ကိုယ်ပိုင်ဖြူးတီးစင်တာတစ်ခုဖွင့်ကာ ပရော်ဖက်ရှင်နယ် လုပ်နေသူဖြစ်ပြီး အခုဆိုရင် သူ့ရဲ့ဗြူးတီးစင်တာက တစ်စထက်တစ်စ နာမည်ရလာပြီ။

ထက်ဆင့်ထူး ကိုယ်တိုင်ကလည်း ယောကျ်ားပီသသော မျက်နှာနှင့် မြင့်မားကြံ့ခိုင်သော ခန္ဓာကိုယ်နှင့်မို့သာ တော်တော့သည်။ အလှဖန်တီးသူပီပီ သူ့ရဲ့အသားအရေက ကြည်စင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီး မျက်နှာမှာဆို အမည်းစက်တစ်စက် မရှိအောင် ဝင်းဖန့်နေသည်။

ခြေသည်းလက်သည်းတွေကို ညီညီညာညာ တိတိရိရိ လှီးဖြတ်ထားသော်လည်း သွေးရောင်လွှမ်းကာ ကြည်လင်နေပြီး လက်ချောင်းတွေဆိုတာ နုဖပ်သန့်စင်နေတာက မိန်းကလေးပင် အရှုံးပေးရမည့်အထိပင်။ တချို့ဆို ထက်ဆင့် ထူးကို ဂျယ်လ်ပင် ထင်နေကြတာပင်။

ကျော်သားဟာ ထက်ဆင့်ထူးရဲ့ဆိုင်မှာ ခေါင်းသွားလျှော်တာတို့ ဆံပင်သွားညှပ်တာတို့ဖြင့် ဝင်ရောက်စနည်းနာရသည်။ ဤနည်းဖြင့် မေမင်းလျှံရဲ့ အကြောင်းတွေလည်း တစ်စေ့တစ်စောင်း သိရသည်။

မေမင်းလျှံဟာ တစ်ပတ်လျှင် အင်္ဂါနဲ့စနေ နှစ်ရက်ပုံမှန် ခေါင်းလာလျှော်တတ်ကြောင်း၊ ပြီးတော့ မေမင်းလျှံ ပင်တိုင်ဖြစ်သော ယမင်းနဲ့ပါ ခင်မင်ခွင့်ရအောင် ကြိုးစားရသေးသည်။ ပြီးတော့ ထိုမှတစ်ဆင့် ထက်ဆင့်ထူးရဲ့ မေမင်းလျှံ အပေါ် စိတ်ဝင်စားမှုတွေပါ သိလာရသည်။

ဒီတော့ ကျော်သားက ယမင်းကို နယ်ရုပ်အဖြစ် အသုံးချဖို့ စဉ်းစားမိသွားသည်။ အကြောင်းရင်းကတော့ မေမင်း





လျှံ အကြောင်း အဆက်မပြတ်စေဖို့နဲ့ ထက်ဆင့်ထူးရဲ့ ခြေလှမ်းတွေကို ကြိုသိပြီး ကာကွယ်နိုင်ရန်အတွက် ဖြစ်သည်။

ဒီနေ့လည်း မေမင်းလျှံက ထုံးစံအတိုင်း ခေါင်းလာလျှော်သည်။

သူမလာတဲ့အချိန်မှာ ယမင်းက မအား၊ ကျော်သားကို ခေါင်းလျှော်ပေးနေရသည်။

"ယမင်း Customer ရှိလို့ ခဏစောင့်ပေးနော် မမလျှံ"

"လျှံ လာမယ်မှန်း သိရက်သားနဲ့ကွာ၊ လျှံကသွားစရာရှိသေးတယ်"

"ဟုတ်တယ် မမလျှံ၊ အခု လျှော်ပေးနေရတဲ့ တစ်ယောက်ကလည်း ပုံမှန်လာနေကျဆိုတော့ မလုပ်ပေးလို့ မရလို့ပါ။ ခဏပါပဲ၊ အမျိုးသားဆိုတော့ ဆံပင်တိုတော့ ခဏပဲကြာမှာပါ"

"စိတ်ညစ်လိုက်တာ၊ သွားစရာရှိတဲ့ နေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင်"

"လျှံ သွားစရာ နောက်ကျနေဦးမယ်၊ ကိုယ်လုပ်ပေးရမလား လျှံ၊ ယမင်းထက် မညံ့စေရပါဘူးကွာ၊ စိတ်ချ"

"ရတယ်၊ ယမင်းကိုပဲ စောင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နာရီတကြည့်ကြည့်နှင့် ပြောနေသော သူမကိုကြည့်ကာ ထူး ရင်ထဲမကောင်း။ သူမလေးဟာ ဘာကြောင့်များ သူ့ကို ဒီလောက်အထိ ခါးသီးနေရတာလဲကွယ်။

"လှျံ"

"ဒီမှာ ... လှျံ စိတ်ကသိကအောက် ဖြစ်လွန်းလို့ တစ်ဆိတ်လောက် ပါးစပ်ကလေး ပိတ်ပေးထားနိုင်မလား"

ထက်ဆင့်ထူး မျက်နှာ ရဲခနဲဖြစ်သွားသည်။ ပြီးတော့ ခေါင်းတစ်ချက်ညိတ်ကာ ...

"ဆောရီး လှျံ၊ လောကွတ်ချော် စေတနာနဲ့ ပြောမိတာ ကိုယ့်အမှားပါ"

ပြောပြီး ထထွက်သွားသည်။ ထိုအချိန်မှာပဲ ယမင်း ထွက်လာကာ ...

"စောင့်နေရတာ ကြာပြီလား မမလှျံ"

"တစ်နာရီလောက် ရှိတော့မယ်"

"ဆောရီးပါ မမလှျံရယ်၊ မမလှျံ စောင့်နေတော့မှာပဲဆိုတာ သိတယ်၊ ဒါပေမဲ့ ဒီဖောက်သည်ကလည်း ယမင်းနဲ့ လျှော်နေကျဆိုတော့ မလုပ်ပေးလို့ကလည်း မရဘူးလေ"

"အင်းလေ ... ဘယ်တတ်နိုင်မလဲ၊ တို့ကလည်း ဒီနေ့သွားစရာရှိနေလို့လေ"





"ဟုတ်လား၊ ဒါဆို ယမင်း မြန်မြန်လေး လုပ်ပေးပါ့မယ်"

"ယမင်း ... ကိုယ်သွားပြီ"

"ဩော် ... ဟုတ်ကဲ့ ကိုကျော်သား"

ယမင်းက ကျော်သား ထွက်သွားရာသို့ လည်ပင်းလိမ်ကာ လိုက်ကြည့်နေပြီး ...

"သူကလည်း ဒီရောက်လာရင် ယမင်း လုပ်ပေးမှကြိုက်တာ မမလှျံရဲ့၊ အဲဒါနဲ့ မမလှျံကို စောင့်နေရင်းက သူလာလို့ ကြားဖြတ် လုပ်ပေးလိုက်ရတာ"

ကျော်သားရဲ့ ခြေလှမ်းတွေကို သိနေသော သူမကတော့ နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်သည်။ ခေါင်းလျှော်ပြီးတော့ ယမင်းက သူ့ကို hair coat တစ်ဘူး လက်ဆောင်ပေးသည်။

"မမလှျံ အတွက် ယမင်းရဲ့ လက်ဆောင်ပါ မမလှျံ၊ ဒါက သံလွင်ဆီစစ်စစ်နှင့် လုပ်ထားတာ၊ ယမင်းရဲ့မိတ်ဆွေတစ်ယောက် ပြင်သစ်က ပါလာတာ မမလှျံ"

"ယမင်းပဲ သုံးပါကွယ်"

"နှစ်ဘူးတောင် မမလှျံရဲ့၊ ယမင်းက တစ်ဘူးဆိုရင်တောင် တော်တော်သုံးရတာ၊ အဲဒါကြောင့် မမလှျံကို လက်ဆောင်ပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းရဲ့ ပြင်သစ်က ပြန်လာတယ်ဆိုတဲ့ မိတ်ဆွေက ကိုထက်ဆင့်ထူးမှ ဟုတ်ရဲ့လား ယမင်း"

"မဟုတ် ... မဟုတ်ပါဘူး မမလျှံရယ်"

"ကဲပါ ... ဟုတ်သည်ဖြစ်စေ မဟုတ်ဘူးပဲဖြစ်စေ ယမင်း တခြားတစ်ယောက်ကိုပဲ ပေးလိုက်ပါကွယ်၊ မမလျှံက ဆံပင်ကို တခြား ဘာမှမလိမ်းတတ်ဘူး၊ မတည့်တာဆိုရင် ဆံပင်ပျက်စီးမှာ စိုးလို့လေ"

"ဟင် ... မမလျှံကလည်း ယမင်း စိတ်မကောင်းဖြစ်သွားပြီ"

"မဖြစ်ပါနဲ့၊ တကယ်ပါ ယမင်းရယ်၊ မမလျှံက ဆံပင် ပျက်စီးမှာ အရမ်းကြောက်တာ၊ အဲဒါကြောင့်ပါ"

"ဒါဆို ဆံပင်နဲ့ မပတ်သက်တာ ပေးရင်တော့ လက်ခံရမယ်နော်"

"ဟုတ်ပါပြီ၊ ကဲ ... ပြီးပြီလား၊ ကျုပ် သွားစရာရှိသေးတယ်"

"ပြီးပါပြီရှင်"

လျှံ ပြုံးတီးစင်တာမှ ထွက်လာတော့ လျှံ့ကားမှာ စတစ်ကာ အကပ်ခံထားရပြန်သည်။





"I Love May"

တဲ့လေ။ ဟိုင်နော ကျော်သားပဲ ဖြစ်မှာပေါ့။ လျှံ ဒေါသတကြီး ဆွဲဖြုတ်ပစ်လိုက်သည်။

"လျှံ ပြန်တော့မလို့လား"

"လျှံက မပြန်လို့ ဘာလုပ်နေရမှာလဲ ထက်ဆင့်ထူးရဲ့"

ပေါက်ကွဲချင်နေသော လျှံ့ရဲ့ ဒေါသတွေအတွက် ထက်ဆင့်ထူးက တရားခံ ဖြစ်သွားရှာသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



"မမလျှံ အပြင်မှာ ကိုကျော်သား ရောက်နေတယ်၊ မမလျှံ
နဲ့ တွေ့ပါရစေတဲ့"

"အို ... ဘာကိစ္စရှိလို့လဲ"

"မသိဘူး မမလျှံ၊ မမလျှံနဲ့ ရှင်းစရာရှိလို့တဲ့"

"ရှုပ်ရှုပ်ယှက်ယှက် အလုပ်ထဲထိ လာနှောင့်ယှက်တာတော့
လွန်ပြီ၊ မရှိဘူးလို့ ပြောလိုက်"

"ပြောပြီးပြီ မမလျှံ၊ မမလျှံရဲ့ကားကို တွေ့ထားတော့
ပြောလို့မရဘူး၊ ပြီးတော့ မရှိဘူးဆိုလည်း တွေ့တဲ့အထိ
ထိုင်စောင့်မယ်တဲ့"

လျှံ မကြိုက်တာ အဲဒါတွေပေါ့၊ ကျော်သား ဆိုသော
ထိုလူနှင့် လျှံ ဘယ်ဘဝကများ ရေစက်ပါခဲ့လည်း မသိ။ သူမက
တော့ သူ့ကို တော်တော်လေးကို မျက်မုန်းကျိုးနေမိသည်။

"ဒါဆိုလည်း လွှတ်လိုက်လေ"





"ကျွန်တော် နေပေးရမလား မမလျှံ"

"ရတယ် ... ရတယ်၊ သူ့ကိုပဲ လွှတ်လိုက်"

ကျော်သား ဆိုသောလူက ဘာကိုမျှ ဂရုစိုက်ပုံရ
တာ မဟုတ်။ တော်ကြာ ကိုယ့်ဝန်ထမ်းရှေ့ ရည်းစားစကား
ပြောနေရရင် ဒုက္ခ။ ထို့ကြောင့် ဖော်လေးကို အထဲမှာ မနေခိုင်း
ခြင်းဖြစ်သည်။

ပျော့ရွှင်ကြည်နူးနေပုံမျိုးနဲ့ ပြုံးစစဖြင့် ဝင်လာသော
ကျော်သား မျက်နှာကိုကြည့်ကာ သူမ စိတ်ထဲမှာပေါ့ သူမလက်
ဝါးတွေနဲ့ ကျော်သားရဲ့ ပါးနှစ်ဖက် အကြိမ်တစ်ရာမက မိတ်
ဆက်ပြီးသွားပြီ။

"မင်္ဂလာပါ မေ"

"ဟုတ်ကဲ့၊ ကျွန်မကတော့ ရှင့်ကိုမြင်ရတာ အမင်္ဂလာပဲ
ကျော်သားရဲ့"

"အို ... မေ့ကို အရမ်းနူးညံ့ သိမ်မွေ့လိမ့်မယ်လို့ ထင်ထား
ခဲ့တာ၊ အထင်နဲ့အမြင် တခြားစီ ဖြစ်နေဘယ်"

"ရှင် ဝေဖန်စရာ မလိုဘူး ကျော်သားရဲ့၊ ကျွန်မကိုယ်
ကျွန်မလည်း သိတယ်။ ကျွန်မ မနူးညံ့ဘူး၊ ဒါပေမဲ့ ရိုင်း
လည်းမရိုင်းတတ်ဘူး၊ ရှင်ကလွဲရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ကောင်းလေစွ မေရယ်၊ မေ့အတွက် ကိုယ်ဟာ သူများတွေနဲ့တန်းတူ အုတ်ရောရော ကျောက်ရောရော မဖြစ်နေဘဲ တသီးတသန့် အနေအထားမှာ ရှိနေတဲ့ အတွက် ဂုဏ်တောင်ယူမိတယ်၊ ရပါတယ် မေရဲ့၊ ကိုယ့်ကို အဲဒီလောက် အလေးအနက် မထားပါနဲ့"

"သေလိုက်စမ်း ကျော်သား၊ ကျွန်မ နာရေးကူညီမှုအသင်းကို ဖုန်းဆက်ပေးမယ်၊ ဆွမ်းလည်း သွပ်ပေးမယ် သိလား၊ အဲဒီနေရာမှာ လဲသေလိုက်"

"အခု မေ သေခိုင်းတာ ကိုယ်သေလိုက်လို့ ရတယ် မေရဲ့။ ဒါပေမဲ့ သေသွားခါမှ မေ ဝမ်းနည်းနာကျင်နေမှာ ငိုနေမှာကို မကြည့်ရက်ဘူး၊ အဲဒီအခါကျမှ ကျော်သားရယ် ပြန်ရှင်လာပါတော့ဆို ရှင်လို့ရမှာ မဟုတ်ဘူးကွ၊ အသက်က ထွက်သွားပြီးရင် ပြန်မျိုချလို့ရမှာ မဟုတ်ဘူး"

သူမ မျက်နှာမှာ ဒေါသတွေကြားက လှစ်ခနဲပြုံးချင်ချင် ဖြစ်သွားသည်။ ဒါကိုလည်း တစ်ချိန်လုံး စိုက်ကြည့်နေသော ကျော်သားက မြင်ဖြစ်အောင် မြင်သွားကာ မသိချင်ယောင်ဆောင်နေလိုက်သည်။

"ကဲ ... ပြော၊ ရှင်က ကျွန်မဆီ ကြွချီလာတဲ့ကိစ္စ"





"ကိုယ် မေ့ဆီ လက်ဆောင်လေးတစ်ခုကို လာပေးတာပါ"

"ရှင်နဲ့ ကျွန်မကြားမှာ လက်ဆောင်တစ်ခုခု ပေးရလောက်တဲ့ ပတ်သက်မှုမျိုး မရှိဘူးလေ၊ ကျော်သား အိပ်မက်များ မက်နေတာလား"

"လက်ဆောင်ပေးတာပဲကွာ၊ ဒက္ခပေးတာမှ မဟုတ်တာ။ ပြီးတော့ ပတ်သက်မှုဆိုတာ တစ်ဖက်သတ် ဆုံးဖြတ်လို့ မရဘူးလေ။ မေ့ဘက်က သူစိမ်းလို သတ်မှတ်ပေမယ့် ကိုယ်ကကျတော့ မေဟာ ကိုယ့်အသက်နဲ့ ထပ်တူလောက်ကို ခံယူထားတာလေ"

မေမင်းလျှံက ဟက်ဟက်ပက်ပက် ရယ်ချပြီးမှ ...

"ကမ္ဘာပေါ်မှာ အရယ်ရဆုံး ပြက်လုံးတစ်ခုပဲ ကျော်သားရဲ့။ ရှင့်ရဲ့များပြာလှသော နံပါတ်စဉ်တွေကိုသာ ရှင်လိုမ့်လို့ရမယ်၊ ကျွန်မကို လာလိမ့်လို့ကတော့ ရှင်ပဲ အာညောင်းမှာ သေချာတယ်၊ သိလား ... ဟား ဟား ဟား"

မိန်းမ မဆန်စွာ ရယ်နေသော ထိုမိန်းကလေးကို ကျော်သား စိုက်ကြည့်နေမိသည်။ တကယ်ကို ချစ်စရာ တစ်စက်ကလေးမှ မကောင်း။ သို့သော် စကားပြော၍တော့ ကောင်းသည်။ သူမနှင့် စကားပြောရတာ ပျော်စရာကောင်းသည်။

"ကဲ ... ရှင် ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကိုယ့်ဘဝမှာ ပထမဦးဆုံး အနှင်ခံရတာပဲ မေ"

ရုတ်တရက် သူ့မျက်နှာဟာ ဖြတ်ရိုက်ခံလိုက်ရသလို နီရဲသွားပြီးမှ သူက စိတ်ကို ပြန်ထိန်းလိုက်ပုံမျိုးဖြင့် လှပစွာ ထုပ်ပိုးထားသော ဘူးတစ်ခုကို သူမရှေ့သို့ တင်ပေးလိုက်ပြီး ...

"ဒါ မေ့အတွက် ကိုယ့်ရဲ့လက်ဆောင်ပါ မေ"

"ကျော်သား ကျွန်မပြောနေတာ ဗမာစကား၊ ရှင်နားလည်တယ်မို့လား၊ ဟမ်း ... နားမလည်ရင်လည်း ကျွန်မထပ်ပြော ...ဦးမယ်၊ ရှင့်လက်ဆောင်ကို ကျွန်မ လက်မခံဘူး ကျော်သား"

"မေ ကိုယ်တို့ကြားမှာ ဘာအာဃာတမှ မရှိဖူးဘူးနော်"

သူ ပြောလိုက်တော့ မေမင်းလှျံမှာ အာစေးမိသွားပြီး ရုတ်တရက် ငြိမ်သွားကာ ဘာပြန်ပြောရမှန်း မသိ။

"မေ ဒီဘူးထဲမှာ မေ သိပ်လိုချင်နေတဲ့ ပစ္စည်းလေးတစ်ခုရှိတယ် မေ၊ ဖွင့်ကြည့်ပါဦး၊ ပြီးမှ မေ လက်မခံဘူးဆို ရင် ကိုယ် ပြန်ယူသွားမယ်"

မေမင်းလှျံက သူ့ကို စိုက်ကြည့်နေသည်။ သူက အထုပ်ဘက် မေးငေါ့ပြကာ ဖွင့်ကြည့်ပါဟူသောပုံစံ လုပ်ပြလိုက်သည်။





လှျံက ဆုံးဖြတ်လိုက်ပုံမျိုးဖြင့် နားအေးပြီးရောဟု သဘောထားကာ အထုပ်ကို မြန်မြန်ပင် ဆွဲယူဖွင့်ကြည့်လိုက်သည်။

လှပစွာထုပ်ပိုးထားသောဘူးလေး တစ်စစီ ဖြစ်သွားချိန်မှာတော့ ...

"ဟယ်"

လှျံ လိုချင်သော ဖိနပ်လေး။ ကျော်သားက ဘယ်လိုလဲဟူသော အပြုံးမျိုးဖြင့် ကြည့်နေသည်။

"လှျံ ဒီဖိနပ်ရဲ့တန်ဖိုးကိုပေးမယ်၊ လှျံ ယူ့ဆီက ပြန်ဝယ်မယ်"

"ငွေနဲ့တော့ ဝယ်လို့မရဘူး၊ ကိုယ်က ငွေမလိုချင်ဘူး မေ၊ လိုချင်တာကို ငွေနဲ့ဝယ်တိုင်း မရဘူး ဆိုတာတော့ သိတယ်နော်"

"ဒီဖိနပ်လေး တစ်ရံအတွက် ကျွန်မက ဘာတွေများပြန်ပေးနေရဦးမှာလဲ ကျော်သားရဲ့"

"တန်ရာတန်ကြေးတော့ ပေးမယ်မို့လား၊ ဒါကလည်း လက်ဆောင်ပေးတာကို လက်မခံဘူးဆိုလို့ ပြောတာနော်"

လှျံ သူမစကားနဲ့ သူမမို့ ဘာမှမပြောသာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဲဒီ တန်ရာတန်ကြေးအတွက် ကိုယ်တို့ နောက်
တစ်ခါ ထပ်ဆုံကြတာပေါ့။ ကိုယ် ပြန်မယ်။ ညော်
မေ၊ ကိုယ်က သူများနင်ထုတ်ရင် လုံးဝမပြန်ချင်တတ်
နော်"

"သေလိုက်ပေါ့"

ကျော်သားက ပခုံးကို လှပစွာတွန့်ပြကာ ထွ
သွားသည်။

♥○♥





လွှဲ ကျော်သားပေးတဲ့ ဖိနပ်ကို နှစ်သက်စွာ စီးဖြစ်ပါသည်။ လွှဲကိုယ်တိုင်က ထိုဖိနပ်ကို တော်တော်လေး ကြိုက်ခဲ့တာလေ။

ထို့ကြောင့် ကျော်သားရဲ့လက်ဆောင်ကို မလိုချင်သော်လည်း ထိုဖိနပ်လေးကို ပြန်ပေးလိုက်ဖို့ ကျပြန်တော့လည်း နမြောနေမိသည်မို့ ကျော်သားကို ပြန်မပေးဖြစ်။

ခုတော့ ဖိနပ်ဖိုး ဘာတောင်းဦးမလဲ မသိ။ သူမဟာ တန်ရာတန်ကြေးထက် ပိုပြီးပေးမှာ မဟုတ်ဘူး ဆိုတာကိုတော့ ကျော်သား သိမည်ထင်ပါသည်။

နောက်ထပ် အုံသြစရာတစ်ခုကတော့ ထိုကဲ့သို့ ပုံစံတူ ဖိနပ်ကလေးတစ်ရန် လွှဲ့ဆီ ရောက်လာခြင်းပင်။ ပေးသို့သူ အမည်မပါဘဲ ထိုဘူးလေးပေါ်မှာ "လွှဲ့အတွက်"ဟူသော ခပ်



www.burmeseclassic.com

www.burmeseclassic.com



သော့သော့ လက်ရေးလေးကို တွေ့လိုက်သည်နှင့် ပို့သူဟာ ဘယ်သူလဲဆိုတာ လျှံ ဒက်ခနဲ သိလိုက်သည်။

ထက်ဆင့်ထူးကလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲကွယ်။ လျှံ K new မှာ ထိုဖိနပ်ကို ရွေးချယ်နေသည့်နေ့က ထက်ဆင့်ထူးလည်း ထိုဖိနပ်ကို ဝယ်နေပုံရသည်။ တိုက်ဆိုင်မှုလား တမင်လိုက်ဝယ်တာလား ဆိုတာကတော့ ကာယကံရှင်သာ သိမှာပေါ့။

တစ်နေ့. လျှံ မေမေခိုင်းသည့် ကိစ္စတစ်ခုဖြင့် ထောက်ကြံ့ဘက် ထွက်လာခဲ့သည်။ ကိုးမိုင်နားရောက်တော့ ရုတ်တရက် ကားဘီးပေါက်သွားကာ ကားက လမ်းလယ်ကောင်မှာ ကန့်လန့်ဖြတ်ကြီး ရပ်သွားသည်။ စပယ်ယာဘီးပါလာ၍ တော်သေးသည်။ မတော်တာက လျှံ ကားဘီးမလဲတတ်ခြင်းပင်၊ အကူအညီတောင်းရန် ဘေးဘီကိုကြည့်လိုက်တော့ လျှံ့ကားနားမှာ ကားတစ်စီး လာရပ်သည်။

"ဟင် … ထက်ဆင့်ထူး"

"လျှံ ကားဘီးပေါက်သွားတာလား"

"ဟုတ်ကဲ့"





"ဂျက်ပါလား"

"ပါတယ်"

"စပါယ်ယာဘီးရော ပါလား"

"အင်း"

ထို့နောက် သူက လျှံ့ကို ကားဘဲလဲပေးရင်း …

"လျှံ ကားပေါ်မှာ သွားထိုင်နေလေ၊ နေပူတယ်"

"ရပါတယ်"

"လျှံ့ကားကို စိတ်မချလို့လား၊ ကိုယ် သေသေချာချာ လုပ်ပေးမှာပါ၊ စိတ်ချလက်ချသာ သွားထိုင်နေ"

"ဟို … အဲလိုသဘောမျိုး မဟုတ်ပါဘူး။ ယူက လုပ်ပေးနေရတာမှ အားမနာ သွားမထိုင်ချင်လို့ပါ"

"ဟိတ် … ကိုယ့်ကို အားနာပြီး သွားမထိုင်ရင် လျှံပဲနေပူမိမှာပေါ့ကွ။ ယေဘုယျကျကျ တွေးစမ်းပါကွာ။ သွား … ဒီမှာ ကိုယ်တောင်ပြီးတော့မယ်"

လျှံကလည်း ပေကပ်ရပ်နေမိသည်။ သူက လျှံ့ခြေထောက်မှာ စီးထားသော ဖိနပ်ကိုကြည့်ကာ ကျေနပ်နေပုံရသည်။ ဘာကြောင့်ဆိုတော့ ထိုနေ့က လျှံ့ခြေထောက်မှာ စီးထားတာက ကျော်သား ပေးသော ဖိနပ်ရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြီးပြီ၊ ကားပေါ်တက်နေပါဆိုလည်း ပေကပ်ပြီး ရပ်နေတာပဲ"

သူက ဆိုးသွမ်းသော ညီမလေးကို ကျီစယ်နေသလို ပြောနေသည်။

"ကျေးဇူးတင်ပါတယ်လို့ မပြောတော့ဘူးနော်"

"ရပါတယ် လျှံရယ်၊ မလိုပါဘူး"

"သွားပြီ"

"အိုကေ လျှံ၊ ဖြည်းဖြည်းမောင်းနော်"

လျှံ ဘာမှပြန်မပြောတော့ဘဲ ကားကိုမောင်းထွက် သွားသည်။ ထက်ဆင့်ထူးက သူ့ကားပေါ်တက်လိုက်ကာ ပေနေ သော လက်နှစ်ဖက်ကို တစ်ရှူးဖြင့်သုတ်ရင်း ...

"မိဆိုးလေး ကျေးဇူးတောင် တင်ဖော်မရဘူး"

ဟု ပြောနေပေမယ့်လည်း သူ့မျက်နှာက ပြုံးပြနေ သည်။ ဘာပဲပြောပြော လျှံနဲ့ပိုပြီးနီးစပ်သွားသလို ခံစားရသည် လေ။

လျှံကလည်း ကျေးဇူးစကား မဆိုရခြင်းမှာ နောင် ကြုံကြိုက်သည့်အခါ ကော်ဖီတစ်ခွက်လောက် တိုက်မည်ဟူသော ရည်ရွယ်ချက်နဲ့ရယ်ပါ။





ထို့ပြင် လက်ဆောင်ပေးပြီး တန်ရာတန်ကြေး ပြန် တောင်းမည်ဆိုသော ကျော်သားကို သတိရသွားကာ ခေါင်းကို ဘယ်ညာယမ်းခါပစ်လိုက်သည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## "ထက်ဆင့်ထူး"

ထိုနောက်ပိုင်း ကျော်သားမှာ ပွဲရုံကိစ္စဖြင့် နယ်ကိုခရီးထွက်နေရသည်မို့ မေမင်းလျှံဆီ မဆက်သွယ်ဖြစ်ပါ။ ထိုမဆက်သွယ်ဖြစ်သော အချိန်မှာပဲ မေမင်းလျှံနဲ့ ထက်ဆင့်ထူးတို့ အခြေအနေက တိုးတက်နေသည်။

မေမင်းလျှံက ခေါင်းသွားလျှော်တော့ ထက်ဆင့်ထူးရှိမနေ။ ခေါင်းလျှော်ပြီး ပြန်အထွက်မှ ဆိုင်ထဲဝင်လာသော ထက်ဆင့်ထူးကို တွေ့ရသည်။

"ဒီနေ့ လျှံ လာမယ်ဆိုတာသိလို့ အပြေးပြန်လာတာ"

ဟု တွေ့တွေ့ချင်း အမောတကော နှုတ်ဆက်ရှာသည်။

သနားလိုက်ပါဘိတော့ကွယ်။

"ဘယ်သွားတာလဲ"





"မင်္ဂလာဆောင်တစ်ခု လက်ခံထားမိလို့လေ၊ သတို့သမီးရော အရံတွေပါမကဘူးကွာ၊ ဆွေမျိုးတစ်စုလုံးကို ပြင်ပေးရတာ၊ လက်အံ့ကိုသေရောပဲ"

"ဒါဆို ကိုယ် ယူ့ကို ကော်ဖီလိုက်တိုက်မယ်လေ"

"ဟင် ... တကယ်လား လျှံ"

"တကယ်ပေါ့။ Please ယမင်းကိုပါ ခေါ်လို့ရမလား၊ ရှင့်အလုပ်ချိန် ဆိုတော့လေ"

"မခေါ်စေချင်လို့ လုံးဝမဟုတ်တာတော့ ယုံကြည်ထားပေးနော်။ ကိုယ်က ပိုင်ရှင်ဖြစ်တာနဲ့ပဲ ဆိုင်ကဝန်ထမ်းကို အလုပ်ချိန်မှာ ထွက်ခွင့်ပြုလို့ မရဘူး၊ ကိုယ်ကစပြီး စည်းကမ်းဖောက်သလို ဖြစ်မှာစိုးလို့ပါ။ ပြီးတော့ Customer နဲ့ ဒီလိုသွားခွင့်လည်း မရှိဘူး။ သွားချင်ရင် ကိုယ့်နားရက်မှာသွား။ ဒါက စည်းကမ်းသတ်မှတ်ထားပြီးသားလေ။ သတ်မှတ်တာကလည်း ကိုယ်၊ စပြီးချိုးဖောက်တာလည်း ကိုယ်ပဲဆိုရင် မကောင်းဘူးလေ"

"အား ... ပြောလိုက်တာ နားတောင်အူချင်ချင်။ ကဲပါ ... ဦးစည်းကမ်းတိကျရယ်၊ ရှင့်ဝန်ထမ်းကို နောက်တစ်ခါကျွန်မ မခေါ်တော့ပါဘူး၊ ဒါနဲ့ ရှင်ရော ထွက်လို့ရရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com


"သိပ်ရတာပေါ့ ... ဟဲ ဟဲ"

လျှံက သူ့ကို မျက်စောင်းထိုးပြီး ရှေ့ကထွက်သွားနှင့်သည်။ လျှံ့ရဲ့မျက်စောင်းကြောင့် ဖြစ်ပေါ်လာသော ရင်ခုန်သံရဲ့ တော်လဲသံတွေကိုသာကြားရင် လျှံလေး ခြေလှမ်းတွေပင် မှားသွားနိုင်ရဲ့ ...။

သူမက ကားပေါ်တက်ပြီးမှ ကားပြတင်းမှ ခေါင်းကဲကြည့်ကာ ...

"ဘယ်သွားမလဲ"

"ရတယ် လျှံ သွားချင်တဲ့ဆီ သွားလေ၊ ကိုယ် နောက်ကလိုက်ခဲ့မယ်"

လျှံ ခေါ်သွားသော ကော်ဖီဆိုင်လေးက လူအတန်ငယ်ရှင်းကာ အေးချမ်းတိတ်ဆိတ်သော ဆိုင်လေးပါ။ ဆိုင်ထဲမှာ အနောက်တိုင်း ဂန္ထဝင်တေးသွားတစ်ပုဒ်ကို ခပ်တိုးတိုးလေးဖွင့်ထားသည်မှအပ ဘာဆူညံမှုမှမရှိ။

"ကိုယ် ဒီဆိုင်ကို တစ်ခါမှ မရောက်ဖူးဘူး"

"ဟုတ်တယ်၊ သိပ်မသိကြဘူး၊ ဒါပေမဲ့ ကော်ဖီနဲ့ မုန့်တွေက တကယ့်ရှယ်ပဲ၊ ပြီးတော့ သူများထက်လည်း ဈေးပိုကြီးတယ်"

"ဈေးကြီးတာက နေရာကြောင့်လည်း ဖြစ်နိုင်တယ်နော်"

ဆိုင်က ပြည်လမ်းမပေါ်မှာဖြစ်ပြီး စိုက်ပျိုးရေးမှတ်တိုင်နဲ့ မလှမ်းမကမ်းရှိ ခြံဝင်းကျယ်ကြီးထဲမှာဖြစ်သည်။ ခြံစည်းရိုးအုတ်တံတိုင်းက မြင့်သဖြင့် အတွင်းမှာရှိသော ထိုဆိုင်ကလေးကို သိပ်သတိမထားမိတာလည်း ဖြစ်နိုင်သည်။ ခြံဝင်းက အတန်အသင့်ကျယ်သဖြင့် ကားအစီးနှစ်ဆယ်လောက်တော့ ကောင်းကောင်းရပ်၍ ရသည်မို့ အဆင်ပြေသည်။

နှစ်ယောက်ဝိုင်း၊ သုံးယောက်ဝိုင်း၊ လေးယောက်စာဝိုင်း စသည်ဖြင့် နှစ်ယောက်စာဝိုင်းမှစ၍ ဆယ်ယောက်စာထိုင်လို့ရတဲ့ စားပွဲအထိ ပုံစံမျိုးစုံ ခင်းကျင်းထားသည်မို့ အမြင်တစ်မျိုးဆန်းနေကာ သာမန်ဆိုင်တွေနှင့် ကွဲထွက်နေယောင် ထင်ရသည်။

"ဘယ်ဂေါ်လဲ ထက်ဆင့်ထူး"

"ကြိုက်တယ်"

"ကော်ဖီကို မေးတာနော်"

"ဩော် ... ကော်ဖီကို မေးတာလား၊ ဟဲ ဟဲ"

"ဟွန်း ... မုန်းစရာ ကောင်းလိုက်တာ"

"နောက်မှ ပြောင်းပြန်တွေ ပြောနေရမယ်နော် လျှံ"



www.burmeseclassic.com

www.burmeseclassic.com

"အိပ်မက် မက်မနေစမ်းပါနဲ့ ထက်ဆင့်ထူးရယ်"

"လှျံ ကိုယ်တစ်ခု တောင်းဆိုပါရစေ၊ လှျံ့အတွက်ပါ"

"ဘာများလဲ"

"ကိုယ့်ကို ထက်ဆင့်ထူး ထက်ဆင့်ထူးနဲ့ ခေါ်နေတာ မမောဘူးလား လှျံရယ်၊ လှျံ့အတွက် ပြောတာပါ။ ကိုယ် ကတော့ လှျံ့ အသံတစ်ခွန်းပဲ ပိုကြားရ ကြားရ ကြားချင် တဲ့ကောင်ပါ၊ ကိုယ့်ကို ထူးလို့ပဲ ခေါ်ပါလား လှျံ"

"ရှင် သိပ်ပြီး စကားပြောကျွမ်းကျင်ပါတယ်"

"ကိုယ်သာ အပြောကောင်းရင် လှျံ ကိုယ့်အပေါ် ဒီထက် ပိုပြီး နွေးနွေးထွေးထွေး ဆက်ဆံမယ် ထင်ပါတယ် လှျံ ကိုယ့်ကိုကိုယ် အပြောကောင်းတယ်လို့ မထင်ပါဘူး"

"ထားလိုက်ပါတော့"

"ရပါတယ်၊ ထားပါတယ်"

"အိုကေ ... ကျွန်မ ရှင့်ကို ထူးလို့ခေါ်မယ်၊ ဒါ ကျွန်မ လေကုန်သက်သာရေးအတွက်ကလွဲရင် ဘာအတွက်မှမပါ ဘူးနော်"

"သိပါတယ်"

"ရှင်ဟာ ထူးဆန်းတယ် ထူး"





သူ ဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။

"ယောက်ျားတန်မဲ့ ပရော်ဖက်ရှင်နယ် အလုပ်ကို ဒီဇိုင်းတီး ပညာကို ရွေးချယ်တာ အံ့ဩစရာကောင်းတယ်။ ပြီးတော့ ရှင်က သူများတွေလို မာမီထူးလည်း မဟုတ်ဘူး၊ တကယ့် ကို ယောက်ျားပဲ"

"ဒါကတော့ လူတစ်ကိုယ် ဝါသနာတစ်မျိုးပေါ့ကွာ"

"အစ်မတွေနဲ့ ကြီးပြင်းရလို့လား"

"ဟင့်အင်း ... ကိုယ်က တစ်ဦးတည်းသောသား၊ ဒါပေမဲ့ ကိုယ်က အမေတွေ အဒေါ်တွေနဲ့ပဲ လက်ပွန်းတတီးနေရ တာများလို့ထင်တယ်၊ ကိုယ့်မှာ သိပ်အလုံကြိုက်တဲ့ အဒေါ် အပျိုကြီးနှစ်ယောက်ရှိတယ်၊ ငယ်ငယ်တည်းက သူတို့အလု ပြင်ရင် ကိုယ်က ထိုင်ငေးနေတာပဲ၊ ဒါပေမဲ့ ကိုယ့်ကိုလိမ် ပေးရင်တော့ လုံးမကြိုက်ဘူး၊ အသံကုန်ခြစ်ပြီးတော့ကို အော်ငိုတာတဲ့"

"အင်း"

"ဆယ်တန်းအောင်တော့ ဖေဖေက မေးတယ်၊ ဘာဝါသနာ ပါလဲ၊ ဘာလုပ်ချင်လဲပေါ့၊ ကိုယ်က မိတ်ကပ်ပညာသင် ချင်တယ်လို့ ပြောလိုက်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ဖေဖေက မတားဘူးပေါ့နော်၊ အံ့သြစရာပဲ"

"ဖေဖေလား မတားမှာ၊ ကိုယ့်စကား ကြားကြားချင်း ထ, ထိုးလိုက်တာ မျက်နှာတစ်ခြမ်းက ချက်ချင်းရောင်တက်လာတာပဲ။ နောက်တစ်သက်လုံး မပြောနဲ့ဆိုလို့ မပြောရဲတော့ဘူး။ အဲဒီနောက် ဖေဖေက ကိုယ့်ကို နိုင်ငံခြားကို ပညာသင်လွှတ်လိုက်တယ်၊ ဖေဖေ သင်စိုင်းလိုက်တာက စီးပွားရေးပညာ၊ ဒါပေမဲ့ ဟိုရောက်တော့ ကိုယ်က မိတ်ကပ်၊ ဆံပင်နဲ့ ပတ်သက်တဲ့ ပညာတွေပဲ သင်ခဲ့တယ်။ တစ်နှစ်လောက်ကြာတဲ့အထိ ဖေဖေ မသိသေးဘူး။ နောက်သိသိချင်းပဲ ရှော့ခ်ရပြီး ဟာ့တ်အတက်ခ်ဖြစ်လို့ ဆေးရုံတင်လိုက်ရသေးတယ်၊ နောက် ဆေးရုံမှာပဲ ဖေဖေဆုံးသွားခဲ့တယ်၊ ဖေဖေဟာ ကိုယ့်ကို ဒေါသတွေ မကျေနပ်ချက်တွေနဲ့ ဆုံးသွားရှာတယ်၊ ကိုယ် အသက်မီလိုက်ဘူး"

လှျံ ရင်ထဲမကောင်း။ ဆို့နင့်ကာ ငိုချင်သလိုလိုဖြစ်လာသည်။

ပြောနေသူရဲ့ မျက်ဝန်းမှာလည်း မျက်ရည်စတွေ တလဲ့လဲ့။





"အဲဒါကြောင့် ကိုယ့်ရဲ့အရင်းအနှီးက သိပ်ကိုများသွားတယ်။ ဒီပညာကို ဖေဖေနဲ့ လဲယူလိုက်ရသလို ဖြစ်သွားတယ်။ ကိုယ် ဒီလောကမှာ အောင်မြင်မှ တန်မှာပေါ့။ အဲဒီတော့ ဖြစ်ချင်စိတ်က အရင်ကထက် အဆပေါင်းများစွာ ပိုပြင်းထန်လာတယ်။ ဒါပါပဲ။ ဖေဖေ ရှိနေရင်တော့ ကိုယ် ဒီလိုလုပ်ဖြစ်မယ် မထင်ဘူး"

လှျံက သူ့ကို သနားသလို မျက်ဝန်းတွေနဲ့ စိုက်ကြည့်နေသည်။

"အဲလို မကြည့်နဲ့ကွာ"

"ဘာလို့လဲ"

"ကိုယ့်ကို သနားသလို ကြည့်တာကို မကြိုက်ဘူး"

"အံ့မယ် ... ကြီးကျယ်လိုက်တာ"

"လှျံကလေးရဲ့ ကိုယ်ချစ်တဲ့ မိန်းကလေးက ကိုယ့်ကို အားကိုးတဲ့ အကြည့်မျိုးပဲ ကြည့်စေချင်တာ ယောကျ်ားလေးတွေရဲ့ သဘာဝပဲကွယ်၊ မှတ်ထား"

"ဇာတ်လမ်းကောင်းရင် ကြော်ငြာကဖျက်ပြီ"

"လှျံ"


www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ကိုယ်တို့ သူငယ်ချင်း ဖြစ်ပြီပေါ့နော်"

"ရတယ်၊ သူငယ်ချင်းဆိုတဲ့စည်း ခြားနေတာက ပိုကောင်းတယ်"

"ဟာကွာ ... သေပါတော့၊ ညှံ့လိုက်တဲ့ ငါပါလားနော်"

"ကိုယ့်အရည်အချင်း ကိုယ်သိရင် ပြီးတာပဲ"

"ဘာပဲဖြစ်ဖြစ် လျှံ့နဲ့ ဒီလောက် နီးစပ်ခွင့်ရတာကို တော်တော်လေး ပျော်နေပြီ"

"မာန်တောင် တက်ချင်လာပြီ"

"ပြီးတော့ တစ်ခု ခွင့်တောင်းချင်တယ် လျှံ့"

"ဧ,လာပြီ"

"အဲလိုတော့ မထင်ပါနဲ့၊ ကိုယ်ဟာ အခွင့်အရေး ယူတင်ဟဲ့ကောင် မဟုတ်ဘူး လျှံ့"

"ဘာခွင့်တောင်းချင်တာလဲ"

"လျှံ့ကို ကိုယ်ကိုယ်တိုင် ခေါင်းလျှော်ပေးချင်တယ်ကွာ Please ! "

သူမ ခေါင်းယမ်းသည်။





"တစ်ခါလောက်ပဲဖြစ်ဖြစ်"

"ဆောရီးပါ၊ ကျွန်မခေါင်းကို ယောက်ျားလေးတစ်ယောက် ကိုင်တာ မနှစ်သက်လို့ပါ"

"ကိုယ် အဲဒီအခွင့်အရေး ဘယ်တော့မှ မရနိုင်ဘူးလား လျှံ့၊ တစ်သက်လုံးလေ"

"မပြောတတ်သေးဘူးလေ"

သူကတော့ သူမရဲ့ဆံပင်ရှည်တွေကို ငေးမောလို့။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း လှျံနဲ့ ထက်ဆင့်ထူး ပိုပြီး ရင်းရင်းနှီးနှီး ရှိလာသည်။ ထက်ဆင့်ထူးက သူ့ထက် နှစ်နှစ်ခန့်ငယ်သော ထိုသူငယ်မကို ကလေးတစ်ယောက်လို အလိုလိုက်သည်။ ဘာ ပြောပြော ဘာပဲလုပ်လုပ် ခွင့်လွှတ်ကြည်ဖြူထားသည်။ ဒီ လှျံက သူ့အပေါ် ဆိုးပြီးရင်း ဆိုးလာမိသည်။

"ထူး"

"ပြောလေ လှျံ"

"ဘာဖြစ်လို့ လှျံ့ဆီကို မုန့်တွေပို့လိုက်တာလဲ"

"ဟာ ... စားစေချင်လို့ပေါ့ကွ"

"လှျံက ထူး ပို့ပေးမှ စားနိုင်မယ့်သူလား"

"ဟာ ... လှျံလေး"

"ပြောလေ ထူးရဲ့"

"မဟုတ်ပါဘူးကွာ"





"အဲဒါဆို နောက်ကိုမပို့နဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

ဘာပဲပြောပြော ထက်ဆင့်ထူးဟာ သူမလေးကို ချစ်ကြည်ဖြူဆဲ။ တစ်နေ့လည်း ကျော်ကြာရိုက်ကွင်းတစ်ခုမှာ ပင်တိုင်မော်ဒယ်လ်ကို မိတ်ကပ်သွားပြင်ပေးနေတုန်း ဖုန်းဝင်လာသည်။

"ဟဲလို ... ထူးလား"

"ထူးပါတယ် ခင်ဗျာ ပြောပါ"

"ထူး မနောက်နဲ့၊ လှျံ အရေးကြီးနေလို့၊ လှျံ့ဆီ အခုလာခဲ့ပေး"

"အင် ... ဘယ်ကိုလာရမှာလဲ"

"ဓာတ်ပုံတိုက်ကိုလေ"

"ကိစ္စက အရေးကြီးနေလား လှျံလေး"

"အာ ... ထူး ဘာဖြစ်နေတာလဲ၊ လာဆို လာခဲ့ပေါ့"

"ကိုယ်ကလေ ..."

"ထူး ဘယ်ရောက်နေလို့လဲ"

"ကိုယ် အခု ရုပ်ရှင်တစ်ခုကို ရောက်နေတယ်၊ ကိုယ်နဲ့ ပင်တိုင်မော်ဒယ်လ်ကို မိတ်ကပ်ပြင်နေရင်း ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြီးခါနီးပါပြီ။ ကိုယ် ပြီးတာနဲ့ ချက်ချင်းလာခဲ့မယ်ကွာ … နော်"

"တော်ပြီ မလာနဲ့တော့"

"ဟာ … လျှံလေး၊ အဲလို မဟုတ်ပါဘူး၊ ကိုယ်လာခဲ့မယ်၊ နပဲလာပြီ သိလား"

"မဟုတ်ဘူး ထူးရဲ့၊ မလာနဲ့တော့ ဆိုတာက လျှံပဲ ထူးဆီ လာခဲ့မယ်လို့ ပြောမလို့၊ ထူး ဘယ်မှာလဲပြော"

"ဖြစ်ရဲ့လား၊ လျှံ မဖြစ်ရင် ကိုယ်လာခဲ့မယ်"

"ကျွတ် … စကားအပိုတွေ သိပ်ပြောတာပဲ၊ ထူး အခုဘယ်မှာလဲ … ပြော"

"ကန်တော်ကြီးထဲမှာ"

"အိုကေ"

ဖုန်းချသွားပြီး မင်းသမီးဘက် ပြန်လှည့်ရတယ်လေ။ မင်းသမီးရဲ့ ချွဲပစ်ပစ်အသံက ထွက်လာပြီး …

"ကိုထူး … မီးအလှည့် ရောက်တော့မှာ၊ မီးမှာ ဘာမှမပြီးသေးဘူးကွာ"

"အင်း … လာပါပြီ"

"ဘယ်ကဖုန်းလဲဟင်"





"သူငယ်ချင်းဆီကပါ"

"သူငယ်ချင်းက ကောင်မလေးလား"

"အင်း"

"ဟင် … ဒါဆို မီးနဲ့သူ ဘယ်သူ့ကို ပိုခင်လဲ"

"မင်းကို ပိုခင်တာပေါ့"

"တကယ်နော်"

မျက်ဆန်လေး ထောင့်ကပ်ကာ မေးနေသော မင်းသမီးကို သူ ပြုံးကြည့်ရင်း ခေါင်းညိတ်ကာ …

"ဟုတ်တယ်၊ တကယ် မင်းကို ပိုခင်တာ၊ ဘာလို့လဲဆိုသော့ သူ့ကို မခင်ဘူးလေ၊ အသည်းနင့်အောင်ပဲ ချစ်နေတာ"

"ကိုထူး … တကယ် … တကယ်လားဟင်"

"အင်း"

"ကိုထူးပြောတော့ ရည်းစားမရှိဘူးဆို"

"သူက ကိုယ့်ကို အဖြေပြန်မပေးရသေးဘူးလေ"

"ဩော်"

"ကဲ … ပြီးပြီ၊ ကြည့်ပါဦး၊ ဘယ်နားလေး လိုသေးလဲလို့"

"ဟင့်အင်း … ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ လျှံရဲ့ကားလေးကို လှမ်းတွေ့လိုက်ရသည်။ သူ ကားနားပြေးသွားကာ ကားတံခါးကို သွားဖွင့်ပေးလိုက်သည်။ လျှံရဲ့မျက်နှာလေးက ညိုမှောင်ပုပ်အဲ့နေသလို နှာသီးဖျားလေးတွေလည်း နီနေသည်မို့ လျှံ ပုံမှန်မဟုတ်ဘူးဆိုတာ သူ သိလိုက်သည်။

"လျှံ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လာတာလဲ ပြော"

"လျှံ အိမ်နဲ့ စိတ်ကောက်လာတယ်"

"အဲ ... ဘာလို့လဲ"

"မေကြီးတို့က လျှံကို ယောကျ်ားပေးစားကြလို့တဲ့လေ၊ လျှံ့ကို ဒီအတိုင်းနေတာ မကြည့်ချင်ကြဘူးနဲ့ တူပါတယ်"

"ဟင် ... လျှံလေး၊ ဒါဆို လျှံလေး ယောကျ်ားယူတော့မှာပေါ့"

သူ စိုးရိမ်တကြီး မေးလိုက်မိသည်။

"အား ... လာပြန်ပြီ။ ဘာလို့ ယူရမှာလဲ၊ လုံးဝပဲ၊ လျှံ့ ဘာသာ လွတ်လွတ်လပ်လပ်ပဲ နေချင်တာ၊ လျှံ ယောကျ်ား မယူချင်ဘူး ... အီး"

"ဟောဗျာ၊ မငိုနဲ့လေ လျှံလေးရဲ့၊ တော်သေးတာပေါ့ကွာ၊ လျှံလေးမိဘတွေက အတင်းအကျပ်တော့ မစီစဉ်သောက်ပါဘူးနော်"





"လျှံ သဘောမတူရင်တော့ အတင်းလုပ်မယ် မထင်ဘူး"

"ဒါဆိုလည်း ပြီးရောပေါ့ လျှံလေးရဲ့၊ မကြိုက်ရင် မကြိုက်ဘူး ပြောလိုက်ပေါ့။ လျှံလေးမိဘတွေကလည်း လျှံလေး သဘောမတူရင် အတင်းအကျပ် လုပ်မှာမဟုတ်ဘူးဆို။ ဒါဆို အေးဆေးပေါ့"

"ဒါပေမဲ့ လျှံ ဝမ်းနည်းလို့၊ မေမေတို့က လျှံ့ကိုမချစ်တော့ဘူးလား မသိဘူး"

"အဲလိုမထင်ရဘူးလေ လျှံလေးရဲ့၊ မချစ်ရင် ဘယ်ဂရုစိုက်ပါ့မလဲ၊ ခုက ချစ်လို့၊ လျှံလေး ရှေ့ရေးအတွက် စိတ်ပူလို့ စီစဉ်တာ နေမှာပေါ့"

"ဘာလဲ ... ထူးကပါ သဘောတူနေတာပေါ့လေ"

"မဟုတ်တာကွာ၊ ကိုယ်က ဘယ်လိုလုပ် သဘောတူနိုင်မှာလဲ၊ စဉ်းစားကြည့်ပါဦး၊ ဒါပေမယ့် ဟဲ ဟဲ ... သတို့သားက ကိုယ်ဆိုရင်တော့ တစ်မျိုးပေါ့"

"ထူးနော် သူများ စိတ်ညစ်နေတာကို သူက ရယ်စရာလုပ်နေသေးတယ်"

"ရယ်စရာလို့ မထင်နဲ့ ကလေးမရဲ့၊ အဲဒါ ကျွန်တော် တကယ်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ"

"အလကားပါကွာ၊ လျှံ စိတ်ညစ်တယ်ဆိုလို့ ပျော်အောင် ပြောပေးတာပါ၊ အခုကလည်း လျှံ့မေမေက မယူမနေရ အတင်းပေးစားနေတာမှ မဟုတ်တာကွာ၊ အေးဆေးပါပဲ၊ ဘာစိတ်ညစ်ရာရှိလဲ၊ ကိုယ်မကြိုက်ရင် ငြင်းလိုက်ပေါ့။ ကဲ ... ကဲ ... ကလေးလေး စိတ်ညစ်နေတယ်ဆိုတော့ ကိုကြီး မုန့်ဝယ်ကျွေးမယ်၊ ဘာစားမလဲပြော"

"ထူး"

"ပြောလေ၊ ဘာစားမလဲ"

"တကယ် ကိုကြီးတော်မလားဟင်၊ မောင်နှမလိုလေ"

"မတော်ချင်ဘူး"

"သွား ... ဒါများ ကိုကြီး ဘာညာလုပ်နေသေးတယ်၊ လျှံ က အစ်ကိုတစ်ယောက်လောက် ရှိချင်တာ၊ တစ်ယောက် တည်းနေရတာ အရမ်းအထီးကျန်တယ် ထူးရဲ့"

"ကိုယ်လည်း တူတူပါပဲကွာ၊ ကိုယ်လည်း တစ်ဦးတည်း သောသား ဆိုတော့ ညီမလေးတစ်ယောက်လောက်တော့ လိုချင်တာပေါ့၊ ဒါပေမဲ့ လျှံ့ကိုတော့ ညီမလေး မတော် ချင်ဘူး"





"သွား ... မကောင်းဘူး"

"သွားမကောင်းဘူးလား၊ ဒါဆို Dental Clinic (သွားဆေး ခန်း) တစ်ခုခုမှာ သွားပြဦးလေ လျှံ။ ငယ်ငယ်ရွယ်ရွယ် နဲ့ အသွားကြီး ဖြစ်နေဦးမယ် ... အား"

သူ့စကားပင် မဆုံးလိုက်၊ လျှံက သူ့ကို ထုပါလေ တော့သည်။

ကန်တော်ကြီးရဲ့ မြက်ခင်းပြင်က စိမ်းစိုနေပါသည်။ ထိုမြက်ခင်းတွေပေါ်မှာ ပြေးလွှားနေသော ကောင်လေးနဲ့ ကောင် မလေးကတော့ ပဟ်ဝန်းကျင်ကို မေ့လျော့ကာ လောကကြီးနဲ့ အဆက်အသွယ် ပြတ်နေသလား။ အကဲခတ်နေတဲ့ မျက်လုံးတွေ ကိုတော့ ...။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



"မေ"

"ဟင် ... ကျော်သား"

စိတ်အနှောင့်အယှက် ဖြစ်နေသော လှျံ၊ သူ့ကို မြင်တော့ ပိုပြီးစိတ်အနှောင့်အယှက် ဖြစ်သွားသည်။

"ဘာကိစ္စလဲ ကျော်သား"

"ဖိနပ်ဖိုး လာတောင်းတာလေ မေ"

"ဘယ်လောက်လဲ"

"ကျေးဇူးပြုပြီး တစ်ဆိုင်ဆိုင်မှာ ကော်ဖီတစ်ခွက်လောက် လိုက်တိုက်ပါ"

"ကျွန်မ အခု အရမ်းအလုပ်ရှုပ်နေတယ် ကျော်သား၊ နောက်မှ တိုက်မယ်"

ကျော်သားက ဆိုင်ထဲကို ဝေ့ဝဲကြည့်ပြီး ...

"လူရှင်းနေသားပဲ မေ"





"ဒီမယ် ကျော်သားရဲ့ ကျွန်မ မအားဘူးဆို မအားဘူး ပေါ့"

"မတိုက်ချင်ဘူးဆိုရင် မတိုက်နိုင်ဘူးလို့ ပွင့်ပွင့်လင်းလင်း ပြောမှပေါ့ မေရဲ့"

"ရှင်ဟာ တော်တော် အလိုက်မသိတဲ့ သူမျိုးပဲ ကျော်သား၊ ဟုတ်တယ် မတိုက်နိုင်ဘူး၊ မအားသေးဘူး၊ ကျွန်မ အချိန်ရရင် ဖုန်းဆက်လိုက်မယ်၊ ဒါပဲ"

ပြောပြီးတာနဲ့ လှျံက ကွန်ပျူတာကို ဖွင့်လိုက်ကာ အလုပ်ရှုပ်ချင်ယောင် ဆောင်နေလိုက်သည်။

"အိုကေ မေ၊ ကိုယ့်ဘဝမှာ ပထမဆုံး အလျှော့ပေးတဲ့ မိန်းကလေးက မေပဲ၊ ကိုယ်ပြန်မယ်၊ မေ့စကားကို ယုံကြည်စွာနဲ့ ကိုယ်စောင့်နေမယ်၊ မေ အားတဲ့နေ့ ကိုယ့်ဆီဖုန်းဆက်လိုက်ပါ"

လှျံက ပြီးပြီးရော ခေါင်းညိတ်ပြလိုက်သည်။

"မေ ကိုယ်စောင့်နေမှာနော်"

သူမလည်းခေါင်းထပ်ညိတ်ပြလိုက်သည်။ ကျော်သား က ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြပြီး ထွက်သွားသည်။

"မျက်ကြောလိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်စွန်းတစ်စ ကြားသွားသော ကျော်သားက တဟားဟား အော်ရယ်သွားသည်။

တကယ်ပဲ ကျော်သား မေမင်းလျှံဆီ ထပ်မရောက်လာခဲ့ပါ။ ဖုန်းပင်မဆက်။ တစ်ပတ်တိတိ ကြာသွားတော့မှ မေမင်းလျှံက ကျော်သား ပြောသွားသော စကားတွေကို ဖျတ်ခနဲ သတိရသွားသည်။ မှတ်မိရခြင်း အကြောင်းအရင်းကလည်း ကျော်သားကို တွေ့လိုက်သောကြောင့်ဖြစ်သည်။

ကျော်သားကတော့ ကောင်မလေးတစ်ယောက်နှင့် လက်ချင်းတွဲချိတ်လို့ မိုးမမြင် လေမမြင်ပင်။ ကျော်သားအားက ကောင်မလေးဟာ တက်သစ်စ မော်ဒယ်လ်မလေး ဆိုတာကိုတော့ ကင်မရာရှူးလေး မေမင်းလျှံက သိနေပါသည်။

စမတ်ကျ၍ ချစ်စရာကောင်းသော ကောင်မလေးရဲ့ဘေးမှာ ကျော်သား ပုံစံက မြောက်ကြွကြွနှင့် (သူမထင်နေတာလည်း ဖြစ်နိုင်ပါသည်)။

ကောင်မလေးဆီက ရောင်ပြန်ဟပ်နေ၍လား မသိ။ ထိုနေ့က ကျော်သား ပုံစံက ကြည့်ကောင်းနေသည်။ ရေညှိစိမ်းရောင်တီရှပ်က ကျော်သားရဲ့ ညိုပေမယ့် စိုဝင်းသော အသားအရေကို ပိုပြီးလင်းလက်စေသည်။





အိတ်ကပ်တွေ အများကြီးပါသော ရှော့ပင်ပွပွကြီးကလည်း ကျော်သားကို ပိုပြီးလူငယ်ဆန်စေသလို All Star တံဆိပ် အနီရောင်ရှူးတစ်ရံကလည်း ကျော်သားရဲ့ဖက်ရှင်ကို ပံ့ပိုးထားပြန်သည်။

လက်မှာက နိုင်းတူဖိုက်ဟန်းချိန်းကြီးကြီးတစ်ခု ဝတ်ထားပြီး လည်ပင်းမှာလည်း ဟန်းချိန်းနှင့်ဆင်တူ အရွယ်အစားရှိသည့် ဆွဲကြိုးတစ်ကုံး။ အမယ်လေး ...။ လျှံကတော့ သူ့ကို ကြည့်ကာ ကုပ်ပဲလေးလာသလိုလို၊ လည်ပင်းတွေပဲ ညောင်းလာသလိုလို ခံစားရသည်မို့ ယောင်ယမ်းပြီး ခေါင်းကို ဘယ်ညာ တစ်လှည့်စီ ဆတ်ခနဲခါကာ အညောင်းဖြေလိုက်မိသည်။

လျှံ ဘယ်လောက်အထိ ကြည့်နေမိလဲမသိ။ ရုတ်တရက် ကျော်သား လျှံ့ရှေ့ရောက်လာတာပင် သတိမမူမိပေ။

"မေ မျက်လုံးကြီးလည်း အပြင်ပြုတ်ကျတော့မယ်၊ ကြည့်လှချည်လားကွာ၊ တွေ့ရင်လည်း လှမ်းခေါ်လိုက်ရောပေါ့"

လျှံ ကြည့်တာ လူမိသွားသဖြင့် ရှိန်းခနဲဖြစ်သွားကာ ပူထူရှက်ရွံ့သွားသော်လည်း အပေါ်ယံမျက်နှာထားကတော့ ...းဝမှင်မပျက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကျော်သားရယ်၊ တို့ ယူ့ကိုလုံးဝမတွေ့ဘူး၊ တကယ်ပဲ သူ့ကို ငေးနေတာ၊ သူက တက်သစ်စ မော်ဒယ်လယ်လေး မဟုတ်လား။ သူ့ရဲ့ဝတ်စားပုံက သိပ်ပြီး စမတ်ကျတယ်။ မင်းက Photoginic (ဓာတ်ပုံစား)ဖြစ်မယ့် ပုံပဲ သိလား။ မင်း နာမည်ကြီးဦးမှာ သိလား"

သူမ ကျော်သားကို ဖွတ်မိုတ် ညာပစ်လိုက်သည်၊ သူမဘေးမှာ ရပ်နေသော သူ့ရဲ့ကောင်မလေးကိုသာ တတွတ်တွတ် အမွှမ်းတင်ကာ သူ့ဘက် ယောင်၍ပင် လှည့်မကြည့်။ (ကြည့်မိ လျှင် ညာလို့ရမှာ မဟုတ်ဘူးလေ)။

ကျော်သားကလည်း သိပါသည်။ သူ့ဘက် လုံးဝမ လှည့်ကြည့်ဘဲ ဖွတ်ညာနေသော ကောင်မလေးကို ပညာပေးချင် လာသည်။

"သြော် ... ကိုယ်က ကိုယ့်ကိုကြည့်တယ်မှတ်လို့ မေရဲ့ ရှက်လိုက်တာကွာ၊ ဒါနဲ့ မေက သူ့ရဲ့ပရိသတ်ပေါ့"

ကျော်သား သူမကို ချောက်ချတော့မည်ကို ဖျတ် ခနဲရိပ်မိလိုက်သော လျှံက ...

"သူ့ပရိသတ်ရယ်လို့တော့ မဟုတ်သေးဘူးပေါ့၊ ဒါပေမဲ့ လျှံက သူ့ကိုသိနေတာလေ၊ ခုလည်း သူ့ရဲ့ဖက်ရှင်ကိုငေး သွားရတာပေါ့"





ကျော်သားရဲ့မော်ဒယ်လ်မလေးကတော့ ပြုံးနေလိုက် ဘာ နှုတ်ခမ်းပင် မစေ့နိုင်၊ လျှံက မိန်းကလေးချင်း သူမကို ဘအားသဘောကျပြနေတာကို။

ကျော်သားကတော့ သူ့အကြံအစည်ကို ရိပ်မိစွာဖြင့် လှလှပပ ရှောင်ထွက်နိုင်သော သူမကိုကြည့်ကာ အသည်းတယား သား ဖြစ်နေသည်။

"မေ"

"ပြောလေ ကျော်သား"

"ကိုယ် မေ့ရဲ့ဖုန်းခေါ်သံကို စောင့်နေတာ"

"အင်း ... လျှံ သတိရပါတယ်၊ မအားသေးလို့ မဆက် ဖြစ်တာ"

"မေ အခု အချိန်ရတယ်မို့လား"

မေမင်းလျှံက ပြန်မဖြေဘဲ သူ့ကိုကြည့်နေသည်။

"မေ အခု ကော်ဖီလိုက်တိုက်ပါ"

"မောင် ချစ်ကို မေ ... အင်း မေပေါ့နော်၊ မေနဲ့ မိတ် မဆက်ပေးရသေးဘူးနော်"

"အိုကေ ... မောင် သတိရတာပေါ့၊ ဘယ်လိုလဲ မေ၊ ကိုယ်တို့ နစ်ယောက်ကို ကော်ဖီတိုက်နိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျွန်မ ပြောမလို့ပါပဲ၊ ရှင်က ဦးသွားလို့ပါ။ ကျွန်မက မေမင်းလှျံပါ၊ ကျော်သားနဲ့အတူ ကော်ဖီလိုက်သောက်ဖို့ ဖိတ်ပါတယ်"

"ဟုတ် ... ချစ်နှာမည်က ချစ်ပြည့်ပါ"

အဲလိုနဲ့ သူမတို့သုံးယောက် ကော်ဖီရှော့လေးတစ်ခုကို ရောက်သွားပါသည်။ ပြီးတော့ ပြန်ကာနီးကျမှ ...

"ချစ် ... မောင့်ကို မေက ဘာလို့ ကော်ဖီတိုက်ရတာလဲ သိလား"

"ဘယ်သိမလဲ မောင်ရဲ့"

ကျော်သားက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး ...

"ဟဲ ဟဲ ... သူ့ ကိုယ့်ကို ဖိနပ်တစ်ရံဖိုး အကြွေးဆပ်စရာရှိလို့လေ၊ ဒါတောင် ပက်ပင်းတွေ့လို့ အကြွေးဆပ်တာနော်၊ မဟုတ်လို့ကတော့ ..."

"ကျော်သား ... ရှင် ... ..."

"အိုး ... မောင်ကတော့လေ၊ အဟင်း ... သူ[illegible] အဲလိုပဲ မေရဲ့အစအနောက် သိပ်သန်တာ"

"ကို စနေတာ မဟုတ်ဘူး၊ တကယ် ကိုယ့်ကိုဖိနပ်ဖိုးကြွေးဆပ်စရာရှိတာ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲလေ၊ သူ အခုစီးထားတဲ့ ဖိနပ်ဖိုးပေါ့"





မေမင်းလှျံက ရုတ်တရက် ဖိနပ်ကို ချွတ်လိုက်ကာ ...

"ရော့ ... ကျော်သား၊ ရှင့်ဖိနပ်ကို ပြန်ယူ၊ ဒါဆိုရင်တော့ ရှင်နဲ့ကျွန်မကြားမှာ လှောင်ပြောင်ကဲ့ရဲ့စရာ အကြွေးတစ်ခု မရှိတော့ဘူးပေါ့၊ အိုခေ"

"အိုး ... မေ"

ချစ်ပြည့်ရဲ့ အသံသဲ့သဲ့က နောက်မှာကျန်ခဲ့သည်။ ကော်ဖီဆိုင်ထဲမှ ခြေဗလာဖြင့် ထွက်သွားသော မေဟာ ကတ္တရာလမ်းရဲ့ ပူပြင်းမှုကို ခုန်ဆွဆွဖြင့် ဖြတ်ကျော်လျက် တစ်ဖက်ကားလမ်းပေါ်တွင် ရပ်ထားသော သူမကားပေါ်တက်ကာ မောင်းထွက်သွားသည်။

ကျော်သားက စီးသွမ့် ကျန်နေခဲ့ရှာသော ဖိနပ်ကလေးကိုကြည့်ကာ သူ့ရဲ့ကိုးစားသန်မှုအပေါ် ပထမဆုံး နောင်တရသွားခဲ့သည်။

မေမင်းလှျံကတော့ ကျော်သား ဆိုသော စာမျက်နှာတွေဆို ဆွဲစုတ်ပစ်ချင်လောက်အောင် မုန်းတီးသွားမိသည်။

♥ ○ ♥

www.burmeseclassic.com



ထိုညက မေမင်းလျှံရဲ့ဖုန်းမှာ ကျော်သားရဲ့ဖုန်းနံပါတ်တွေ တန်းစီနေခဲ့သည်။ ထို့နောက် မထင်မှတ်တဲ့ဖုန်းတစ်ခုလည်း ဝင်လာသည်။ မေမင်းလျှံကလည်း ကျော်သားရဲ့ဖုန်းကလွဲရင် ကိုင်ပါသည်။

"ဟဲလို ... မေလား၊ ချစ်ပြည့်ပါ"

"အင်း ... ချစ်ပြည့် ပြောလေ"

"ဟိုလေ ... နေ့လယ်ကကိစ္စအတွက် ..."

"ဘာကိစ္စလဲ ချစ်ပြည့်ရဲ့၊ တို့ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး"

"အင်း ... အင်း ... အဲဒါလေ မောင့်ကိုယ်စား ချစ်ပြည့်တောင်းပန်ပါတယ်"

"ကိုယ်စား မပြောနဲ့ ချစ်ပြည့်ရဲ့၊ သူကိုယ်တိုင်တောင်းပန်ရင်တောင် ဆောရီးပါပဲ။ ဩော် ... ချစ်ပြည့် ဟာစ်ခုလောက်တော့ ပြောချင်တယ်။ ကျော်သားက တို့ကို ချစ်ပြည့်ရဲ့





မှာ ဒေါက်ပြုတ်စေချင်တာလေ၊ တို့က ဒေါက်ဖိနပ်မစီးတတ်လို့ စီးထားတဲ့ ကွင်းထိုးဖိနပ်ပဲ ချွတ်ပေးခဲ့တယ်လို့၊ ဒါပဲနော် တို့ အိပ်ရာဝင်ချိန် ရောက်နေလို့"

ပြောပြီး ဖုန်းကိုပိတ်ကာ စိတ်ချမ်းသာစွာ အိပ်ပျော်ဖို့ ကြိုးစားလိုက်သည်။

ထိုဖြစ်ရပ်အတွက် မေဟာ သူ့ကို ဒေါသတကြီးဖြင့် တစ်ခုခု ပြန်တုံ့ပြန်လိမ့်မည်ဟု ကျော်သား ထင်ထားခဲ့သော်လည်း မေမင်းလျှံက ငြိမ်ချက်သား ကောင်းနေသည်။

သူမဘက်က ဘာတစ်ခုမှ မတုံ့ပြန်ခဲ့။ သူမ ကွယ်ရာကနေ သူမကို တိတ်တဆိတ် လိုက်ကြည့်နေခဲ့သော ကျော်သားဟာ သူမရဲ့ အေးဆေးငြိမ်သက်မှုကို တွေ့ရသောအခါ ...။

တစ်ရက်ထက် တစ်ရက် ဘာတုံ့ပြန်မှုမှမရှိ။ သူမဘက်က သူ့အပေါ် စိတ်ဝင်စားမှု မရှိပါလားဟု လက်ခံရချိန်မှာတော့ ကျော်သားတစ်ယောက် တော်တော်လေးကို စိတ်ကသိကအောက် ဖြစ်မိသည်။

ပြီးတော့ သူမကို ဆုံးရှုံးလိုက်ရသလို ခံစားရကာ ဝမ်းနည်းမိသလိုပင် ဖြစ်မိသည်။ သူမကို တောင်းပန်ဖို့ ကြိုးစားသော်လည်း စိတ်ကမရဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ တစ်ရက်ပြီးတစ်ရက် ကြာလာတော့မှ ထိုရက်တွေကို ပြန်တွက်ကာ ခုမှ တောင်းပန်ရင်လည်း ပိုဆိုးနေမလား ဟုတွေးကာ မတောင်းပန်ဖြစ်နှင့် သံသရာလည်ကာ ကျော်သားမှာ မပျော်မရွှင်နှင့် စိတ်တွေညှစ်လာကာ အရင်က ခေါင်းထဲလုံးဝမရှိသော မေမင်းလျှံက သူ့ခေါင်းထဲ အတွေးထဲမှာ တစ်စတစ်စဖြင့် နေရာယူလာသည်။

ဖိနပ်မပါဘဲ ကတ္တရာလမ်းပူပူပေါ်မှာ ခုန်ဆွခုန်ဆွဖြင့် လျှောက်သွားသော ပုံစံလေးကို မြင်ယောင်ကာ စိတ်မကောင်းဖြစ်မိသည်။

သူမသိပ်ကြိုက်နေသော ဖိနပ်မို့လို့သာ သူ့လက်ဆောင်ကို လက်ခံခဲ့တာဖြစ်ပြီး သူ့ရဲ့ကျူးလွန်မှုကြောင့် စိးနေလျက်ကပင် ချွတ်ထားခဲ့သော ဖိနပ်ကလေးကို သူမ ကြိုက်သေးရဲ့လားဟုလည်း တွေးနေမိသည်။

ဘာပဲဖြစ်ဖြစ် ကျော်သား သူမရှေ့သို့ ပြန်မသွားရဲသေးပါ။

တစ်နေ့ ထုံးစံအတိုင်းပင် ကျော်သား သူမကို သွားချောင်းမိသည်။ သူမရဲ့ဓာတ်ပုံဆိုင်နဲ့ မလှမ်းမကမ်းမှာ အအေးဆိုင်လေးတစ်ဆိုင် ရှိသည်မို့ ထိုအအေးဆိုင်လေးမှ သူမ လာမည့်အချိန်ကို မှန်းကာ စောင့်ကြည့်ရသည်။





သူမရဲ့ကားလေး ဓာတ်ပုံတိုက်ရှေ့မှာ ရပ်သွားပြီး သူမ ကားပေါ်က ဆင်းလာချိန် ကျော်သားကလည်း သူမခြေထောက်လေးကိုပဲ လှမ်းကြည့်လိုက်မိသည်။

"ဟင်"

ကွင်းထိုးဖိနပ်ကလေးပါလား။ ဒါပေမဲ့ ထိုဖိနပ်ကလေးဟာ သူ လက်ဆောင်ပေးထားသောဖိနပ် မဟုတ်တာတော့ သေချာသည်။ ထိုဖိနပ်မျိုးဟာ ရှားပါးပုံစံဖြစ်ပြီး သူ့ဆိုင်မှာပင် သွင်းတာမို့ သူမ သူ့ဆိုင်ကများ သွားဝယ်ခဲ့လေသလား။

ဒါပေမဲ့ သူမ တခြားက ဝယ်တာလည်း ဖြစ်နိုင်တာပဲလေ။

မှားပြီးသွားတဲ့ အမှားတစ်ခုဟာ ဘယ်လိုမှ ပြန်ပြင်လို့ မရနိုင်တော့။ ကော်ဖီဆိုင်မှာ ဘာပြဿနာမှ မရှိဘူးဆိုရင် ခုချိန်မှာ အခြေအနေတွေက အေးအေးဆေးဆေး ဖြစ်နေမှာ။ ကျော်သား ဘဝမှာ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်လို့ အသမဆုံး နှောင်တရမိခြင်းပါပဲ။

ကျော်သား ကြည့်နေစဉ်မှာပဲ ထိုဆိုင်ထဲသို့ ဖြူတီ[illegible]လာကတစ်ယောက် ဝင်သွားတာ တွေ့ရသည်။ သူ့ရင်ထဲမှာ [illegible]တ်တွေ တိုလာသလိုလို ခံစားရသည်။ ခဏနေတော့ ထက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထူး ပြန်ထွက်လာတာ တွေ့ရသည်။ အံမယ် ... မရွှေမေတို့က ကားနားအထိ လိုက်ပို့လို့ ရယ်မောနေလိုက်တာများ ...။

"ယူးနော် လူကို အူတက်ပြီးသေအောင် လုပ်နေတာလား"

"စကားလုံးတွေကတော့ ပီသာလေးနဲ့ ပစ်လိုက်သလားပဲ နော် လျှံ၊ လျှံ စိတ်မကြည်ဘူးဆိုလို့လည်း တကူးတက ရယ်စရာ လာပြောရသေးတယ်"

"ဟုတ်ပါပြီ၊ သူ့ဘာသာ လမ်းကြုံလို့ ဝင်လာတာများ"

"ဒီမယ် မိန်းကလေး၊ လမ်းကြုံတယ်ဆိုတာ တမင်တကာ ကြုံရင်လည်း ရတယ်ကွ"

"ဟုတ်ပြီ၊ အကျင့်လေးတွေ မှတ်ထားရတာပေါ့"

"ကဲ ... သွားပြီ"

"ဟုတ်"

ထက်ဆင့်ထူးရဲ့ ကားထွက်သွားရာ တမေ့တမော လိုက်ကြည့်နေတာမြင်တော့ ပိုပြီးဒေါသထွက်လာကာ လူကလည်း သူမရှေ့သို့ ဘယ်လိုရောက်သွားမှန်းမသိ။ သူမကတော့ ဖြုန်းစား ကြီးရောက်လာသော သူ့ကိုအမြင် လန့်သွားပုံရသည်။ ပြီးတော့ သူ့ကို အရောင်တဖျပ်ဖျပ် လက်နေသော မျက်လုံးတွေဖြင့် စိုက် ကြည့်နေခဲ့သည်။



"မေ ... ပ်ို ..."

မေက ဘာပြောမလဲ ပြောစမ်း ဟူသော အကြည့် မျိုးဖြင့် မျက်လုံးတွေစင်းကာ ပြန်ကြည့်နေခဲ့သည်။

"ကိုယ် ခဏတ်ပုံလာရွေးတာပါ"

ဖျတ်ခနဲ ဝင်လာသော အတွေးတစ်စဖြင့် အကြောင်း ပြလိုက်သည်။

"ဝင်ရွေးသွားပေါ့"

မေက ပြောပြောဆိုဆိုဖြင့် ဖျတ်ခနဲပင် လှည့်ဝင် သွားသည်။ သူလည်း မေ့နောက်မှ လိုက်ဝင်သွားကာ သူမကို စကားပြောဖို့ ကြိုးစားမိသည်။

"မေ့ ကိုယ်ပ်ိုနေ့က အဖြစ်အတွက်"

မေက သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ သူမရဲ့ ကိုယ်ပိုင်သီးသန့်ခန်းလေးထဲ လှမ်းဝင်သွားပြီ။

"ကိုကျော်သား"

"ဇော်လေး ... ကိုယ် ခဏတ်ပုံ လာရွေးတာပါ"

"နောက်ဆုံးကျန်တဲ့ ငါးပုံလား ကိုကျော်သား"

"ဟုတ်တယ်"

"ဟုတ်ကဲ့၊ ဘာလိုသေးလဲ ကြည့်ပါဦး၊ ဘယ်နားပြင်ပေး ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မပြင်တော့ဘူး"

သူ ခေါ်ဘ်ပုံတွေကိုင်ကာ ခေါင်းငိုက်စိုက်ဖြင့် ဆိုင်ထဲမှ ပြန်ထွက်လာမိသည်။ မေ သူ့ကို လုံးဝဂရုမစိုက်တော့ပါလား။

♥ ○ ♥



နောက်ပိုင်းမှာလည်း လျှံနဲ့ ထက်ဆင့်ထူးသာ တတွဲတွဲ ဖြစ်လာသည်။ လျှံဟာ ထက်ဆင့်ထူး အပေါ် တစ်စထက်ဘစ်စ အနိုင်ယူတတ်လာသလို ထက်ဆင့်ထူး ကိုယ်တိုင်ကလည်း လျှံ့အပေါ် နှစ်လိုစွာ လိုက်လျောမြဲ။

"လျှံလေး တစ်ခုလောက် အကူအညီတောင်းချင်လို့"

"ဘာများလဲ ထူးရ၊ ထူးထူးဆန်းဆန်းပါလား"

"ကိုယ့်ရဲ့ဖြူးတီးစင်တာကို မဂ္ဂဇင်းတွေမှာ ကြော်ငြာရိုက်ထည့်မလို့ပါ။ ပြီးတော့ လက်ကမ်းကြော်ငြာလေးတွေလည်း ထုတ်ချင်တယ်"

"အဲဒီတော့ ..."

"အဲဒီတော့ မေဖိုတိုစတူဒီယိုကို လုပ်ငန်းအပ်ချင်ပါတယ်။ ကျွန်တော့်ရဲ့ကြော်ငြာတွေ ပေါက်သွားအောင် ရိုက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလိုကိုး၊ ကူညီရတာပေါ့လေ"

"အခမဲ့ ကူညီမှာလား"

"ဘယ်အရာမဆို တန်ဖိုးရှိချင်ရင် တန်ရာတန်ကြေးတော့ ပေးရတယ် ထူးရဲ့၊ လျှံက အလကားကူညီရင် အဲဒါတွေက အလကားဖြစ်ကုန်မှာ စိုးလို့ပါနော်"

"ဟုတ်ပါတယ်"

တကယ်ဓာတ်ပုံရိုက်တော့ ဖြူးတီးစင်တာရဲ့အပြင်အဆင်တွေ၊ ကိရိယာတန်ဆာပလာတွေ၊ ပြီးတော့ ဝန်ထမ်းတွေပုံ၊ ပြီးတော့ မော်ဒယ်လ်တွေဇာကာ ပြင်ဆင်ခြယ်သပုံတွေ၊ ပြီးတော့ အချောသတ် ပြင်ဆင်ပြီး အလှပုံများစသည်ဖြင့် ထူးနဲ့သူမ နှစ်ယောက်ပေါင်း အိုင်ဒီယာဖြင့် စိတ်ကြိုက်ရိုက်ကြသည်။

"ကဲ ... ထူး၊ ရှင့်ကို ရိုက်ဖို့ပဲ ကျန်တော့တယ်"

"လိုလို့လား"

"ဘုရားရေ ... ဒီဖြူးတီးစင်တာမှာ မိန်းက ရှင်ပဲလေ ထူးရဲ့၊ ရှင်ကိုယ်တိုင် နိုင်ငံရပ်ခြားမှာ ပညာတွေ သွားသင်ပြီး ပရော်ဖက်ရှင်နယ်လ် လုပ်နေတာ ရှင့်ကို ထိပ်ဆုံးမှာတင်ပြီးကို ရိုက်ရဦးမှာ"

"ပြဿနာပဲကွယ့်၊ ကိုယ်က ဓာတ်ပုံရိုက်ခံရရင် အရမ်းရှက်တာ"





ထူးက မျက်နှာတစ်ပြင်လုံး နီရဲကာ ခုပဲ ဓာတ်ပုံ ...က်ခံနေရသလိုမျိုး ဖြစ်နေသဖြင့် သူမ သဘောကျစွာ ရယ်နေ...င်း လက်ထဲမှာရှိသော ကင်မရာဖြင့် ဖျတ်ခနဲ ရိုက်လိုက်သည်။

ထူးရှက်နေပုံက ရယ်စရာပင် ကောင်းသေးရဲ့။

"လျှံကကွာ"

"မရပါဘူး၊ ထူး မရိုက်လို့မှ မရတာ"

"ဒါဆိုရင် တော်ပြီကွာ၊ ဒီကြော်ငြာအစီအစဉ်ကြီးကို ရပ်လိုက်ရို့"

"အိုး ... သိပ်ချမ်းသာနေသလား ထူးရဲ့၊ ဒီလိုအဆင့်ထိရောက်အောင် ရှင် ပိုက်ဆံတွေ ဘယ်လောက်သုံးထားရပြီလဲ၊ မရပါဘူး၊ ရှင့် အဝတ်အစားတွေသာ စီစဉ်ထားတော့၊ မနက်ဖြန်ပဲ ရိုက်မယ်"

"လျှံကလည်းကွာ"

"ဘာလဲ ထူး၊ လျှံ့ရဲ့ စေတနာစကားတွေကို အသိအမှတ်မပြုတာလား"

"ကိုယ် ရိုက်ပါ့မယ်"

လျှံက ဒီလိုမှပေါ့ဟူသော အပြုံးမျိုးဖြင့် ...

"မနက်ဖြန် အဝတ်အစားတွေ စီစဉ်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူးကွာ၊ ရိုက်ရမယ် ဆိုတော့လည်း ဒီနေ့ ရော ပင်းလေး ဘာလေး ပတ်လိုက်ဦးမယ်၊ လျှံ လိုက်ခဲ့ပေးမ လား၊ ကိုယ် ဘယ်လိုဝင်ရင် ကောင်းမလဲလို့လေ၊ အကြ ဉာဏ် လိုက်ပေးပါလား"

"ဟုတ်ပါပြီ၊ နောက်ဆုံးတော့ လျှံ့ဘက်ပဲ မဲကပြန်ကျလာ ပြန်တာပဲပေါ့၊ လိုက်ပေးမယ်လေ"

"ဘယ်သွားရင် ကောင်းမလဲ လျှံ"

"K new က မဆိုးဘူးနော်၊ အဲဒီဆိုင်မှာက အသစ်အဆန်း တွေလည်း ရှိတတ်တယ်"

အဲလိုနဲ့ သူနဲ့ သူမ K new ကို ရောက်သွားသည် ပေါ့။ လုပ်ချင်ရာ လုပ်တတ်သော မေမင်းလျှံဟာ ထူးအတွက် အင်္ကျီလိုက်ရွေးပေးရင် စိတ်ပါသွားကာ အင်္ကျီတစ်ထည် ဆွဲယူ လိုက်၊ ထူးနဲ့ ကပ်ကြည့်လိုက်၊ မကြိုက်ရင် ပြန်ထားလိုက်ဖြင့် အလုပ်တွေ ရှုပ်နေတော့သည်။ ထူးရဲ့မျက်နှာမှာတော့ အပြုံးတွေ တဝေဝေဖြင့်။ ထိုအချိန်မှာ ဆိုင်ထဲမှာ ကျော်သားရှိနေခဲ့သည်။

ကျော်သားဟာ သူတို့နှစ်ယောက်ကို မှန်ခန်းထဲက နေလှမ်းမြင်နေခဲ့သည်။ ဘာကြောင့်လဲလို့ မသေချာစွာ ဒေါသတွေ ထွက်နေသည်။ မေဟာ သူ့ကိုဂရုမစိုက်သလောက် ထိုဖြူးတီးဝင် တာကအခြောက်အပေါ်မှာကျတော့ ချိုသာပြောင်းနွဲ့လွန်းသလိုပင်





ထိုအခြောက်ကလည်း မေပြုံသမျှ မလိမ္မာသော ကလေးတစ်ယောက်ပမာ ခေါင်းတခါခါ လုပ်ပြလျှင် မေကလည်း စိတ်ရှည်လက်ရှည် ထပ်ရွေးပေးတတ်သည်။

"ထူးရယ် ဒီကာလာလေး ကောင်းပါတယ်"

"သိပ်ပြီး တောက်ပနေမလားလို့"

"ကင်မရာစားမယ့် ကာလာမျိုးတော့ ဝတ်ရမှာပေါ့ကွ၊ ကင်မရာမင်းကိုယ်တိုင် ရွေးပေးနေတာ ကြေးမများနဲ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ မမလျှံ သဘောပါ"

"အပေါင်း"

ထူးက ရုတ်တရက် မှော်လင့်ခြင်းတွေ ပြည့်လျှမ်း နေသော မျက်ဝန်းမျိုးဖြင့် ခပ်စိုက်စိုက်ကြည့်ကာ ...

"ဒီနေ့လို အခြေအနေမျိုးကို တစ်သက်လုံး ပိုင်ဆိုင်ခွင့် ရရင် သိပ်ကောင်းမှာပဲ လျှံလေးရယ်"

လျှံ့ရဲ့ရာက်ထဲမှာ ကိုင်ထားသော အင်္ကျီလေး ပြုတ် ကျသွားပြီး ...

"စိတ်ကူးယဉ်လှချည့်လား ထူးရဲ့၊ သိပ်ပြီး စိတ်ကူးမယဉ် စမ်းပါနဲ့ကွယ်၊ ဒါဟာ အလုပ်သဘောအရပဲ၊ အဲဒီအလုပ် သဘောအရပေါ်မှာ နည်းနည်းလေး ပိုသွားတာကတော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ၊ ဘာလို့လဲ သိလား၊ ထူးဟာ လှျံ့ရဲ့သူငယ်ချင်း ဖြစ်နေလို့ပေါ့၊ အိုကေ ... လှျံပြောတာ နားလည်လား ထူး"

"တဒင်္ဂလေးတောင် စိတ်ချမ်းသာခွင့် မပေးချင်ဘူးပေါ့ နော်"

သူမက သူ့ကို တုံ့ပြန်မပြောလိုပုံမျိုးဖြင့် ...

"ထူးက သိပ်ပျော့ညံ့တာပဲ၊ ယောကျ်ားတန်မဲ့ အဲလိုပျော့ တာမျိုးကို လှျံ မကြိုက်ပါဘူး၊ ကဲ ... အကျီတွေတော့ ပြီးပြီ၊ လှျံ ဖိနပ်ကောင်တာဘက် သွားကြည့်လိုက်ဦးမယ်"

ထူးကတော့ တော်တော်နှင့် မျက်နှာပြန်မကောင်း လာပါ။ လှျံ သူမအတွက် ဖိနပ်တစ်ရန် ဝယ်နေသည်မို့ ထူးကို အမှတ်ပင်မရတော့။

"ထူး ဒီဖိနပ်လေး လှလား"

"အင်း ... လှျံ အဲဒီဖိနပ်လေး ကိုယ်ဝယ်ပေးပါရစေ၊ ဒီနေ့ လှျံက ကိုယ့်ကိုကူညီတဲ့အတွက် အမှတ်တရ ပြန် ဝယ်ပေးတယ်လို့ပဲ သဘောထားလိုက်ပေါ့"

"ဟင့်အင်း ... လှျံက ထူးကို ကူညီတာမှ မဟုတ်တာ၊ လှျံက လှျံ့အလုပ် လှျံလုပ်တာလေ၊ ထူးရဲ့ကြော်ငြာအတွက် အလုပ်အပ်လို့ လုပ်ပေးတာပဲ ထူးရဲ့၊ အဲဒီအတွက် ထူးက





လှျံ့ကို လုပ်ငန်းတန်ဖိုး ပေးချေတာပဲ။ လှျံတို့ကြားမှာ အမှတ်တရ ရှိစရာ မလိုပါဘူး ထူးရယ်"

"လှျံရယ် ... မင်းက ကိုယ့်ကို ထူးဆန်းတယ်လို့ ပြော ဖူးတယ်၊ မင်းလည်း ထူးဆန်းတဲ့ မိန်းကလေးပဲ သိလား၊ ဘယ်သူနဲ့မှ မတူတဲ့ တွေးခေါ်မှုတွေ အိုင်ဒီယာတွေ ပြီး တော့ မာနကလည်း ရှိသေးတယ်၊ ဒါပေမဲ့ ကိုယ်ကလည်း အဲဒါတွေကိုပဲ သဘောကျနေတာ ခက်တယ်"

"မေ ဘာလာဝယ်တာလဲ"

လှျံက ကျော်သားကို တစ်ချက်သာ လှည့်ကြည့်ပြီး ဘာမှမပြော။ စိတ်ထဲမှာတော့ ကျော်သား သူမနောက်ကို ရှဲဒိုး လိုက်နေသည်ဟုထင်ကာ စိတ်တိုနေမိသည်။ ထူးက ဘာမှမသိ သူမို့ ...

"လှျံ့မိတ်ဆွေ ထင်တယ်"

"ထူး သွားမယ်၊ စကားရှည်မနေနဲ့"

"မေ ဈေးဝယ်ရတာ အဆင်ပြေရဲ့လား"

"အဲဒါ ရှင်နဲ့ဘာဆိုင်လဲ၊ ရှင် အဲဒီလောက်ဟောင် အား နေရင်လည်း တရားစခန်းသွားပြီး ရိပ်သာသွားဝင်နေလိုက်၊ သိပ်ပြီး ကုသိုလ်ရသွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဆိုင်ထဲမှ ထွက်သွားသည်။ ထူးက ငွေအမြန်ရှင်းကာ သူမနောက် ပြေးလိုက်သွားသည်။

ကားပေါ်ရောက်တော့မှ တစ်ခုခုကို သဘောကျနေသော မျက်နှာမျိုးဖြင့် ...

"လှုံ သူက လှုံ့မေမေ သဘောတူထားတယ်ဆိုတဲ့ လူလား"

"သေလိုက်ပေါ့ ထူးရဲ့၊ ရှင် သိလိုက်ရင် တလွဲချည်းပဲ"

"မသိဘူးလေကွာ၊ လှုံက သိပ်ခါးသီးနေတော့ ကိုယ်က အဲလိုထင်လိုက်တာပေါ့၊ ဟား ဟား ... အေးလေ၊ ကိုယ်ကလည်း မစဉ်းစားမိတာပါ။ သူ့ပုံစံက ခေတ်ရှေ့ပြေးနေတဲ့ စတိုင်လ်မျိုးပဲ၊ လူကြီးကြိုက်ပုံစံမှ မဟုတ်တာ၊ လှုံလေး စွဲလှချည်လားကွာ၊ စိတ်တောင်မချတော့ဘူး"

"စိတ်မချဘူး ဆိုတာက ဘာစကားလဲ ထူးရဲ့၊ ဒီမှာ ထူး၊ ထူးစိတ်ထဲမှာ မှတ်ထားဖို့က ထူးနဲ့လှုံဟာ သူငယ်ချင်းတွေ ဆိုတာပဲ"

ထူးရဲ့မျက်နှာက ဖျတ်ခနဲ ငြိမ်သက်သွားကာ ...

"လှုံ သူငယ်ချင်းဆိုတဲ့ သူတွေထဲမှာပဲ ချစ်သူစုံတွဲတွေ ဖွဲ့ဟုတ်လိုက်ရင် အများကြီး ထွက်လာနိုင်တယ် လှုံ"





သူမ ဘာမှမပြောတော့ဘဲ မျက်လုံးမှိတ်ကာ ငြိမ်သက်နေသဖြင့် သူ ကားကိုမောင်းထွက်လာလိုက်တော့သည်။

အဲဒီနေ့က လှုံ အိမ်ပြန်ရောက်ဖော့ နှဖူးပေါ်လက်တင်ကာ စဉ်းစားနေမိသေးသည်။

ထူးဟာ သိပ်ကိုပျော့ညံ့တဲ့ ယောကျ်ားတစ်ယောက် ဟုတ်တယ်။ သူမ အဲလိုပဲမှတ်ချက်ချမိတယ်။ တကယ်ပဲ ပျော့ညံ့တဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ သူမအပေါ် အစစအရာရာ သည်းခံ အနွံတာခံတတ်သော်လည်း နှင့် သူ့ရဲ့ဗီဇစရိုက်ကကို အားဆေးတာလည်းပါသည်။

ပြီးတော့ ယောကျ်ားတန်မဲ့ မိတ်ကပ်ပညာမှ စိတ်ဝင်စားတတ်သော ကောင်လေးတစ်ယောက်။ တစ်ရာမှာ ကိုးဆယ့်ကိုးယောက် စိတ်ဓာတ်မျိုး ထူးမှာ ရှိမနေတာ သေချာသည်။

ဒါပေမဲ့ သူမ သူ့ကိုခင်တွယ်သည်။ ပျော့ညံ့သည် ဆိုသော်လည်း သူမအပေါ် အနွံတာခံတာကိုတော့ ကြိုက်သည်။ ပြီးတော့ သူမဟာ ထူးကို အနားမှာ ရှိစေချင်သေးသည်။

ချစ်သူဟုကော့ တစ်ခါမှ စဉ်းစား၍မရခဲ့။ ထို့ကြောင့်လည်း ထူးက သူမအပေါ် မျှော်လင့်ထားမှာ အပိုင်တွက်ထားမှာလည်း စိုးရိမ်သည်။ ငြင်းပစ်လိုက်လို့ တခြားယောကျ်ားတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူမဘေးက ထူး ပျောက်ကွယ်သွားမှာကျတော့လည်း မလိုလား ပြန်။ သူမ စိတ်ထဲမှာ ဘာကိုမှ မဝေခွဲနိုင်ဖြစ်နေသည်။

ထူးအကြောင်း တွေးနေရင်း ကျော်သား မျက်နှာ ကြီးက အာရုံထဲ ဇွတ်တိုးဝင်နေရာယူလာချိန်မှာတော့ ခေါင်းကို ဘယ်ညာယမ်းကာ ခါထုတ်ပစ်လိုက်သည်။ သူမဟာ ကျော်သား ဆိုသော လူတစ်ယောက်ကို မေ့ပစ်ချင်လောက်အောင် မုန်းတီး နေခဲ့တာပါ။

သူ့အပေါ် ဘာမှမတုံ့ပြန်ခြင်းဟာလဲ ဘာမှကိုမပတ် သက်ချင်တော့၍ဆိုတာ သူမ ကိုယ်တိုင်သာ အသိဆုံးလေ။

♥○♥





မပတ်သက်ချင်ကာမှ တည့်တည့်တိုးရသည်။

ထူးရဲ့ဓာတ်ပုံဆိုင်အတွက် ကြော်ငြာဖို့ ထူး ရွေးလိုက် သည့် မော်ဒယ်လ်က ချစ်ပြည့် ဖြစ်နေသည်။ ချစ်ပြည့်ဖြင့် အဖော်ပါလာသူက ချစ်ပြည့်ရဲ့ရည်းစား ကျော်သားပဲပေါ့။

ထူးကတော့ သူမတို့ရဲ့ ပတ်သက်မှုကိုမသိ။ ထူးကို ချစ်ပြည့်နဲ့ မရိုက်ပါနဲ့ဟုပြောရင် လက်ခံမည်ဟု သိနေသော်လည်း တစ်ဖက်သားကို ထိခိုက်မည်စိုး၍ မပြောဖြစ်တော့။ အလုပ် ... အလုပ်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း စိတ်ကိုနှစ်ထားရသည်။

ကင်မရာမီးရောင်တွေ တဖျပ်ဖျပ် ဖြစ်လာချိန်မှာ တော့ သူမက အလုပ်ထဲတွင်သာ နစ်မြောသွားလျက် ထူးကိုရော ကျော်သားကိုပါ မေ့သွားခဲ့သည်။

"ချစ်ပြည့် မျက်နှာနည်းနည်းပြုံးလိုက်၊ များသွားပြီ၊ ပြုံးတယ် ဆိုရုံပဲပြုံး ... အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပြည့် ဘောတစောင်းလေး၊ အိုကေ ... မျက်နှာမော့လိုက်၊ နည်းနည်းလေး ထပ်မော့ မေးရိုးနဲ့လည်ပင်းက ပြေလျှောလျှောလေးပေါ့။ အဲဒီ အနေအထားလေးရအောင် မော့ကြည့် ... များတယ်၊ နည်းနည်း ထပ်လျှော့ ... အိုကေ"

သူလိုချင်သည့် အနေအထားတွေကို တဖျပ်ဖျပ်ရိုက်ယူနေသော ကင်မရာဂဲလ်လေးကို တမေ့တမော ငေးမောနေသူက ကျော်သားပဲပေါ့။

ချစ်ပြည့်ကလည်း သူမအလုပ်ထဲ ဈာန်ဝင်နေသည်မို့ သူမရည်းစားကို သတိမထားမိသလို လျှံကလည်း ကျော်သားဆိုတာကို ခေါင်းထဲကပင် ထုတ်ထားသူလေ။ ထူးမှာသာ ကျော်သားမျက်နှာကြီးကို စိုက်ကြည့်ပြီး နှင်နေသည်။ ရည်းစားတစ်ယောက်လုံး ရှေ့မှာတောင် မိမိရဲ့အသက်ကလေးကိုမှ မျက်တောင်မခတ်စိုက်ကြည့်နေသော ထိုသကောင့်သားကို ဆွဲထိုးပစ်ချက်စိတ်ပင် ပေါက်မိသည်။

ခဏနားတော့ လျှံရဲ့မျက်နှာမှာ ချွေးတွေစို့သီးနေသည်မို့ ကျော်သားက ရေခဲစိမ်တာဝါလေးတစ်ခု ကမ်းပေးလိုက်သည်။





လျှံကမသိချင်ယောင်ဆောင်ကာ လှည့်ထွက်သွားသည်မို့ သူ့ရင်ထဲမှာ ဟာသွားရသည်။ သူကတော့ သူမလေးရဲ့ မျက်နှာလေး နွမ်းနေသဖြင့် စေတနာဖြင့် ကမ်းပေးမိတာပါ။

"မောင်"

"ချစ် ... ရော့၊ တာဝါလေးနဲ့ သုတ်လိုက်"

"ရတယ် မောင်၊ ချစ်ကို ကိုထူး ခုပဲလာသုတ်ပေးသွားပြီ။ မိတ်ကပ်က သူ ပြင်ပေးထားတာဆိုတော့ လိုတဲ့နေရာလေးတွေဖြည့်ရင်းနဲ့ ချွေးပါသုတ်ပေးသွားတာ။ ကိုယ့်ဘာသာသုတ်ရင် မိတ်ကပ်တွေပျက်ပြီး ကွက်သွားမှာစိုးလို့လေ"

"ဪ ... ဒီလိုလည်း ရှိသေးတယ်လား"

"မောင် ပျင်းနေပြီလား"

"မပျင်းပါဘူး"

"ဘယ်လိုလဲ ချစ်လှရဲ့လား"

"အင်း ... မေက ရိုက်တတ်ပါတယ်"

"အံမယ် ... ချစ်က မလှဘူးဆိုတဲ့ သဘောပေါ့လေ။ သွား မောင့်ကို မချစ်တော့ဘူး"

ချစ်ပြည့်က အဲလိုလည်း ချွဲနွဲ့တတ်သူမို့ ချစ်ပြည့်ဟာ သူ့ရဲ့သက်တမ်းအကြာဆုံး ရည်းစားဖြစ်နေတာပင်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြည့် မျက်နှာကို ကြည့်နေသော်လည်း မေ့ကိုပဲ မြင်ယောင်နေမိသည်။

စမတ်ကျပါသည်။ လှပါသည်ဆိုသော ချစ်ပြည့်ဟာ မေနဲ့ယှဉ်လိုက်တော့ မှေးမှိန်နေသလိုပဲ။ ဖြူဝင်းသော အသားအရေကို ပိုးသားမျှင်ဆံနွယ်ရှည်တွေက အုပ်မိုးထားသော မျက်နှာလေးက ချစ်ပြည့်ထက် ပိုပြီးချစ်စရာကောင်းနေသည်။

"ကျော်သား ... မင်း ဘာဖြစ်နေတာလဲ"

သူ့ကိုယ်သူ ပြန်မေးသော်လည်း အဖြေပြန်မရ။ မေ့ရဲ့နားမှာတော့ ထူး ဆိုသော အခြောက်ကောင်က တကပ်ကပ်ဖြင့် ဘာတွေ ပြောနေမှန်းမသိ။

မေကတော့ အအေးဘူးလေး ကိုင်ကာ မျက်နှာကို တစ်ရှူးဖြင့် ပွတ်သုတ်နေသည်။

ကျော်သား ပေးသော တာဝါဟာ ချစ်ပြည့်အတွက် အသုံးမဝင်သော်လည်း မေ့အတွက်တော့ သိပ်အသုံးဝင်မှာ သေချာသည်။ ဒါပေမဲ့ မေကလက်မခံပါ။ မေ့ရဲ့ဥပေက္ခာပြုမှုတွေက သူ့ကို ပိုပြီးနှိပ်စက်လာသလိုပင်။

"မောင်"

"ဘာလဲ မေ"





သူ့ရဲ့မှားယွင်းစွာ ခေါ်ဆိုမှုမှာ ချစ်ပြည့် မျက်နှာ ပျက်သွားသည်။ သို့သော် မသိသလို ပုံစံဖမ်းကာ ...

"ညနေကျရင် မြို့ပြင်ကို ကားလျှောက်စီးရအောင်၊ မောင် လိုက်ပို့မလား"

"ညနေ ကိုယ့်အဘွားကို ဆေးခန်းသွားပြရဦးမယ် ချစ်ရဲ့"

"အိုကေလေ၊ ဒါဆိုလည်း နောက်မှပဲပေါ့"

အဲလို အလိုက်သိတတ်မှုတို့ကြောင့်လည်း ချစ်ပြည့်ဟာ သူ့ရဲ့သက်တမ်းကြာသော ရည်းစားဖြစ်နေခဲ့တာပေါ့။

"မောင် အားတဲ့တစ်ရက် လိုက်ပို့ပါမယ်"

"ဟုတ်ကဲ့"

"ကဲ ... ချစ်ပြည့်ရေ၊ ပြန်စလိုက်ကြရအောင်"

"ဟုတ် ... ကိုထူး၊ လာပြီ"

အဲလိုနဲ့ပဲ အဲဒီနေ့က မေ့ကို သူ တစ်နေကုန်ထိုင်ကြည့်ခွင့်ရခဲ့သည်။ သူ့မျက်ဝန်းတွေထဲက မေဟာ သူ့နှလုံးသားထဲအထိ ဝင်သွားလိမ့်မယ်လို့ သူ ဘယ်တုန်းကမှ မတွေးခဲ့ဖူးပေ။

မေကတော့ သူ့ကို သတိပင်မထား။ သတိထားမိဘာကတော့ မေ့ရဲ့အခြောက်လေး။ ကျော်သားကို မုန်းတီးနေသော ပွိုင်ဘက်တစ်ယောက်၏ အပြုံးမျိုးဖမ်းကာ မေ့နား ပိုကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သည့် ကလေးဆန်သော ထိုအပြုအမူကို ကျော်သား စိတ်ထဲက ကျိတ်ရယ်နေမိသည်။

ညနေဘက် အားလုံး ပြီးဆုံးသွားချိန်မှာတော့ ထူးက ...

"ကဲ ... ချစ်ပြည့်ရော လျှံပါ ပင်ပန်းသွားကြပြီ။ ကိုယ် ဒင်နာလိုက်ကျွေးပါရစေ"

"တော်ပြီ၊ လျှံ မလိုက်တော့ဘူး၊ ပင်ပန်းနေပြီ"

"ဟုတ်တယ် ကိုထူး၊ ချစ်ပြည့်လည်း နားချင်ပြီ"

"ဒါဆိုလည်း နောက်အားမယ့်တစ်ရက် ချိန်းကြတာပေါ့။ ကဲ ... လျှံ့ကို ကိုယ်ပြန်ပို့ပေးမယ်"

"လျှံ ခေါင်းလျှော်လိုက်ဦးမယ်၊ ဇော်လေး ပစ္စည်းတွေ အားလုံးသိမ်းပြီး ပြန်လိုက်တော့၊ ရော့ ... မမလျှံကား ယူသွား"

"ဟုတ် မမလျှံ၊ လာကြိုရမှာလား"

"ရတယ် ... မကြိုနဲ့၊ ပြီးရင် ကားကို အိမ်သွားပို့ထား လိုက်တော့။ ဪ ... မေမေတို့ကို ပြောပေးဦး၊ မမလျှံကို ကိုထူး ပြန်ပို့ပေးလိမ့်မယ်လို့"

"ဟုတ်ကဲ့ မမလျှံ"





ကြည့်ပါဦး။ အဲဒီအခြောက်က မေ့အိမ်မှာ ဝင်ခွင့် ထွက်ခွင့်ပင် ရထားသူပါလား။ သူ့စိတ်ထဲမှာ ပထမဆုံးအကြိမ် ထူးအပေါ် မနှာလိုဖြစ်သွားသည်။

"ချစ်ပြည့် ကျေးဇူးနော်"

"ရတယ် ကိုထူး၊ သွားပြီနော်"

အပြန်လမ်းကျတော့ ချစ်ပြည့်က ...

"ကိုထူးက သဘောကောင်းတယ်နော် မောင်၊ သူဌေးဆိုပြီး မာနမကြီးဘူး"

"သူဌေး"

"ဟုတ်တယ် မောင်ရဲ့၊ ကိုထူးက ဝါသနာကြီးလွန်းလို့သာ ဒီအလုပ်ကို လုပ်နေတာတဲ့၊ ကိုထူးက မိုးထက် အင်တာနေရှင်နယ်ထရေးဒင်း ပိုင်ရှင်တဲ့။ မောင် သိတယ်မို့လား၊ နာမည်ကြီး Export & Import ကုမ္ပဏီကြီးပဲလေ"

"ဪ"

စိတ်ထဲမှာ ဒါကြောင့် မေက အရေးပေးနေတာကိုးဟု သူ ထင်လိုက်မိသည်။ မိုးထက် အင်တာနေရှင်နယ်ထရေးဒင်းနဲ့ ယှဉ်လိုက်ရင်တော့ သူ့ရဲ့ပိုင်ဆိုင်မှုက ပမွှားလေး ဖြစ်သွားသည် လေ။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာက မရနိုင်သောအရာကိုမှ ပိုမက်မောတတ်တာလေ။ သူက မေ့ကို စတွေ့ကတည်းက ရည်းစားတော်ချင်ခဲ့တာ၊ ချစ်တာမချစ်တာ သူ မသိ၊ သူ မေနဲ့တွဲချင်ခဲ့တာ။ အခုထိ ထိုဆန္ဒက ရှိနေဆဲ။ လိုက်ရခက်သော မိန်းကလေးကိုမှ ပိုနှစ်သက်တတ်သော ကျော်သား။ မြင်းမိုရ်တောင်ဘေးက မေ့ကို ဆွဲခေါ်ဖို့ ကြိုးစားတော့မည်။ မေ တစ်နေ့ ကျော်သားရဲ့ရည်းစား ဖြစ်ကို ဖြစ်ရမယ်။

ဘေးကပါလာသော ချစ်ပြည့်ဆီ စိတ်မကောင်းစွာ ကြည့်ဖြစ်သည်။ ချစ်ပြည့်ဟာ သူ့အပေါ် နားလည်ပေးနိုင်ဆုံး မိန်းကလေးပါ။ ဒါပေမဲ့ အခု သူ့စိတ်ထဲမှာ သူ့ရဲ့ Target (ပစ်မှတ်)က မေ ဖြစ်နေခဲ့ပြီလေ။

♥○♥





BURMESE CLASSIC .com

တကယ်တမ်းက လှုံဟာ ကျော်သား ထင်ထားသလို ထူးရဲ့ပိုင်ဆိုင်မှုတွေကို သိမနေခဲ့ပါ။ စိတ်ဝင်တစားနဲ့လည်း မစုံစမ်းခဲ့ပါ။

သူမ သိသည်က ထူးဟာ မြူးတီးစင်တာတစ်ခုဖွင့်ပြီး အလှဖန်တီးရှင်တစ်ယောက်အဖြစ် သူ့ဘဝကို နှစ်မြှုပ်ထားသူ လူထူးဆန်းလေးတစ်ယောက် (ထူး ကိုယ်တိုင်ကလည်း အဲလောက်ပဲ သူမကို ပြောပြခဲ့ထားတာလေ)။

ထူးဘက်ကကျတော့လည်း သူ့ချစ်သူဟာ သူ့ရဲ့ပကာသနတွေကြောင့် သူ့ထက် ပကာသနတွေကို ပိုချစ်စွာဖြင့် သူ့အချစ်ကို လက်ခံတာမျိုး မဖြစ်စေချင်။

ပြီးတော့ သူ့ရဲ့အလှဖန်တီးသူဘဝကို နှစ်သက်နိုင်ပြီး ထိုဘဝကို လက်ခံနိုင်သော မိန်းကလေး ဖြစ်စေချင်သည်။ ထို့ကြောင့် သူမကို သူ့ဘဝတစ်စိတ်တစ်ပိုင်းကို ချန်လှပ်၍ပြောပြခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျောသားကတော့ သူတို့နှစ်ယော… ကြားက ကန့်လန့်ကာ တစ်ချပ်ကို သိထားပြီး နားလည်မှု လွဲ… ခဲ့သည်။ ထိုနားလည်မှု အလွဲကို အခြေပြုပြီး ခိုင်မာသော ဆုံး… ဖြတ်ချက်ပင်ချလို့။

အဲဒီဆုံးဖြတ်ချက်က လျှံ့ကို မရ,ရအောင် လိုက်ပို့… လေ။

အဲဒီလိုနှင့် သူတို့သုံးယောက်သည် ...။

♥○♥





"လျှံ့ နေမကောင်းဘူးဆိုလို့ သတင်းလာမေးတာ"

ခုဆို ထူးဟာ လျှံ့အိမ်မှာ လျှံ့ရဲ့သူငယ်ချင်းအဖြစ် နေရာရနေပါပြီ။ လျှံ့မေမေကိုယ်တိုင်ကလည်း ထူးရဲ့မွန်ရည် အေးဆေးမှုကို သဘောကျစွာဖြင့်ပေါ့။

"နည်းနည်းပါ သားရယ်၊ နေမကောင်းတာ ဗန်းပြပြီး ပျင်းနေတာက ခပ်များများ"

"မေမေကလည်း"

"မဟုတ်လို့လား၊ လျှံ့အကြောင်း မေမေထက် ဘယ်သူပို သိမှာလဲ"

"ဟုတ်ပေမယ့် ဒေါက်တော့မဖြုတ်နဲ့လေ မေမေရာ၊ သား အမိချင်းပဲ ... ဟဲ ဟဲ"

"တွေ့လား ... သားရဲ့၊ အဲဒီကလေးမကို အနိုင်တော့မနိုင် ဘူး"


www.burmeseclassic.com

www.burmeseclassic.com



လျှံကတော့ ပြုံးစိစိဖြင့် ထူး ဝယ်လာသော ကိတ်မုန့်ဘူးကို ဖွင့်စားနေခဲ့သည်။

"ထူးကလည်း မုန့်ပဲဝယ်လာတယ်၊ ကြီးစိုးရေ ... ဆန်းကစ် တစ်ဘူးလောက် ပေးပါဦး"

"အေး ... လာပြီ"

သူတို့ထိုင်နေတာက ခြံထဲက ဒန်းပေါ်မှာမို့ လျှံက အိမ်ထဲကို လှမ်းအော်နေသည်။ လျှံရဲ့အချစ်တော် ခွေးကြီး ဂျက်ကီကတော့ လျှံ့ခြေရင်းမှာ ငုတ်တုတ်ကလေးပေါ့။ လျှံက ကိတ်မုန့်ကို သူမတစ်ကိုက်စားလိုက်၊ ဂျက်ကီ့ကို တစ်ဖဲ့ကျွေးလိုက်ဖြင့် အေးချမ်းနေပါသည်။

ထူးက ကြီးစိုး ယူလာပေးသော ဆန်းကစ်ဘူးကို ဖွင့်ပေးလိုက်သည်။

လျှံကတော့ အအေးသောက်လိုက်၊ မုန့်စားလိုက်ဖြင့်။

အိမ်ထဲမှာ လျှံ့မိခင်နှင့် ဒေါ်ကြီးစိုးကတော့ ...

"မောင်ထူးလေးနဲ့ သမီး၊ ရိုးရောရိုးရဲ့လား မသိဘူး ဒေါ်စိုးရယ်"

"သမီးကို မေးကြည့်ပေါ့ မခင်ရယ်"





"အင်း ... သမီးဘက်က ရိုးသားပါတယ် ဆိုရင်တောင်မှ ကောင်လေးကတော့ သမီးအပေါ် စိတ်ဝင်တစားရှိနေတဲ့ ပုံပဲ"

"ကောင်လေးကြည့်ရတာ ရည်မွန်ပြီး သမီးအပေါ် ကြင်နာမယ့်ပုံလေးပါပဲကွယ်"

"အေးလေ ... ဒါကြောင့်လည်း ကျွန်မ မထားတာပေါ့"

ဒီသမီးလေး ဆယ်တန်းအောင်ကတည်းက ခင်ပွန်းဖြစ်သူက ဆုံးသွားခဲ့သည်မို့ အရွယ်ရောက်စ သမီးလေးကို မိခင်လိုတစ်မျိုး၊ ဖခင်လိုတစ်သွယ် ကြင်နာပေးခဲ့ရတာလေ။

တစ်ဦးတည်းသောသမီးမို့ အလိုလိုက်ထားခဲ့တာမို့ သမီးဟာ အနည်းငယ်တော့ ဆိုးခဲ့ရှာသည်။ ဆိုးတာထက်ကို နဂိုဗီဇက ခေါင်းမာခြင်းပင်။ မိန်းကလေးပီသစွာ ဝတ်ဆင်ဖို့ ဘယ်တော့မှ ပြောမရသော သမီးဟာ ဆံပင်ရှည်တွေကိုတော့ တသသ မြတ်နိုးစွာ ထားတတ်ပြန်သည်။

ထိုသို့ သမီး၏စိတ်ကို သိနေခဲ့သဖြင့် သမီးအိမ်ထောင်ရေးကိုလည်း ပါးနပ်စွာ ကိုင်တွယ်ရမည်ဟု အလိုလိုသဘောပေါက်ထားသည်။ ဟိုတလောက သင့်တော်သူလေးတွေ့သဖြင့် သမီးကို တီးခေါက်ကြည့်မိတော့ ခါးခါးသီးသီး ငြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြည့်ပါဦးဟု ပြောတာပင်မရ။ သမီးဟာ မိခင်စီစဉ်သော အိမ်ထောင်ရေး ဆိုတာကြီးကို လက်ခံချင်ပုံမရ။ သူမ နောက်ဆုတ်လိုက်သည်။

ဟော ... ခုတော့ သမီးက ထူးဆိုသော ကောင်လေးကို ခေါ်လာခဲ့ပြီ။ သူငယ်ချင်းပါဟု ဆိုသော်လည်း ကောင်လေးဘက်က သူငယ်ချင်းထက် ပိုတာကို ရိပ်မိနဲ့သည်။

နားလည်ရခက်သော သမီးလျှံက ထိုကောင်လေးကို ဘာကြောင့် မိမိရှေ့သို့ ခေါ်လာတာလဲဟု စဉ်းစားမိတာ အမှန်ပါ။ မွေးထားသော သမီးရဲ့စိတ်ဟာ နားလည်ရခက်တယ်၊ ခန့်မှန်းရခက်တယ် ဆိုတာ မိခင်ဖြစ်သူသာ အသိဆုံးမို့ သမီးရဲ့ရင်ထဲကို မမြင်တတ်ခဲ့။

မိဘလက်ငုပ်လက်ရင်း ရွှေဆိုင်ကို ကူမထိုင်ဘဲ ဓာတ်ပုံဆိုင်ဖွင့်မည် ဆိုတုန်းကလည်း သူမနှင့် သမီးကြားက ပဋိပက္ခငယ်လေးတွေ ရှိခဲ့ဖူးသည်။ ထိုစဉ်ကတည်းက ဖြစ်ချင်တာကို မရ,ရအောင် လုပ်တတ်သော သမီးရဲ့ဇွဲကို သတိထားမိခဲ့ရသည်။

ထိုကဲ့သို့သော သမီးကို ကိုင်တွယ်နိုင်ဖို့က ပညာသားပါမှ ဖြစ်မည်။ မိမိဖြစ်ချင်တာကို အားချိတ်ပြီး မလျှော့မတင်း





ဆောင်းကြိုးညင်းရတော့မည်။ တစ်ခါတလေကျတော့လည်း သွားလေသူကြီးကို တမ်းတမိပါရဲ့။ ခုတော့ သမီးအတွက် ဘယ်ရောညာပါ ရုံနိုင်ဖို့ ကြိုးစားရတော့မည်လေ။

ထိုကဲ့သို့ မိခင်ဖြစ်သူရဲ့ အတွေးတွေ ကောင်းနေခဲ့ ...

"လျှံ"

"ပြောလေ ထူး"

"လျှံ့မေမေ စီစဉ်တယ်ဆိုတဲ့ ကိစ္စရော"

"အေးဆေး ဖြစ်သွားပါပြီ၊ မေမေက လျှံမကြိုက်မှန်းသိလို့ လက်လျှော့လိုက်တယ်"

"တော်သေးတာပေါ့"

လျှံက ဂျက်ကီ့ခေါင်းလေးကို ပွတ်သပ်ပေးနေရင်း

"ထူး"

"နေဦး၊ လျှံ မပြောခင် ကိုယ်ပြောဦးမယ်၊ လျှံ ခွေးကို ဘာလို့ အဲဒီလောက် ကိုင်နေရတာလဲ။ သူ့ဆီက မသန့်ပြန့်တဲ့ ရောဂါပိုးတစ်ခုခု ဘတ်တီးရီးယား တစ်ခုခု ကပ်ပါလာနိုင်တယ်လေ လျှံ။ ရွံစရာကြီးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ထူးကလည်း လျှံက ဂျက်ကီကို နေ့တိုင်း ဆပ်ပြာတိုက် ရေချိုးပေးတာ သိရဲ့လား၊ ဆပ်ပြာတောင် မဟုတ်ဘူး၊ သူ့ရဲ့အမွေးနုလေးတွေ ပိုပြီးသန့်နေအောင် ရှမ်ပူနဲ့ကို လျှော်ပေးတာ၊ သန့်နေတာပဲ၊ ဂျက်ကီဆီက ရှမ်ပူနံ့ကို သင်းလို့"

"ဘယ်လောက်ပဲ သန့်အောင်ထားပါစေ၊ သူက လူမှမဟုတ်တာ၊ တိရစ္ဆာန်က တိရစ္ဆာန်အလျှောက်တော့ ညစ်ပတ်မှာပဲ"

"ထူးကလည်း ဘမှမဟုတ်တာလေးကို အမြင်ကျဉ်းနေပြန်ပြီ"

"တို့ အမြင်ကျဉ်းတာကလည်း လျှံ့အတွက်ပဲပေါ့ လျှံရယ်"

လျှံရဲ့ဒေါသတွေ ပြေပျောက်သွားရသည်။ ဂျက်ကီ့ခေါင်းကို လွှတ်လိုက်ကာ ...

"ထူးကို ပြောစရာရှိတယ်"

"ပြောလေ လျှံ"

"လျှံ ထူးကို တကယ်ခင်ပါတယ်"

"အင်း ... ကိုယ်သိတယ်လေ"





"ဒါပေမဲ့ ချစ်သူအဖြစ် လုံးဝခံစားလို့မရဘူး။ ဒါပေမဲ့ ထူးဆိုတဲ့ သူငယ်ချင်းကို လျှံ မဆုံးရှုံးချင်ဘူး။ လျှံ သူငယ်ချင်းအဖြစ် ဆက်လက်ရှိနေစေချင်သေးတယ်။ အဲဒါ လျှံ့ဆန္ဒပဲ"

ငြိမ်သက်ခြင်းက ကြီးစိုးသွားရသည်။

"လျှံလေး ချစ်ရမယ့်သူ တွေ့ထားပြီလား"

လျှံက ခေါင်းကို ဘယ်ညာ ယမ်းခါပစ်လိုက်လေသည်။

"ဒါဆိုရင် ကိုယ် မျှော်လင့်ခွင့် ရှိပါတယ်"

"သေချာပါတယ်၊ လျှံ ထူးကို မချစ်ဘူး၊ ခင်တာ။ လျှံ့မှာလည်း ထူးလိုပဲ ဖေဖေ မရှိတော့ဘူး၊ ထူးလိုပဲ လျှံ ဆယ်တန်းအောင်ပြီးမှ ဆုံးသွားတာ။ အမေ ဆိုတာ တစ်ဖက်ပဲရှိတဲ့ဘဝနဲ့ ရပ်တည်နေခဲ့ရတာချင်းလည်း တူလို့ လျှံ ထူးကိုခင်သွားတာ"

"ဪ ... လျှံလေးရယ်၊ စိတ်ချမ်းသာသလိုနေပါ။ အချစ်ဆိုတာ အချိန်အခါမရွေး နေရာဒေသမရွေး အသက်အရွယ်မရွေး ပေါက်ဖွားနိုင်တယ်ဆိုတဲ့ အသိတရားလေး လက်ကိုင်ထားပြီး ကိုယ်စောင့်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ထူး ပြန်သွားပြီး ကျော်သားဆီက ဖုန်းဝင်လာခဲ့သည်။

"မေ နေမကောင်းလို့ အလုပ်မဆင်းနိုင်ဘူးဆို"

"ဟုတ်တယ်"

"ဘာဖြစ်တာလဲ"

"ရှင်နဲ့မဆိုင်ဘူးထင်တယ်"

ဖုန်းကိုပိတ်ပစ်လိုက်ပြီး မျက်လုံးစုံမှိတ်ထားလိုက်သည်။

မျက်ရည်တွေက တိုးစီးလာသည်။ လှျံ့ဘဝမှာ လူကြီးဆန်စွာ မျက်ရည်ကျခဲ့တာ နှစ်ကြိမ်ရှိခဲ့ပြီ။

ပထမတစ်ကြိမ်က မေမေ ဆုံးသွားတဲ့အချိန်က။ အခု ဒုတိယအကြိမ်က ဘာလို့မျက်ရည်ကျမိမှန်းမသိ။ ထူးအတွက်လား၊ ထူးအတွက်ဟု သူမ ထင်ပါသည်။

"ခွင့်လွှတ်ပါ ထူးရယ်၊ လှျံ့ကိုခွင့်လွှတ်ပါ။ ထူးရဲ့နှလုံးသားကို မစာနာသလို ဖြစ်သွားခဲ့ရင် တောင်းပန်ပါတယ်ကွယ်"

လှျံ့ရဲ့အိပ်ခန်းတံခါးလေး ခပ်ဟဟ ဖြစ်နေခဲ့တာကိုတော့ လှျံ့က သတိမထားမိခဲ့ပါ။ လှျံ့မေမေရဲ့ အတွေးတွေထဲ





မှာ သမီး ဘာလို့ငိုတာလဲဟူသော မေးခွန်းတွေသာ ထပ်တလဲလဲပါဝင်နေခဲ့ပါသည်။

နောက်နေ့တွေ လှျံ့ အပြင်သွားချိန်တွေမှာလည်း လှျံ့အခန်းလေးက ဇာခြံရာလက်ရာမပျက်စေရဘဲ အရှာအဖွေခံခဲ့ရသေးသည်။ လှျံ့ရဲ့ဒိုင်ယာရီဟာ လှျံ့ရင်ဘတ်ထဲမှာပဲ ရှိနေခဲ့တာဆိုတော့ မေမေရှာ၍ မတွေ့ခဲ့။

♥○♥



www.burmeseclassic.com

www.burmeseclassic.com

"လှျံလေး ထူး ဗန်ကောက် ခဏသွားမလို့"

"ဘယ်လောက်ကြာမှာလဲ"

"တစ်ပတ်လောက်ပေါ့၊ ဘာမှာဦးမလဲ"

"မမှာပါဘူး ထူးရယ်"

"ထူး ဟိုရောက်ရင်လည်း ဖုန်းဆက်လိုက်ဦးမယ်"

"ဟုတ်"

အဲဒီလိုနဲ့ ထူး ဗန်ကောက်ထွက်သွားသည်။ ဘာကြောင့်သွားတာပါဟု ထူးက မပြောသလို လှျံကလည်း မမေးမိပါ။

ဒါပေမဲ့ ကျော်သားရဲ့ ခြေလှမ်းတွေကတော့ စိပ်လှပါသည်။

မနက်တစ်ခါ ညတစ်ခါ ပုံမှန်ဖုန်းဆက်လေ့ရှိသည်။

"မေ ... ကိုယ် အိပ်ရာက ခုမှနိုးတာ၊ နိုးနိုးချင်း ဆက်လိုက်တာနော်"





"မေ ... ကိုယ် အိပ်ရာဝင်တော့မယ်၊ ဂွဒ်နိုက်"

စတဲ့ ကျော်သားရဲ့ စကားတွေဟာ အသက်မပါဘူးလို့ ခံစားရတာ အမှန်ပါ။ စိတ်တောင် အနှောင့်အယှက်ဖြစ်သေးရဲ့။

တစ်ခါတစ်ရံ ဘယ်သူပို့မှန်း မသိရပါဘဲ လှျံ့ဆီကို ကွင်းထိုးဖိနပ်ဆန်းဆန်းလေးတွေ ရောက်လာတတ်သည်။ ထူးနဲ့ကျော်သား တစ်ယောက်ယောက်ပဲဟု သိနေပေမယ့် ထိုဖိနပ်တွေကို မစီးဖြစ်ပါ။

တစ်ခါတလေကျရင်လည်း လှျံ ဝတ်နေကျ ရုပ်အင်္ကျီ အဆင်လှလှလေးတွေလည်း ပို့ပေးတတ်သေးသည်။ လှျံ အရမ်းကြိုက်သော်လည်း မဝတ်ဖြစ်ခဲ့။

"လှျံလေး"

လှျံ့ရဲ့အတွေးအိမ်လေးကို မေမေ့ခေါ်သံက ဖျက်ဆီးလိုက်သည်။

"ဗျာ ... မေမေ"

"ဒီနေ့ အချိန်ရရင် မေမေ့ကို ကားလိုက်မောင်းပေးပါလား၊ မေမေ အလှူတစ်ခု သွားစရာရှိလို့"

"ဟာ ... မီးမလိုက်ချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခေါင်းနည်းနည်းကိုက်နေလို့ ကားမမောင်းချင်လို့ပါ သမီးရယ်၊ ပြီးတော့ လူရင်းတွေဆိုတော့ မသွားလို့ မကောင်းဘူးလေ"

အဲလိုနဲ့ပဲ သူမ ထိုအလှူကို ပါသွားခဲ့သည်။ အဲလိုနဲ့ပဲ ခေတ်မီလှပသော တိုက်လှလှလေးတစ်လုံးဆီ ရောက်သွားခဲ့ရသည်။

"ခင် ရောက်ပြီလား၊ လာ ... လာ မျှော်နေတာ၊ ဒါလေးက ခင့်သမီးလေးလား"

"ဟုတ်တယ် အန်တီသစ်၊ သမီး ... ဘွားသစ်က သမီးအဘွားရဲ့ သူငယ်ချင်းလေ"

"ဟုတ်"

"သမီးလေးက ဘွားအေဟူတာပဲ၊ ကျုပ်သူငယ်ချင်းကုန်းကဆိုလည်း ဒီလိုဆံပင်ရှည်ကြီးနဲ့ သိပ်လှတာ၊ ကဲ ... လာ လာ ... ဘုရားခန်းမှာ သွားကန်တော့ကြဦး၊ ပြီးရင် စားကသောက်ကြရအောင်၊ ဘယ်သူမှ ဖိတ်တာ မဟုတ်ဘူး၊ အရင်းနီးဆုံး ဆယ်ယောက်လောက်ပဲရှိတာ"

"မေမေ ဘာအလှူလဲဟင်"

"ဘုရားကိုးဆူပူဇော်ပွဲလေ သမီးရဲ့"





"ဪ"

သူမ ဘောင်းဘီနဲ့ဆိုတော့ နေရထိုင်ရ ခက်နေပါသည်။ ဘုရားခန်းထဲ မလိုက်တော့ဘဲ ဧည့်ခန်းဆောင်မှာ ထိုင်နေလိုက်သည်။ ထိုအချိန်မှာပဲ ဘုရားခန်းဘက်က ထွက်လာသော ကောင်လေးတစ်ယောက်။ လည်ကတုံးအင်္ကျီအဖြူက ကြွေရောင်တောက်နေလေသည်။ အောက်က အညိုရောင်ယောပုဆိုးလေးနဲ့ သူ့အသွင်အပြင်က လျှံ တွေ့ဖူးခဲ့သော ကျော်သားနှင့် တခြားစီပင်။

သူက သူမကို မမြင်ဘဲ ထမင်းစားခန်းဟု ထင်ရသည့် အခန်းဘက် ဝင်သွားသည်။

"ဘွားဘွား ... သားကို ခေါ်တယ်ဆို"

"အေး ... လာဦး မြေးရဲ့၊ ဒီမှာ ဘွားဘွား မိတ်ဆက်ပေးစရာရှိလို့"

ဘွားသစ်ရဲ့လက်ကိုတွဲပြီး ပြန်ထွက်လာတော့မှ သူမကို မြင်သွားကာ သူ့မျက်ခုံးတွေ ပင့်တက်သွားသည်။

"မြေး ... ဒါ ခင့်သမီးလေးလေ၊ မေမင်းလျှံ ဆိုတာ သူလေးပေါ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာမှာ အံ့ဩရိပ်များကို ကြည့်ခြင်းအားဖြင့် သူဟာ မေမေ့ကို ကြိုပြီးသိထားနှင့်ပုံရသည်။ (သူမကသာ ဘွားသစ်ကို ခုမှတွေ့ဖူးတာလေ)။

"သမီးလေး ... ဒါ ဘွားသစ်မြေးလေး ကျော်သားတဲ့"

"သားတို့ သိတယ် ဘွားရဲ့"

"ဟောတော့၊ သိပြီးသား ဆိုတော့လည်း ကောင်းတာပေါ့ကွယ်"

"အဲလိုပဲ မေရဲ့၊ ဘွားက ဘာပဲဖြစ်ဖြစ် ကောင်းတယ်ပဲ"

"အကောင်းမြင်ဝါဒရှိတော့ ကောင်းတာပေါ့ရှင်"

"ခင်ဗျာ သမီး၊ ဘုရားခန်းမှာထင်တယ်"

"ဟုတ်တယ် ဘွားသစ်၊ သမီးက ဘောင်းဘီနဲ့ ဖြစ်နေလို့ မလိုက်သွားတာ"

"တန်ရာတန်ရာမှ မဝတ်ဘဲ"

"အဲဒါ ရှင်နဲ့ဘာဆိုင်လဲ"

"သားက မစပါနဲ့၊ ညီမလေးကို ထမင်းစားခန်းဘက်ခေါ်သွား၊ ဘွား ခင့်ဆီ သွားလိုက်ဦးမယ်"

"လာ ... မေ"

"မေမေလာမှ"





"လူကြီးတွေဝိုင်းထဲ ဝင်မရှုပ်ရဘူးလေ"

သူမကို ကလေးတစ်ယောက်ကို ဆုံးမနေပုံမျိုးလုပ်ပြနေသဖြင့် ရယ်နေမိသည်။ သို့သော်လည်း သူ့အပေါ် မကြည်ခာတ်ခံက ပြန်ပေါ်လာကာ လှစ်ခနဲ ပြန်တည်သွားသည်။

ထမင်းစားထဲမှာ ဧည့်သည်သုံးလေးယောက် ရှိနေသည်။ ကျော်သားနှင့် တွဲဝင်လာသော သူမကိုလည်း ပြုံးပြုံးကြည့်နေကြသည်။ ကျော်သား ကိုယ်တိုင် ထမင်းခူးပေး ဟင်းတွေ ဆည့်ပေးနှင့် လိုတာထက်ပိုပြီး ဂရုစိုက်နေသောအခါ သူမ မနေတတ် မထိုင်တတ် ဖြစ်လာသည်။

ထိုစဉ်မှာပဲ ထမင်းစားခန်းဘက်သို့ K new က ဆိုင်တာဝန်ခံကောင်လေး ဝင်လာသည်။ K new သို့ သွားနေကြမို့ လှျံ ထိုကောင်လေးကို မှတ်မိနေသလို ကောင်လေးကလည်း လှျံကိုမှတ်မိကာ ပြုံးပြသည်။ ထို့နောက် ...

"ကိုသား မနေ့က ဗန်ကောက်ကပစ္စည်းတွေ ဝင်ပြီ၊ ပြီးတော့ နစ်ချုပ်လည်း ပြီးပြီ။ ဝန်ထမ်းတွေ ဘောနပ်စ်ခွဲဖို့က ကိုသားနဲ့ညှိပြီးမှပဲ လုပ်တော့မယ်ဆိုပြီး ချန်ထားတယ်။ ပြီးတော့ K new(1) က စာရင်းကွာတာလည်း ရှာတွေ့သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကိုယ် ဒီနေ့လာနိုင်မှာ မဟုတ်သေးဘူး။ မနက်ဖြန်ညနေမှ လာမယ်"

"ဟုတ်"

"ထိုင်ဦး၊ တစ်ခါတည်း စားသွား၊ ပြီးရင် ဆိုင်အတွက် ထည့်ခိုင်းထားလိုက်မယ်၊ သယ်သွားဦး"

"ဟုတ်"

"ဒါဆို K new က ရှင့်ဆိုင်ပေါ့"

ကျော်သားက မဖြေဘဲ ပြုံးစိစိ လုပ်နေသည်။ ဒါကြောင့် K new သွားတိုင်း ကျော်သားနှင့် တိုးနေတော့တာပင်။ K new ဟာ အောင်မြင်နေတဲ့ ဆိုင်တစ်ဆိုင်ပဲ။ ဒါဆိုရင် ကျော်သားဟာ သူမထင်သလို ဂျစ်ပစီတစ်ယောက် မဟုတ်ဘူးပေါ့။

မဆိုးပါဘူး။ ထို့နောက် ပွဲရုံမှလူတွေ ရောက်လာသည်။ အားလုံးက ကျော်သားရဲ့ ဦးလေးအရွယ်တွေ ဖြစ်သော်လည်း သူ့ကို လေးလေးစားစား ဆက်ဆံကြသည်။ ခဏနေတော့ ကျော်သား သူ့အဘိုးခေါ်၍ ဘုရားခန်းဘက် ထွက်သွားသည်။

ပွဲရုံမှလူတွေကလည်း ထမင်းစားခန်းဘက် ရောက်လာကြကာ ကျော်သား အကြောင်း ပြောနေကြသည်။ အများစုကတော့ ကျော်သားကို ချီးမွမ်းသော စကားတွေသာများသည်။





ကျော်သား ဘယ်လိုတော်ကြောင်း၊ ကျော်သား ဘယ်လိုစီးပွားရေးလာဘ်မြင်ကြောင်းတွေ ချီးမွမ်းခန်း ဖွင့်နေလိုက်ကြတာ။ အပြင်မှာသာ ကျော်သားကို မမြင်ဖူးထားဘူးဆိုရင် ကျော်သား အကြောင်းတွေသာ သိမထားဘူး ဆိုရင်တော့ တော်တော့်ကို အထင်ကြီးမိမှာ။

ဘွားဆင့်နဲ့ မေမေ ထမင်းစားခန်းထဲ ဝင်လာကာ ဘွားဆင့်က လျှံ့ဘေး လာထိုင်သည်။

"သမီး လျှံလေး၊ နောက်လည်း အချိန်မရွေး ဝင်ပါထွက်ပါနော်"

"ဟုတ်ကဲ့ပါ ဘွား"

အဲဒီနောက် မေမေနဲ့ ဘွားတို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေသည်။ ဘိုးဘိုးနဲ့ ကျော်သားက ပွဲရုံကလူတွေနဲ့ အလုပ်ကိစ္စတွေ ပြောနေကြသည်။ အဲဒီအချိန်မှာ ကျော်သားဟာ လျှံ ဘယ်တုန်းကမှ မမြင်ဘူးသော စီးပွားရေးသမားပုံစံမျိုးလေ။

♥○♥



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ကျော်သားဟာ လှျံ့ရဲ့အိမ်ကို ဝင်ချည်ထွက်ချည် ဖြစ်လာသည်။ ဘွားဆင့်က ပန်းမျိုးပို့နိုင်းလို့ နယ်ကပါလာတဲ့ လက်ဆောင်တွေ ပေးခိုင်းလို့ စသဖြင့် အကြောင်းပြချက် တစ်ခုတော့ အမြဲပါသည်။

မေမေကလည်း သူမကို ဘွားဆင့်ဆီ ဟင်းပို့ခိုင်းရတာနှင့် အားဆေးပို့ခိုင်းရတာနှင့် သူမကလည်း သူ့အိမ်ရောက်ဖြစ်ပါသည်။

ဒါပေမဲ့ သူ အိမ်လာတိုင်း သူမနှင့်မဆုံတတ်သလိုသူမသွားတိုင်လည်း သူ့ကိုမတွေ့ရပေ။

မေမေနဲ့ ဘွားဆင့်တို့ရဲ့ ချစ်ကြည်ရေးမှာသာကမန်တော် ဖြစ်နေခဲ့ကြတာလေ။

"မြေးလေး ... မနက်ဖြန် ခင်တို့အိမ် သွားပေးပါဦး"





"ဘွားရာ ... ပေးခိုင်းစရာတွေကလည်း ပေါများလိုက်တာ"

"ဪ ... သားရယ်၊ သားမှသွားရတာ မဟုတ်ပါဘူး၊ လှျံလေးလည်း လာရရှာတာပဲ"

"သားလည်း မသိရပါလား၊ သူ ဘယ်အချိန်လာလို့လဲ"

"မကြာခဏရောက်တယ်"

"အင်း ... ဟုတ်မှာပါ၊ သား သွားရင်လည်း သူနဲ့မဆုံပါဘူး ဘွား"

"ဟေ ... ဘာလဲမြေးရဲ့"

"ဘွားတို့ အကြံအစည် တစ်ခုခုများ ရှိနေလား"

"အမေးကို စောင့်နေတာ မြေးရေ၊ ရွှေလမ်း ငွေလမ်းဖောက်ဖို့တော့ စဉ်းစားထားတာပဲ"

"သူ လက်ခံမယ် ထင်လို့လား ဘွား"

"ဟေ ... ဒါက သူတို့အပိုင်းလေ မြေးရဲ့၊ ဘွားဘက်ကအပိုင်းက မြေးလက်ခံလား လက်မခံလား ဆိုတာပဲလေ၊ ကဲ ... ဘယ်လိုလဲ မြေး"

"သားချစ်တဲ့သူကိုပဲ လက်ထပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မြေးချစ်တဲ့သူတွေ ဒီလောက်များတာကွယ် ဘွားက ဘယ်လိုလုပ်ပေးရမလဲ"

"သား စဉ်းစားပါရစေဦး ဘွား"

"စဉ်းစားပါ ... စဉ်းစားပါ၊ အချစ်ကို ရှေ့တန်းတင်ချင်တယ် ဆိုရင်လည်း လျှံလေးဟာ ချစ်စရာလေးပါ သားရယ်"

အဲဒီနေ့က ကျော်သား K new မှာ တစ်နေကုန် သွားထိုင်ဖြစ်သည်။ ပြီးတော့ သူ့ရဲ့သီးသန့်ခန်းထဲရှိ ဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်ပြီး စဉ်းစားခန်း ဝင်နေမိသည်။

မေမင်းလျှံဟာ သူတွေ့ဖူးသမျှ မိန်းမတွေထဲမှာ ရုပ်ရောစိတ်ပါ ဘယ်သူနဲ့မှမတူ။ တစ်မူထူးခြားနေသဖြင့် သူစိတ်ဝင်စားမိသည်။

ပီးတော့ တွဲလည်း တွဲချင်သည်။ မိန်းကလေးတစ်ယောက်ဘေးမှာ မရှိရင် မနေတတ်သော သူ့အဖို့ သူမဟာ သူ့ရဲ့နံပါတ်စဉ်တစ်ခုအဖြစ်သာ စိတ်ဝင်စားခြင်းပင်။

အိမ်ထောင်ဖက်ဆိုတာကို တစ်ခါမှ မစဉ်းစားခဲ့ဘူးတာ သိပ်ကိုသေချာနေသည်။ ပိုပြီးသေချာတာက မေမင်းလျှံကို မိန်းမ,မဆန်သော မိန်းမမျိုးကို ဘယ်လိုမှ သူ မရွေးချယ်ချင်ပါ။





ပြီးတော့ သူမ ...။ ကျော်သား မထိတရီ ပြုံးလိုက်မိသည်။ သူမကလည်း သူ့ကိုကော့နေအောင်ငြင်းမှာ သေချာသည်။ မိန်းမတစ်ယောက်၏ လူသိရှင်ကြား အငြင်းကို သူ လက်မခံချင်။ သိပ်ကို ရှက်စရာကောင်းလိမ့်မည်။ ပြီးတော့ သူ့အပေါ်မှာလည်း မေဟာ မငြိုးနေပါဘူးလို့ ဘယ်သူအာမခံမှာတဲ့လဲ။

ပိုင်ရှင်မဲ့စွာ ကျန်ရစ်ခဲ့သော ကွင်းထိုးဖိနပ်ကလေးတစ်ရံကို မြင်ယောင်လာချိန်မှာတော့ သူ ကြက်သီးမွေးညင်းပင် ထလာမိသည်။

ရုတ်တရက် ခုန့်ထကာ ဖုန်းခလုတ်တွေကို နှိပ်လိုက်မိသည်။

"ဟဲလို"

"ဘွား ... ဘွား ... သား မေမင်းလျှံကို မယူနိုင်ဘူး ဘွား၊ သား မေမင်းလျှံကို လုံးဝမယူနိုင်ဘူး"

"ဟဲ့ ... ဒီကလေး ဘာဖြစ်ရပြန်တာလဲ၊ ပြောပါဦး မြေးရယ်"

"ဘာပဲဖြစ်ဖြစ် ဘွားရယ်၊ သား သူ့ကို မယူဘူးနော်၊ သား အချိန်မီ ငြင်းထားတယ်နော် ဘွား၊ တော်ကြာမှ စကားလွန်တာတို့ ကျူံတာတို့ ဖြစ်မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သားရယ်"

ခုမှပဲ သူ စိတ်ချမ်းသာစွာ အိပ်ပျော်သွားသည်။ အိပ်မက်ထဲမှာ မေမင်းလျှံက ဟားတိုက်ရယ်မောလို့။

♥○♥





ညကိုးနာရီ။

မေမင်းလျှံတို့အိမ်က ဖုန်းမြည်သံကို စူးရှစွာကျယ်လောင်လာသည်။ ဖုန်းက Extension ခွဲထားသည်မို့ အပေါ်ထပ်ရော အောက်ထပ်မှာပါ မြည်သည်။

အပေါ်မှာ မေမေတို့ အိပ်သွားပြီ ထင်ပါရဲ့။ လျှံက စလောင်းမှလာသော ဖက်ရှင်တီဗီအစီအစဉ်ကို ကြည့်နေရင်းက ဧည့်ခန်းထောင့်ကဖုန်းကို ထကိုင်လိုက်သည်။

"လျှံကလေးကို တီးခေါက်ကြည့်ပြီးပြီလား"

"မပြောရသေးဘူး အန်တီသစ်ရဲ့"

လျှံကြားရသော စကားတွေကြောင့် ဖုန်းကိုပြန်မချဖြစ်၊ မေမေနဲ့ ဘွားသစ်တို့ ဘာတွေပြောတယ်ဆိုတာကို နားထောင်ချင်မိသည်။ လျှံတို့အိမ်မှာက တစ်ယောက်ဖုန်းပြောနေလျှင် ကျန်တစ်ယောက် နားထောင်လေ့မရှိသဖြင့် ခုလို လျှံ ခိုးနားထောင်ခြင်းကို မေမေ သတိထားမိမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... လှငယ်တွေက တစ်ဖွတ်ထိုးတွေလေ၊ သူတို့ချင်း နီးစပ်မှ မဟုတ်လို့ကတော့ လှကြီးတွေ စီစဉ်တယ်ဆို ဘယ်လောက်ကောင်းကောင်း မကောင်းဘူးပဲ ထင်ကြတာလေ"

"ဟုတ်တယ် အန်တီသစ်ရဲ့၊ ဒါတောင် ဟိုတလောက ကျွန်မက မေမေ သဘောကျတာလေး တွေ့ထားတယ်လို့ တီးခေါက်ကြည့်မိပါတယ်၊ မနွေလှျံလေးက ခါးခါးသီးနေတာနဲ့ အရှိန်ပြန်လျှော့ထားရတယ်"

ဘုရား ... ကယ်ပါ။ မေမေ သဘောတူသည့် ယောကျ်ားက ကျော်သားတဲ့လားလွယ်။ ကမ္ဘာပေါ်မှာ ယောကျ်ား သိပ်ရှားပါးနေလို့လား။ သင်းနဲ့ လှျံဟာ ဘယ်သိမှ အစေးမကပ်တာမှ ချင်းစိမ်းနဲ့ မိဿလင် အရှုံးပေးရမည့်ကိန်းပင်။

ခုတော့ကွယ် ... ထိုတိုက်ဆိုင်မှုကြီးကို မကျေနပ်နေသော ကျော်သားကို အကြည်ဓာတ်ခံ မရှိထားသော လှျံ၊ ဘွားသစ်၏စကားကို ကြားလိုက်ရချိန်မှာတော့ လက်ထဲကဖုန်းပင် ယောင်ယမ်းလွတ်ကျသွားရသည်။

ကံကောင်းချင်တော့ ဖုန်းလွတ်ကျရာက လှျံ တီဗီကြည့်ရင်း ဖက်ထားသော မှီအုံးပေါ်သို့ကျသဖြင့် အသံမမြည်။





ဘာတဲ့ ကျော်သားက လှကြီးတွေ၏ အကြံအစည်ကို ရိပ်မိသတဲ့။ ပြီးတော့ လှငယ်ပီပီ (လှကြီးတွေ၏ အထင်ပေါ့နော်) ငြင်းသတဲ့။ ကျော်သားက သူမကို ငြင်းသတဲ့။

ကျော်သားဟာ သူမကို တစ်ဆိတ်တော့ စော်ကားလွန်းပြီထင်သည်။ လှရှေ့သူရှေ့မရှောင် အရှက်ခွဲခဲ့တုန်းကလည်း သူမ ကျော်သားကို ဥပေက္ခာပြုခဲ့သည်။

ဟော ... ဘွားသစ်ရဲ့မြေး မေမေ့မိတ်ဆွေ ဆိုတော့လည်း အမြင်ကတ်တာကို ဘေးချိတ်ကာ အေးအေးဆေးဆေး ဆက်ဆံခဲ့သည်။ ခုတော့ သူက အရင်ငြင်းသတဲ့။

လှျံ သွေးအေးစွာ ပြုံးလိုက်ပြီး ဦးနှောက်ထဲမှာတော့ အတွေးတွေကို ကျားကွက်ရွှေ့နေလိုက်သည်။

ဗန်ကောက်ကို တစ်ပတ်သွားခဲ့သော ထူးကလည်း စင်ကာပူ ဆက်သွားနေသည်ဟုဆိုကာ ပြန်ရောက်မလာခဲ့၊ စင်ကာပူ ရောက်တော့လည်း ဒုဘိုင်း ဆက်သွားရဦးမတဲ့။ ရှိစေတော့။

လှျံ့ရဲ့ဝေဒနာတွေကို သက်သာစေနိုင်သော ထူးကို တမ်းတရင်းဖြင့် နေ့တွေကို လကစားလာခဲ့ပြီးတဲ့ တစ်နေ့။

လှျံ ခါတ်ပုံတိုက်ကိုအလာ ကားကို လမ်းထဲမှကွေ့အထွက် လှျံကွေ့ရာဘက်သို့ ဖွတ်ပင်လာသော ဆိုက်ကားတစ်စီး။



www.burmeseclassic.com

www.burmeseclassic.com



"အား"

လျှံ မျက်စိစုံမှိတ်ကာ ဘရိတ်ကို ဖိနင်းပြီး လီဗာ ရောစိတ်ပါ လျှော့ချလိုက်တော့သည်။ တစ်စက္ကန့် နှစ်စက္ကန့် သုံးစက္ကန့် သုံးဆယ် ...

"လျှံလေး ... လျှံလေး သတိထား၊ ဘာမှမဖြစ်ဘူး"

"အား ... ထူး ... ထူးရယ်"

ကားတံခါးကို ဆွဲဖွင့်ကာ လျှံ့ကို စိုးရိမ်တကြီးကြည့်နေသော ထူး။

"လျှံလေး ဘာမှမဖြစ်ဘူးနော်၊ ဆိုက်ကားက သူ့ဘာသာ ကြောက်လန့်ပြီး လမ်းဘေးအုတ်ခုံနဲ့ သွားတိုက်တာ။ လျှံလေး အချိန်မီ ဘရိတ်အုပ်လိုက်လို့ တော်သေးတယ်။ အရှိန်ကလည်း မပြင်းလို့ပေါ့"

လျှံ့တစ်ကိုယ်လုံး ကြောင့်ကြစိတ်ဖြင့် တဆတ်ဆတ် တုန်နေသည်။ ထိုတဒင်္ဂမှာတော့ ထူးရဲ့ရင်ခွင်ဟာ သူမရဲ့လုံခြုံရာ ဖြစ်သွားခဲ့သည်။ သူက သူမရဲ့ဆံပင်တွေကို သပ်တင်ပေးသည်။ ပြီးတော့ ကားနောက်ခန်းထဲက ရေသန့်ဘူးကိုယူပြီး ရေတိုက်သည်။ သူမရဲ့စိတ်တွေ ငြိမ်သက်သွားတော့မှ ကားပေါ်က ဆင်းကာ ဆိုက်ကားသမားကို ကြည့်လိုက်သည်။





"ဦးလေး ဘာဖြစ်သွားလဲ"

"ဆိုက်ကားရှေ့ဘီး ခွင်သွားတယ်၊ ဒါပေမဲ့ ဦးလေးဘာ သာဖြစ်တာပါကွယ်၊ ရပါတယ်"

"ဘယ်လိုမှတော့ မထင်ပါနဲ့ ဦးလေး၊ လျှံ စေတနာနဲ့ ကူညီတာပါ"

လျှံက ပိုက်ဆံအိတ်ထဲမှာ ထောင်တန်တစ်ထပ်ကို ကမ်းပေးလိုက်ပြီး ...

"ဒီပိုက်ဆံနဲ့ ပြင်လိုက်ပါ ဦးလေး"

"ရပါတယ်ကွယ်၊ ကလေးမနဲ့ မဆိုင်ပါဘူး"

စိတ်ထားကောင်းပုံရသော ထိုဦးလေးကြီးကိုကြည့်ကာ ...

"လျှံ့ အဖေအရွယ်မို့ ကူညီတာပါ"

"ကျေးဇူးပဲ ကလေးရယ်။ သာဓုပါကွယ် သာဓု သာဓု"

ပြီးတော့ လျှံ ကြောက်လန့်စိတ်ဖြင့် ကားဆက်မမောင်းနိုင်တော့။

"ထူး ... လျှံ့ကို အိမ်ပြန်ပို့ပေးပါလား"

"အိုကေ ... လျှံ ဒီမှာခဏနေဦး၊ ကိုယ့်ကားပါလာသေးတယ်၊ ကိုယ့်ကားကို တစ်ယောက်ယောက်ကို လာယူခိုင်းရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထူးက သူ့ကားထဲက အထုပ်တွေကိုသွားသယ်ကာ လှျံ့ကားထဲထည့်ပြီး ဖုန်းဆက်နေသည်။ သူ့ရဲ့ Mobie ဖုန်းဟန်းဆက်(တ်)လေးက ချစ်စရာလေး။

"ဟဲလို ယမင်း၊ ကိုယ်ပါ၊ ကိုယ့်ကားက ဆိုင်နဲ့မျက်စောင်းထိုး သုံးခြံကျော်လောက်မှာ၊ အဲဒီမှာ ကားသော့အပိုရှိတယ်မို့လား၊ တစ်ယောက်ယောက်ကို ယူခိုင်းလိုက်၊ အိုကေ"

သူက ဖုန်းပြောပြီး လှျံ့ကားလေးကို မောင်းထွက်လာလိုက်သည်။ အိမ်ရောက်တော့ ကြီးစိုးက ...

"သမီး လှျံလေး၊ ဘယ်လိုလုပ်ပြီး ပြန်လာ ...၊ ဩော် ... ထူးပါ ပါလာတာကိုး"

"ဟုတ်ကဲ့ ကြီးစိုး"

သူကပဲ ကြီးစိုးကို ဖြစ်ကြောင်းကုန်စင် ပြောပြနေသည်။ ကြီးစိုးက မျက်လုံးပြူးလိုက်၊ ရင်ဘတ်ဖိလိုက်ဖြင့် သူ့ပြောပြချက်တွေအပေါ် အမူအရာဖြင့် ဖော်လိုလိုက်နေသည်။

လှျံက ဧည့်ခန်းက သုံးယောက်ထိုင်ဆိုဖာပေါ်မှာ ခေါင်းတင်၍ ခပ်လျှောလျှော မှီထိုင်နေသည်၊ ကြီးစိုးက သံပရာရည်အေးအေးလေး ဖျော်ပေးသည်။

ထူးက သူမဘေးတွင် ဝင်ထိုင်ရင်း ...





"သက်သာလား"

သူမ ခေါင်းညိတ်ပြကာ ...

"ထူး ဘယ်တုန်းက ပြန်ရောက်လဲ"

"ဒီမနက်ပဲ"

ထို့နောက် ထူးက သူမကို နက်ရှိုင်းစွာ ကြည့်နေခဲ့သည်။ သူမအတွက် ဝယ်လာသော ထူးရဲ့လက်ဆောင်တွေကလည်း ဧည့်ခန်းထောင့်မှာ အပုံလိုက်ပင်။

ထို့နောက် ထူးက သူမကို ဘယ်လောက်သတိရနေကြောင်းတွေ သဒ္ဒါစီကာ ပြောပြနေသည်။ ထိုအချိန်မှာ ဧည့်ခန်းထဲဝင်လာသူက ကျော်သား။ ထူးနဲ့ သူမကိုမြင်တော့ ခြေလှမ်းတန့်သွားသည်။ သူမအထင် သူ့ မျက်နှာလည်း ပျက်သွားသလိုပဲ။ ဒါပေမဲ့ ချက်ချင်းဣန္ဒြေဆယ်လိုက်ပြီး ...

"အန်တီခင်ရော"

"ဆိုင်သွားတယ်"

"ဘွားက ဆေးမြစ်တွေ ပို့ခိုင်းလိုက်လို့၊ နယ်ကရတာလေ"

"ဩော် ... ခဏနေဦး၊ ကြီးစိုးရေ"

"ဟေ ... သမီးလေး"

ကြီးစိုး ထွက်လာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ကိုသားလည်း ရောက်နေတာကိုး"

သူက လက်ထဲကအထုပ်တွေကို ကြီးစိုးလက်ထဲ ထည့်ပေးလိုက်ပြီး သူမဘက်ကို လှည့်ကြည့်လိုက်သည်။

သူမက မျက်လုံးစုံမှိတ်ထားသလို ဟိုင်နော အခြောက်ကလည်း စိုးရိမ်တကြီးပုံမျိုးဖြင့် ဆံပင်သပ်တင်ပေးနေသည်။

မေ ... တစ်ဆိတ် အဲဒီကောင်ရဲ့လက်တွေကို ဖယ်ပစ်စမ်းကွာ။

ပြင်ရန်ပြန်နေသော ကျော်သား စိတ်ပြောင်းသွားကာ သူမတို့နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး ...

"မေ"

သူမက မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်သည်။

"ပြောစရာရှိလို့"

"ပြော"

"မေနဲ့ကိုယ့်ကို လူကြီးတွေ သဘောတူထားကြတာ မေ သိတယ်မို့လား"

သူမ ခန္ဓာကိုယ်က ဆတ်ခနဲ ဖြစ်သွားပြီး ထူးက ...

"ဩော် ... ဒါကြောင့်ကိုး၊ ဒါကြောင့် လျှံလေးက သူ့ကို ခါးသီးနေတာကိုး"





"မဟုတ် ..."

"အိုး ... မေ သိနေတာကိုး၊ သိနေရက်နဲ့ မငြင်းတာပေါ့နော်၊ ဘယ်လိုလဲ မေရယ်"

ကျော်သားက ထူးဘက်ကို စွေကြည့်ကာ ဟန်ပါပါဖြင့် ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ကိုယ်ကပဲ အလိုက်တသိနဲ့ ငြင်းလိုက်ပါတယ် မေ၊ ကျေးဇူးတင်တယ်မို့လား"

"ကျော်သား ... ရှင် ကျွန်မကို သိပ်ကိုစော်ကားလွန်းနေပြီ၊ ကျွန်မ ရှင့်ကို သည်းခံခဲ့တယ်၊ ကော်ဖီဆိုင်မှာ အရက်ခွဲခဲ့တုန်းကလည်း သည်းခံခဲ့တယ်။ အခုလည်း စော်ကားပြန်ပြီ"

"အိုး ... ကိုယ် ဘာစော်ကားလို့လဲ မေ၊ မင်းဘေးမှာ လူတစ်ယောက် ရှိနေခဲ့တယ်၊ အဲဒါကို မင်း ကိုယ့်ကိုလက်ခံတယ်"

"ဘာ ... ဘာ ... ဘာပြောတယ် ကျော်သား၊ ရှင့်ကိုဘယ်သူက လက်ခံထားလို့လဲ၊ ဟမ် ... ရှင် ပြောစမ်းပါဦး ကျော်သား၊ ဘယ်သူက ရှင့်ကို လက်ခံပါတယ်လို့ ပြောဖူးလို့လဲ၊ ဒီမယ် ကျော်သားရဲ့၊ သိပ်ပြီး သွေးနားထင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့ ရှင်နဲ့ကျွန်မကို သဘောတူထားတာ ကျွန်မ မသိ ဘူး၊ ကျွန်မ သိတာက မေမေက ကျွန်မကို သင့်တော်တဲ့ သူ တွေ့ထားတယ်လောက်ပဲ ပြောတာ၊ ဒါပေမဲ့ အဲဒါဘယ် သူလဲ ကျွန်မ မသိဘူး၊ မသိချင်ဘူး၊ သိစရာမလိုအောင် ကို မသိဘဲနဲ့ကို ငြင်းထားပြီးပြီ၊ ထားလိုက်ပါ။ ရှင်ငြင်း တယ်ပဲ ထားလိုက်၊ ရှင်နိုင်တယ်ပဲ ထားလိုက်၊ ရှင်ကျေ လို့ရတယ်ပဲ ထားလိုက်၊ ဟုတ်လား၊ စိတ်ချမ်းသာတယ်မ လား၊ ပြန်တော့"

"မေ ကိုယ့်ကို မနှင်ပါနဲ့"

သူမက ဘာမှမပြောတော့ဘဲ မျက်လုံးပြန်မှိတ်ထား သည်။

"လျှံလေး သက်သာရဲ့လား"

"ခေါင်းနောက်နေတယ်"

"ဆေးခန်းသွားမလား"

"ဟင့်အင်း ... နားချင်နေတယ်"

"ဒါဆို ကိုယ်ပြန်တော့မယ်"

"အင်း"

လျှံက သူမအခန်းဘက်ဝင်ရန် ထလိုက်သည်။





ထူးကလည်း ပြန်ဖို့ပြင်လိုက်သည်။ ကျော်သားပဲ ဧည့်ခန်းထဲမှာ ကြောင်တက်တက် ဖြစ်နေသည်။

တွေ့လား ... သူမ သူ့ကို ကျောသွားပြန်တာလေ။

"တောက်"

"မေ ... မင်းကွာ"

♥○♥



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းလည်း မေက သူ့ကိုပို၍ပင် ဥပေက္ခာပြုထားသည်။ ပြီးတော့ မေရဲ့နောက်မှာ အရိပ်လို လိုက်နေသူက ထူး။ ဘွားကလည်း သူ့ကို အန်တီခင်တို့အိမ် သိပ်မလွှတ်တော့။ မေကလည်း သူ့အိမ်လုံးဝမလာတော့။

ထိုအချိန်ကျမှ သူ ...

ဟုတ်တယ်။ သူ မေ့ကို ချစ်နေပြီ။

နောက်ကြောင်း ပြန်လှည့်လို့ မရတော့တဲ့ ခြေလှမ်းတွေနဲ့ သူ့နှလုံးသားက မေ့ကို စူးနင့်စွာ ချစ်မိသည်။

အကြိမ်ကြိမ်အခါခါ ပြန်ဆန်းစစ်မိသည်။ နှလုံးသားက ဦးနှောက်ကို သတင်းလှမ်းပို့တာက သူမကို ရူးသွပ်မတတ် ချစ်နေပြီတဲ့လေ။ သူ ဘာလုပ်ရမလဲ။

ကျော်သား အဘွားဖြစ်သူဆီ ပြေးပါလေပြီ။ ဒရင်းဘက်ပေါ်ထိုင်ကာ ပုတီးစိပ်နေသော ဘွား၏ခြေရင်းမှာ ဒူးထောက်ထိုင်ပြီး ...





"ဘွား"

"ဟေ"

"ဘွား ... သား မေမင်းလှျံကို လက်ထပ်ချင်တယ် ဘွား၊ လိုက်တောင်းပေးပါ"

ဘွားသစ် မျက်လုံးပြူးပြီ။ ခေတ်ကာလသားသမီးများ မလွယ်ပါလား။ ဟိုနေ့ကပဲ ခါးခါးသီးသီးငြင်းလို့။ ခုချက်ချင်း လိုက်တောင်းပေးပါနဲ့ ဘွားအေဖြစ်သူမှာ ဘာလုပ်ရမှန်းမသိ။

ကျော်သားက ဘွားအေရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ...

"သား သူ့ကိုချစ်တယ် ဘွားရာ၊ သား သူနဲ့ပဲ လက်ထပ်ချင်တယ်"

"သေချာရဲ့လား မြေးရယ်၊ မင်းဟာကလည်း အမျိုးမျိုးနဲ့၊ ဘွားတောင် လန့်လာပြီ"

"သိပ်ကို သေချာတာပေါ့ ဘွားရဲ့၊ လုပ်ပါ ဘွားရယ်၊ သားကို လိုက်တောင်းပေးပါ"

"ဒါပေမဲ့ ဟိုဘက်မှာ ခင်က သူ့သမီးကို မပြောရသေးဘူး မြေးရဲ့၊ ခင့်ကို ပြောကြည့်လိုက်ဦးမယ်"

"ဒါကြောင့် ဘွားကို ချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကတည်းက သူဟာ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ် ဖြစ်နေပါသည်။ တွဲလက်စ ရည်းစားတွေ အကုန်ပြတ်သည်။ အီစီကလီတွေ အပြတ်ရှင်းသည်။ ဘာညာသာရကာတွေ အကုန်လက်စသတ်သည်။ ချစ်ပြည့်ကတော့ ကြေကွဲရှာသည်။

ဒီနေ့လည်း သူ မေ့ဆီသွားဖို့ ရိုးအပြည့်ထုတ်နေမိသည်။ ရေမွှေးတွေလည်း နှစ်ခါပြန် ဆွတ်မိသလားပင်မသိ။

ခြတ်ပုံတိုက်ရောက်တော့ မေကမရှိ။ မေ့တပည့်လေးတစ်ယောက်က ...

"မမလျှံ ခေါင်းသွားလျှော်တယ်"

သူ ဟိုင်နှာရဲ့ဖြူးတီးစင်တာကို လိုက်ခဲ့သည်။

"အို ... ကိုကျော်သား၊ မလာတာ ကြာပြီနော်"

"ဟုတ်တယ် ယမင်း၊ ဒါနဲ့ မေမင်းလျှံများ လာလားလို့ လိုက်လာတာ"

"မမလျှံက ခုပဲ ကိုထူးနဲ့ အပြင်ထွက်သွားတယ်"

"ဘယ်သွားတာလဲ"

"အဲဒါတော့ မသိဘူး ကိုကျော်သားရဲ့"

သူ မေ့ဟန်းဒ်ဖုန်းကို လှမ်းဆက်လိုက်သည်။





"ဟဲလို"

ခပ်ဆောင့်ဆောင့် ထူးသံလေး ထွက်လာသည်။

"မေ ... ကိုယ် မေ့ကို သိပ်ချစ်တယ်"

ယမင်း မျက်လုံးပြူးကာ "ဟောတော့" ဟု အာမေဋိတ်သံ ပြုသွားရသည်။ တစ်ဖက်က မေ့ဆီမှ တုံ့ပြန်သံကတော့ "အရူး" တဲ့လေ။

အဲဒီနောက် သူ့ရဲ့ဦးတည်ရာက ခမ့်မိခင်၏ရွှေဆိုင်ကိုပေါ့။

"သား ဘယ်လာတာလဲ"

"မေမေ့ဆီ လာတာပါ မေမေ၊ သားမှာ မေမေ ခေါ်စရာမရှိဘူး၊ မေမေ့ကိုပဲ ခေါ်ပါရစေနော်။ ပြီးတော့ သားကို မေနဲ့ သဘောတူပေးပါ"

ယောက္ခမလောင်းရှေ့ကို ဒူးသွားထောက်မိသည်။ အန်တီခင်မှာ ပျာပျာသလဲ ...

"အို ... ကလေးရယ်၊ သားမရှိလို့ မေမေလည်း သားတစ်ယောက်လို ချစ်နိုင်ပါတယ်၊ ဒါပေမဲ့ သမီးကို မေမေလည်း မပိုင်ဘူး"

"ဟုတ် ... မေမေ သဘောတူတယ်ဆိုရင် သူ သားကို လက်ခံလာအောင် ကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဘယ်ပြေးမလဲ မေလေး၊ မေလေးရဲ့စိတ်တွေ ပျော့ပျောင်းနူးညံ့လာအောင် လုပ်ဖို့ပဲ ကျန်တော့သည်။

ထို့နောက် သူ ဓာတ်ပုံတိုက်ကို ထပ်သွားပြန်သည်။ မေက အတွေ့ပင်မခံ။ သို့သော် သူက ဇွဲကောင်းစွာဖြင့် ဓာတ်ပုံဆိုင်ပိတ်သည်အထိ ထိုင်စောင့်နေသည်။

ညနေဘက် ဓာတ်ပုံတိုက်ပိတ်ပြီး မေ အိမ်ပြန်သွားသည်။ သူ့ကို လုံးဝဂရုမစိုက်။ သူကလည်း သူမအိမ်အထိလိုက်သွားသည်" (ိ ါမစ်က ရထားပြီလေ)။

"ရှင် ဘယ်လိုလူလဲ ကျော်သား၊ မျက်နှာပြောင်လှချည်လား၊ ရှင် ယောကျ်ားမဟုတ်ဘူးလား၊ ခုစာလေးကြော် ခုဆီထမင်းနဲ့၊ ရှင် ကျွန်မကို ငြင်းထားတယ်လေ၊ လက်မခံဘူးလေ၊ အခု ဘာအရူးထပြန်တာလဲ၊ ဘာလဲ စတန့်ထွင်တာလား၊ ရှင်ပဲ ပင်ပန်းမှာနော်၊ ကျွန်မကတော့ လုံးဝပဲ"

"ရတယ် မေ၊ ဟုတ်တယ်၊ ကိုယ့်စိတ်ကိုယ် နားမလည်လို့ အဲလိုတွေ ဖြစ်ရတာ၊ တကယ်တမ်း မေနဲ့ဝေးပြီဆိုတော့မှ ကိုယ် မေ့ကို သိပ်ချစ်နေပါလားလို့ သိသွားတယ် မေရယ် ...

ကိုယ့်ဘဝမှာ ရည်းစားတွေ အများကြီး ထားခဲ့ဖူးတယ် မေ၊ ဒါပေမဲ့ ကိုယ် တကယ်မချစ်ခဲ့ဖူးဘူး၊ ကိုယ် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး ...





မေ့ကို ... မေ့ကိုမှ ကိုယ် တကယ်ချစ်မိသွားတာမေ၊ ဒါ ကိုယ့်ဘဝမှာ မေနဲ့ပတ်သက်ပြီး အရိုးသားဆုံး ဝန်ခံခြင်းပဲမေ"

"တော်စမ်းပါ ကျော်သား၊ ဘာလဲ ကျွန်မကို နံပါတ်စဉ်ချိတ်ချင်တာလား ဟုတ်လား၊ မရဘူး ကျော်သား၊ အကြောင်းမသိတဲ့သူကိုပဲ သွားပတ်သက်လို့ရမယ်"

"နံပါတ်စဉ်ချိတ်ချင်တာ ဆိုရင်တောင်မှ မေဟာ ကိုယ့်ရဲ့ နောက်ဆုံးနံပါတ်ပဲ မေ၊ ဟုတ်တယ် ကိုယ် ရှုပ်ပါတယ်၊ ကိုယ့်မှာ ကောင်မလေးတွေ ထည်လဲပဲ၊ ဒါပေမဲ့ ကိုယ် မချစ်ဘူး မေ၊ မေနဲ့မှ အချစ်ဆိုတာကို သိတာ၊ ကိုယ့်ဘဝမှာ လက်ထပ်ယူချင်လောက်အောင် ထာဝရပိုင်ဆိုင်မှုရလောက်အောင်ချစ်ခဲ့တာ မေတစ်ယောက်ပဲ ရှိတယ်"

"သီချင်းစာသားတစ်ခု ပြောပြမယ် ကျော်သား၊ တောမှာသွားပြောတဲ့ သိလား၊ ဒီမယ် ကျော်သား၊ မေမင်းလှ့ဲဟာ ယောကျ်ားတစ်ယောက်အတွက် နံပါတ်တစ်ခု ဖြစ်ခဲ့ရင်တောင် သူ့ရဲ့တစ်ခုတည်းသော နံပါတ်ပဲဖြစ်ရမယ် ကျော်သား၊ နောက်ဆုံးတွေ ရှေ့ဆုံးတွေဟာ ဂဏန်းယူစရာမှ မဟုတ်တာ ကျော်သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်ကတော့ ကြိုးစားနေဦးမှာပဲ ကိုယ် အခုကစပြီး ဘယ်မိန်းကလေးမှ စိတ်မဝင်စ ကိုယ့်ရဲ့ ရှင်သန်ခြင်းတိုင်းဟာ မေပဲဆိုတာ မှတ်ထ ပါ"

သူ့ကို မေမင်းလျှံက ခါးတူးနေအောင်ပင် မုန်း သေးရဲ့ရှင်။ မေမေကတော့ လူငယ်တွေကို မသိချင်ယောင်ဆော နေကာ အပေါ်ထပ်မှပင် ဆင်းမလာပေ။ ထိုနေ့ကတည်းက ကျော်သားဟာ မေ သွားလေရာမှာ အရိပ်ပမာ ...။

♥ ○ ♥





ရက်မှလတွေ ပြောင်းလာခဲ့ပြီ။ မေမင်းလျှံရဲ့ သဘော ထားတွေကတော့ မပြောင်းလဲသေး။ ထူးရဲ့အချစ်တွေကလည်း ပုံမှန်အတိုင်းပင်။ ကျော်သားကတော့ ပြောင်းလဲသွားသည်။

ကောင်းသောပြောင်းလဲခြင်းတွေပေါ့။ လူရှုပ်လူပွေ ကျော်သား မဟုတ်တော့။ အလုပ်တွေလည်း အရင်ထက်နှစ်ဆ ပိုကြိုးစားသဖြင့် ပွဲရုံလုပ်ငန်းက တစ်ရှိန်ထိုး အောင်မြင်လာသလို K-new ဖက်ရှင်ရှော့ပ်ကလည်း ဆိုင်ခွဲတွေ တစ်ဆိုင်ပြီးတစ်ဆိုင် တိုးလာသည်။ ထို့ပြင် မန္တလေးအထိ တိုးချဲ့ဖွင့်လှစ်လာရတော့ သည်။

ဘယ်လောက်ပဲ အလုပ်ရှုပ်ပါစေ မေ့ကို ဖူးမြော်ရ သည့်တာဝန်ကိုတော့ မပျက်ကွက်။ ကျော်သား မေ့ကို သိပ်ချစ် သည်လေ။ ကျော်သားတို့အိမ်နှင့် မေတို့အိမ်လည်း ပို၍ပင်ကူးလူး ဆက်ဆံလာသည်။ သို့သော် မေကတော့ သူ့အပေါ် အေးစက်မြဲ



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ ထူးနဲ့ ကျော်သားကို အကဲခတ်နေပါသည်။ သူမကိုတော့ ဘာမှ မမေးသလို ကျော်သားအကြောင်းလည်း မပြောပါ။ ထူးနဲ့ပဲဖြစ်ဖြစ် ကျော်သားနဲ့ပဲကြိုက်ကြိုက် မေမေ သဘောတူပါသည်။ နှစ်ယောက်စလုံးဟာ သမီး လှျံလေးအပေါ်တွင် တကယ်ကို မေတ္တာသက်ဝင်ချစ်နေကြသူတွေပင် ဖြစ်သည်မို့ လှျံ့ရဲ့ အနာဂတ်အတွက် စိတ်ချရပြီလေ။

♥○♥





ထိုနေ့က မိုးတွေရွာနေသည်။ လျှပ်စီးတွေ တဖျပ်ဖျပ်နဲ့ မိုးခြိမ်းသံတွေ တဒုန်းဒုန်း တဒိုင်းဒိုင်း။ ထိုကဲ့သို့ မိုးတွေ သဲသဲမဲမဲပဲရွာလျှင် လှျံ သိပ်ကြောက်သည်။

ထိုသို့ မိုးရွာနေတဲ့အချိန်မှာ လှျံက သန်လျင်ဘက်က သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်သွားပြီး အပြန် တိုင်းရင်းသားကျေးရွာအထွက် ရန်ကုန်ဘက်ခြမ်းအရောက်မှာ မိုးကထစ်ချုန်းစွာ သဲသဲမဲမဲ ရွာချခြင်းပင်။ ပြီးတော့ ကားက ဘာဖြစ်မှန်းမသိဘဲ ထိုးရပ်သွားသည်။ လူကပြတ်လိုက်တာမှ တစ်ယောက်တလေပင် မတွေ့ရ။ ဖြတ်သွားဖြတ်လာ ကားတွေကတော့ တစ်စီးပြီးတစ်စီး။

ထိုအချိန်မှာ လူတစ်ယောက် မိုးရေထဲမှာ ဒယီးဒယိုင်နှင့် ခြေလှမ်းတွေက သိုင်းကွက်နင်းလာသည်။ အရက်မူးသမားထင်ပါရဲ့။ လှျံ့ကားနား ရောက်လာပြီး ကားတံခါးကို လာခေါက်သည်။ ကားမှန်နှင့် မျက်နှာအပ်ပြီး ကားမှန်ကို ပြူးပြဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှံ့ကိုယ်လေး တွန့်သွားသည်။ ဒီလိုနေရာမျိုးမှာ လူကလည်း ပြတ်နေသည်မလေ။

လျှံ ဘုရားတ,လိုက်မိသည်။ တိုလူက လျှံ ထိုင်နေသည့်ဘက်ခြမ်းက မှန်ကို မျက်နှာကပ်ကာ လာကြည့်ပြန်သည်၊

ထို့နောက် သူ့ရဲ့အိတ်ကပ်ထဲက အသွားခြောက်လက်မခန့်ရှိသော မောင်းချအားတစ်ချောင်းထုတ်လိုက်ကာ ကားမှန်ကို ဆွဲခြစ်ဖို့ကြိုးစားသည်။

ဓားရောင်က လျှပ်စီးတစ်ပြက်နဲ့အတူ ဝင်းခနဲ လက်ခနဲ ...

"ဒုန်း ... ဒလိန်း ... ဒိန်း"

"ဘုန်း ... ဘုန်း ... ဘုန်း"

လျှံ မျက်စိစုံမှိတ်လိုက်သည်။ ဖြစ်ချင်ရာဖြစ်တော့ အရေးထဲ ဖုန်းကမြည်လာသည်မို့ ဝမ်းသာအားရ ဖုန်းကို စမ်းပြီး ထူးလိုက်သည်။ မျက်စိမှိတ်ထားသည်မို့ ဖုန်းနံပါတ်လည်း မကြည့်မိတော့။

"ဟဲလို"

"မေ ကားတံခါးကို ဖွင့်လေ၊ မေ ဘာဖြစ်နေပြီလဲ၊ ဘာဖြစ်သွားလဲ"





"ဘုန်း ... ဘုန်း ... ဘုန်း"

"မေ"

မေမင်းလျှံ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျော်သားကားမှန်ကို ဖွင့်ချလိုက်တော့ မိုးစက်တွေက အရှိန်ပြင်းစွာ လိမ့်ဝင်လာသည်။

"ဘာတွေ ဖြစ်ကုန်တာလဲဟင်"

"မေ ဘာဖြစ်သွားလဲ၊ ဘာမှ မဖြစ်ပါဘူးနော်"

"ဟင့်အင်း ... လူဆိုး ... လူဆိုးရှိတယ်"

"မရှိတော့ဘူး မေ၊ ဟိုမှာ ကိုယ် ဖမ်းထားလိုက်ပြီ"

ကျော်သားတပည့်တစ်ယောက်ရဲ့လက်ထဲမှာ အရက်မူးသမားက စုတ်ပြတ်နေပြီ။

"အား ... လျှံ ကြောက်လိုက်တာ ကျော်သားရယ်၊ ရှင်သာရောက်မလာရင် လျှံ့ဘဝ မတွေးဝံ့စရာပဲ"

"ကဲပါ ... ခု ဘာမှမဖြစ်တော့ဘူး"

"ကိုသား ဒီလူကို ဘယ်လိုလုပ်မလဲ"

"ဒီတိုင်းထားခဲ့လိုက် မောင်ထွန်း၊ မေလည်း ဘာမှ ဖြစ်တာမှမဟုတ်တာ၊ ငါ့ကားကိုတော့ မင်းပဲမောင်းခဲ့လိုက်တော့၊ မေ အရမ်းကြောက်နေလား၊ မေ့ကားကို ကိုယ်မောင်းခဲ့ပေးမယ်"



www.burmeseclassic.com

"အင်း ... ဒါပေမဲ့ လှျံ့ကားက ပျက်နေတယ်"

အပြန်လမ်းတစ်လျှောက် မေမင်းလှျံက မျက်စိမှိတ်ကာ ငြိမ်သက်စွာပါလာသည်။ ကျော်သားက တတွတ်တွတ်ဖြင့် အဖြစ်အပျက်ကို နောက်ကြောင်းပြန်လို့။ တကယ်တော့ အမှုးသမားက အကြံပက်စက်ဖို့ ကြိုးစားချိန်မှာ ကျော်သားကလည်း သီလဝါဘက်မှ ပြန်လာခိုက် မေမင်းလှျံကားကို တွေ့သဖြင့် ထိုးရပ်လိုက်ရာမှ အဖြစ်အပျက် အလုံးစုံတွေ့ငေိုက်ရခြင်းပင်။

လှျံ့ကားက ဆီပိတ်နေတာမို့ ထိုးရပ်သွားခြင်းပင်။ ဒါပေမဲ့ မိုးရွာနေတာက သဲသဲမဲမဲမို့ လှျံကာ ကားကို ဆင်းပြီး မစစ်ဖြစ်တော့ဘဲ ကြောက်လန့်နေချိန် အမှုးသမားနှင့်တိုးခြင်းပါ။

သာမန်အချိန်ဆိုလျှင် လှျံတတ်နိုင်သလောက် ခုခံမှာဖြစ်သော်လည်း ထစ်ချုန်းမိုးက လှျံ့ကို ခြောက်လှန့်နေပြီ။ လျှပ်စီးတစ်ပြက်မှာ မြင်လိုက်ရသော ဓားရောင်ကို လှျံ ကြောက်ရွံ့စွာ မျက်လုံးမှိတ်လိုက်မိတော့သည်။

ကျော်သား ရောက်လာပေလို့သာပေါ့။

"နောက်ဆို တစ်ယောက်တည်းမသွားပါနဲ့ လှျံရယ်"

ကျော်သား အသံတိုးလျလျက နားထဲကို စီးဝင်လာသည်။ လှျံကတော့ မျက်လုံးစုံမှိတ်ကာ ငြိမ်သက်စဲ။ ကားက





ထိုးရပ်သွားသည်။ လှျံ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကားက ခြံတစ်ခြံထဲမှာ ရောက်နေသည်။ လှပသော တစ်ထပ်ခွဲတိုက်ကလေးတစ်ခု ရှေ့မှာပေါ့။

"ဟင် ... ဒါ ဘယ်ကိုခေါ်လာတာလဲ ကျော်သား"

ကျော်သားက သူမကို ငေးကြည့်နေသည်။

"မေးနေတယ်လေ ကျော်သား၊ ဒါ ဘယ်ကိုခေါ်လာတာလဲလို့"

"ကိုယ့်အိမ်ပါ၊ ကိုယ် စာအုပ်တစ်အုပ် ဝင်ယူစရာရှိလို့ ခဏဝင်တာပါကွာ"

"ရှင့်အိမ် ... ရှင် ဒီကိုပြောင်းလာတာ ဘယ်လောက်ကြာပြီလဲ၊ ဘွားသစ်တို့ရောလား"

"ကိုယ်တစ်ယောက်တည်းပါ။ ဒီမှာက တစ်ခါတလေမှ နေဖြစ်တာပါ။ အစောင့်ပဲထားတာ၊ များသောအားဖြင့် ဘွားတို့နဲ့ပဲနေတာ၊ ခဏနေ့ာ် ကိုယ် စာအုပ်ဆင်းယူလိုက်ဦးမယ်၊ ရောက်တုန်းရောက်ခိုက် အိမ်ထဲဝင်ပါဦးလား၊ ကိုယ့်ကို ယုံကြည်တယ်ဆိုရင်ပေါ့"

ကားပေါ်မှ မဆင်းဘူးဆိုရင် သူ့ကို မယုံကြည်ရာများကျနေမလား။ ဒါပေမဲ့ သူကရော ယုံကြည်ရပါမလား။ လှျံ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အတွေးတွေချာချာလည်နေသည်။ ဘာပဲဖြစ်ဖြစ်လေ သူက လတ်တလော ကိုယ့်ရဲ့ကယ်တင်ရှင်။ သူသာ ရောက်မလာခဲ့ရင် ခုချိန်ဆို လှျံ့ဘဝက မတွေးဝံ့စရာပင်။ လှျံ့ရဲ့လက်တွေက ကားတံခါးကို အလိုလိုဖွင့်ပြီးသားဖြစ်သွားသည်။ မိုးကလည်း အရှိန်ကောင်းနေဆဲ။ ဒါပေမဲ့ လှျံကတော့ ကားအောက်ရောက်သည့်တိုင် မိုးစက်တွေနဲ့ ကင်းလွတ်နေသည်။ လှျံ့အားမှာ ထီး မိုးပေးနေသော သူ။

"ကိုယ့်ကို ယုံကြည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မေ"

"ယုံကြည်မှုတွေကို အလွဲသုံးစားမလုပ်တာက ကျေးဇူးတင်တာထက် ပိုကောင်းတယ် ထင်တယ်"

"အဟွန်း ... လာ မေ၊ ဒါ ကိုယ့်စိတ်ကူးနဲ့ကိုယ် ဆောက်ထားတဲ့အိမ်လေးပေါ့။ Architect လည်း ကိုယ်ပဲ၊ အင်ဂျင်နီယာလည်း ကိုယ်ပဲ"

"ပုံစံလေးလှသားပဲ၊ ဘယ်ကတ်တလောက်ထဲကကြည့်ပြီး ဆောက်တာလဲ"

"အံမယ် ... လူကို အထင်သေးတယ်ပေါ့လေ"

"အထင်ကြီးစရာမှ မရှိဘဲ"





"ကိုယ် လုပ်တတ်တာတွေ အများကြီးရှိသေးတယ် မေရဲ့၊ ဥပမာ မိုးအေးအေးနဲ့လိုက်ဖက်တဲ့ ကော်ဖီခါးခါးတစ်ခွက်လည်း ဖျော်တတ်သေးတယ်၊ မေ မယုံရင် ကိုယ် သက်သေပြမယ်လေ"

"ကျော်သား ... ရှင့်ကို မိန်းကလေးတွေကြွေတာ ဒီအပြောတွေ ကြောင့်ထင်တယ် သိလား၊ ဒါပေမဲ့ ကျွန်မကတော့ ရှင် အပြောကောင်းတယ်လို့ လက်ခံယုံကြည်ထားတဲ့အတွက် Heart မထိဘူး"

"ဒီမှာ မေရဲ့၊ ကိုယ် ဘယ်မိန်းကလေးကိုမှ ကော်ဖီဖျော် မတိုက်ဖူးဘူး၊ ကိုယ့်အဘွားက လွဲရင်ပေါ့"

"အင်း ... ကျွန်မ ထီထိုးရတော့မယ်ပေါ့"

မိုးတစိမ့်စိမ့်ရွာနေတာလည်း အမှန်ပါပဲ။ ကော်ဖီခါးခါးတစ်ခွက်လည်း တကယ်ကို မက်မောစွာ သောက်ချင်နေတဲ့အချိန်ပါပဲ။ ကျော်သားရဲ့ကော်ဖီနံ့က ရင်ကို လာထိသည်။ လျှာဖျားကို ခိမ့်စေပြီး ရင်ထဲကို နွေးထွေးစေသည်။

"ဘယ်လိုလဲ"

"ကောင်းတယ် ဆိုတာထက် ပိုကောင်းပါတယ်"

"အဲဒါဆို ရင်ထဲထိပြီလား"

"သေလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မေ"

"ပြန်မယ်"

မေမင်းလျှံက အိမ်ထဲမှ ထွက်ဖို့ပြင်လိုက်သည်။ အိမ်ပြင်ဘက်မရောက်ဘဲ ရင်ခွင်တစ်ခုထဲ ရောက်သွားတာတော့ သေချာသည်။

"အိုး ... ဘာလုပ်တာလဲ လွှတ်"

ကျော်သားက ပိုပြီးတင်းကျပ်စွာ ဖက်ထားလိုက်ကာ သူမရဲ့ဆံနွယ်တွေကြားထဲသို့ မျက်နှာအပ်ထားမိသည်။

"ခဏလေးပါ မေရယ်၊ ခဏလေးပါပဲ၊ မောင့်ရင်ခွင်ထဲမှာ ခဏလေးနေပေးပါနော်၊ မောင် မေ့ဆံပင်တွေကို သိပ်ချစ်တာပဲသိလား မေ၊ မောင် ဆံပင်တွေကို နမ်းကြည့်မယ်နော်"

လျှံ့ကိုယ်လေးက ကျော်သား ရင်ခွင်ထဲမှာ တောင့်တင်းနေကာ လေသံတွေက ဓားထက်ထက်ရဲ့ အသွားတစ်ခုပမာ ကျော်သားရဲ့ နားစည်ကို ထိုးခွဲသွားသည်။

"ကျော်သား အခုလွှတ်ပါ။ မဟုတ်ရင် ရှင့်ပါးကို အချက်တစ်ရာလောက် မရိုက်ဘူးလို့ အာမ,မခံဘူး"

ကျော်သားက လက်တွေဖြေလျှော့လိုက်ပြီးမှ ရုတ်တရက် သူမကို ဆွဲဖက်ကာ ပါးနှစ်ဖက်ကို နစ်ဝင်အောင်နမ်းပစ်လိုက်သည်။ ဘယ်ပြန် ညာပြန်ပေါ့နော်။





"ဟင် ... ရှင် စော်ကားလှချည်လား၊ ကဲ ... ဖြန်း ဖြန်း ဖြန်း ဖြန်း ဖြန်း ..."

သူ့ပါးနှစ်ဖက်လည်း ဘယ်ပြန်ညာပြန် အတီးခံလိုက်ရသည်။ အတွင်းအားပါသော လက်ဝါးနှစ်ဖက် ကျော်သားရဲ့ ပါးပြင်တွေကို မိတ်ဆက်လို့ အားရချိန်မှာတော့ မေမင်းလျှံက မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ဆင်းလာပြီး အိမ်ပြင်ပြေးထွက်သွားသည်။

"မေ"

သူ့အသံက လျှံ့ကားကို မတားဆီးနိုင်ခဲ့။ မိုးရေ အရှိန်ပြင်းစွာ မောင်းထွက်သွားသော ကားတစ်စီး။ ပါးကို ဘယ်ပြန် ညာပြန် အရိုက်ခံရပြီး ပြုံးနိုင်တာ ကမ္ဘာပေါ်မှာ ကျော်သားတစ်ယောက်ပဲရှိမည်ထင်သည်။ နာကျင်နေသော ပါးနှစ်ဖက်ထက် နှုတ်ခမ်းကို လက်ခုံဖြင့် ထိကာ ပြုံးစိစိဖြစ်နေသည်။

"မရည်ရွယ်ပါဘူး မေရယ်၊ မေက ချစ်စရာကောင်းနေလို့ပါ"

♥○♥



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကတည်းက အခန်းအောင်းကာ မေမင်းလွှဲ ဒေါသတွေထွက်နေသည်။ ပါးနှစ်ဖက်ကို တစ်ရှူးစဖြင့် အကြိမ်ကြိမ်ပွတ် ... နေမိသည်မို့ ပါးတွေပင် နာကျင်နေပြီ။

ရင်ထဲမှာ တလှပ်လှပ်ဖြင့် လှုကလည်း ကတုန်ကယင်ဖြစ်နေသည်မို့ ကိုယ့်ကိုယ်ကိုယ် စိတ်တိုနေမိသည်။

ကျော်သားရဲ့ မျက်နှာကြီးကို တစ်ချိန်လုံးမြင်ယောင်နေသည်။

"ဟင့်အင် ... ရှင့်လို လူရုပ်လူပွေ ငပွေးကို စိတ်မဝင်စားဘူး၊ သွား ... မုန်းတယ် ... မုန်းတယ်"

မျက်လုံးကို စုံမှိတ်ကာ ခေါင်းအုံးဖြင့် မျက်နှာကို ဖိထားမိသည်။ ကျော်သားကလည်း လွှဲ့ဆီ တစ်ချိန်လုံး ဖုန်းခေါ်နေသည်။ မရ။ မိဘိုင်းဖုန်းကို စက်ပိတ်ထားသလို အိမ်ဖုန်းခေါ်တော့လည်း ကြီးစိုးသာ လာကိုင်သည်။ သူမက မပြောချင်ပါတဲ့။





နောက်နေ့ ဓာတ်ပုံတိုက်မှာသွားစောင့်သော်လည်း မရ။ သူမ ဓာတ်ပုံတိုက်ကို မလာပါတဲ့။ အိမ်ကိုသွားတော့လည်း မနက်ကတည်းက ထွက်သွားသည်တဲ့။ ဖုန်းဆက်တော့လည်း စက်ပိတ်ထားဆဲ။

ထူးရဲ့ပြူးတီးစင်တာကို သူ လိုက်သွားမိသည်။ သူမကို ရှာမတွေ့တာနှင့် ပြူးတီးစင်တာမှာပဲ ရှိနေလိမ့်မည်ဟု တွေးမိသော သူ့အတွေးကို သူ သတိထားမိသွားသည်။

"ဟာ ... ငါ ဟိုအခြောက်ကိုများ ရှုံးနေပြီလား၊ မေနဲ့ထူး ဆိုတဲ့အကောင်များ ကြိုက်နေကြပြီလား"

မေက ထူးကို ခင်တွယ်လွန်းသလို ထူးကလည်း သူ့လိုပင် သူမအိမ်မှာ ဝင်ထွက်ခွင့်ရထားသူ။ သူ ထူးကို ရှုံးနေပြီပေါ့။ သူ တွေးပူနေချိန် မေမင်းလွှဲနဲ့ထူးကတော့ သူတို့သွားနေကျ ပြည်လမ်းက ကော်ဖီဆိုင်လေးမှာ ...

"ထူးရာ အဲဒီအချိန်မှာ လွှဲ သူ့ကို မုန်းလိုက်တာ၊ လွှဲ သူ့ ပါးကို ဘယ်ပြန်ညာပြန်ကို တီးပမ်လိုက်မိတာသိလား"

ပါးလေးကို တစ်ရှူးဖြင့်ပွတ်ရင်း သူမနဲ့ ကျော်သားတို့ရဲ့အဖြစ်အပျက်ကို ပြောနေသည့် မေ့ပါးနှစ်ဖက်ကိုကြည့်ကာ မေ့ကို သူ ဆုံးရှုံးလိုက်ရသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လျှံ ဒါတွေ ဘာဖြစ်လို့ ကိုယ်ကို ပြောပြနေတာလဲ"

"ဟင် ... ထူးက လျှံ့သူငယ်ချင်းပဲ၊ လျှံ ရင်ဖွင့်တာလေ၊ လျှံ့မှာ ရင်ဖွင့်စရာသူငယ်ချင်းမှ မရှိဘဲ၊ ထူးဟာ လျှံ့အပေါ်မှာ နားလည်ပေးနိုင်ဆုံးပဲ့လေ"

"ဒါနဲ့များ လျှံလေးရယ် တစ်သက်လုံး နားလည်ပေးခွင့် ပေးလိုက်ပါလား"

"ပေးထားသားပဲ၊ ထူးဟာ လျှံရဲ့တစ်သက်တာလုံး သူငယ်ချင်းပါဆို"

"သူငယ်ချင်းထက် ပိုဖို့ပြောနေတာလေ"

"ထူးဟာ လျှံ့ဘဝမှာ အကောင်းဆုံးသူငယ်ချင်း။ လျှံ့အပေါ် နားလည်နိုင်ဆုံးပဲ၊ လျှံ ထူးကို မစွန့်လွှတ်နိုင်ဘူး၊ လျှံ ဘာပဲ ခံစားရ ခံစားရ ထူးကို တိုင်တည်ချင်တယ်၊ ရင်ဖွင့်ချင်တယ်၊ လျှံ့အတွက် ထူး မရှိမဖြစ် လိုအပ်တယ်"

"ဒါဆို လျှံ ကိုယ့်ကို အဖြေပေးတော့လေ"

"လျှံပြောတာ ဆက်နားထောင်ဦးလေ၊ လျှံ ထူးကို လိုအပ်တယ်၊ ဒါပေမဲ့ လျှံ ထူးကို မချစ်ဘူး၊ သေချာတယ်၊ လျှံ့ကို သူငယ်ချင်းအဖြစ် မခင်နိုင်ဘူးလား ဟင်"

"ခင်ပါတယ် ... ခင်ပါတယ်၊ ခင်များ သဘောပါပဲ"





"ဟိ ဟိ ... ဒါကြောင့် ထူးကို လျှံ မစွန့်လွှတ်နိုင်တာ သိလား၊ လျှံ့အတွက် ထူး မရှိလို့ မဖြစ်ဘူး သိလား"

ထူးကတော့ လျှံ့မျက်နှာလေးကို ငေးမောလို့၊ စိတ်ထဲမှာတော့ အစီအစဉ်တစ်ရပ်ကို ကျိတ်ပြီး ရေးဆွဲနေမိသည်။

ထိုအချိန်မှာပဲ ကျော်သားကလည်း သူငယ်ချင်းတစ်ယောက်ဖြင့် ထိုကော်ဖီဆိုင်သို့ ရောက်လာသည်။ လျှံက ကျောခိုင်းထားသဖြင့် မမြင်။ ထူးက လျှံ့ဆံပင်တွေကို သပ်တင်ပေးလိုက်သည်။

"ဘာလုပ်တာလဲ"

"လျှံ့ခေါင်းပေါ်မှာ တစ်ရှူးစလေးကပ်နေလို့ ဖယ်ပေးတာပါ"

"ကဲ ... သွားကြစို့"

"အိုကေ ... လာလေ မေ၊ သွားတာပေါ့"

မေက ပြန်အလှည့်မှာ ကျော်သားကို တွေ့လိုက်ရသည်။ မဲ့ပြုံးတွေနဲ့အတူ ထူးရဲ့လက်မောင်းကို ဖျတ်ခနဲ ချိတ်ပစ်လိုက်သည်။ ကျော်သား ရင်ထဲမှာ ဟာခနဲ ဖြစ်သွားပြီပေါ့။

"ဒီလက်တွဲခြင်းတွေဟာ အသုံးချခြင်းမဟုတ်ဘဲ တကယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အခုလည်း လျှံက အတည်ချိတ်ထားတာပဲ၊ တကယ်ချိတ်ထားတာပဲ ထူးရဲ့"

"ဒါက ဟာ့စ်ရေးနီးမက်တဲ့ အိပ်မက်တစ်ခုပါ လျှံရယ်။ မကြာခင် ပြန်ဖြုတ်သွားမှာပဲ"

"ထူး ... လျှံ့ကို စိတ်ပျက်နေတာလားဟင်"

"ဟင့်အင်း ... ပိုပြီးတော့ပဲ ချစ်လာတာ"

"ရပါတယ် မချစ်လည်းနေပါ၊ စိတ်မပျက်သွားဖို့ပဲ အရေးကြီးပါတယ်"

"စိတ်ချ ဘယ်တော့မှ စိတ်ပျက်သွားမှာမဟုတ်ဘူး"

"ပြီးတာပဲ"

လျှံက မျက်စိစုံမှိတ်ပြီး သူ့ဘေးမှာ ငြိမ်သက်စွာ ပါလာသည်။ လျှံ့ကို ဓာတ်ပုံတိုက်ပြန်ပို့ပေးပြီးတော့ ထူး စီစဉ်စရာရှိတာတွေ စီစဉ်နေသည်။ ဓာတ်ပုံတိုက်မှာ ...

"ဒီနေ့ ဖော်လေး မလာဘူးလား"

"မမလျှံ ဖော်လေး out door ထွက်သွားတယ်"

"ဟုတ်လား ကိုလည်း မသိရပါလား"

"မမပင်ကီပေါ့ အတင်းခေါ်သွားတာလေ၊ မမလျှံကို ဖုန်းလှမ်းဆက်တယ်၊ ဆက်သွယ်လို့မရလို့"





"ဟုတ်တယ်၊ ကို ဖုန်းပိတ်ထားမိတယ် ရပါတယ်၊ ကဲ... လုပ်စရာရှိတာလုပ်ကြလေ၊ ကို ဘွဲ့ပုံအပ်ထားတာတွေ ပြင်ပေးမယ်"

"ဟုတ်"

အဲဒီညနေက ဆိုင်ပိတ်ကာနီးမှ ဖော်လေး ရောက်ရှိလာသည်။ မျက်နှာကလည်း ပျက်ယွင်းလျက် ...

"ဖော်လေး ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး မမလျှံ"

"ရှင် ကျုပ်ကို ညာချင်လို့လား ဖော်လေး၊ ပြော ဘာဖြစ်လာလဲ"

"မမလျှံ"

"အင်း"

"ကျွန်တော် စိတ်ညစ်တယ်"

"အင်း"

"ကျွန်တော် ဒေါပင်ကီကို ယူရတော့မယ်"

"ဟောတော့ ... ဘယ်လိုဖြစ်ပြီး"

သူမ ဘာဆက်ပြောရမှန်းပင်မသိ။ ဒီနေ့ ဖော်လေးကို ဒေါပင်ကီ လာခေါ်၍ အပြင်ကို out door ထွက်သွားသည်။ ပြန်လာတော့ ဒေါပင်ကီကို ယူရတော့မည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်လေး ဖုန်းလာတယ်"

ကောင်မလေး တစ်ယောက်က လှမ်းအော်တော့ ဇော်လေး လေးကန်သောခြေလှမ်းများဖြင့် ထွက်သွားသည်။

"ဟဲလို"

"ဟုတ်ကဲ့ မ၊ ကျွန်တော်ပါ"

"အင်း ... မောင်ပါ"

"ရတယ်၊ လာမကြိုနဲ့တော့ ခုပဲ ပြန်တော့မှာ"

"ဟုတ်ကဲ့ လာခဲ့ပါမယ်၊ ဒါပဲနော်"

"မမလျှံ ကျွန်တော် အလုပ်ထွက်တော့မယ်"

ဖုန်းခွက်ကိုချကာ ရုတ်တရက် သူမဘက်လှည့်ပြီး ပြောလိုက်သည်။

"ရတယ် ဇော်လေး၊ အဲဒီအတွက် စိတ်မကောင်းမဖြစ်ပါနဲ့"

"မမလျှံ ကျွန်တော်လေ"

"ပြောလေ ဇော်လေး၊ ဘာအကူအညီလိုလဲ၊ တစ်မျိုးမထင်နဲ့နော်၊ ငွေရေးကြေးရေးတွေ လိုအပ်ရင်လည်းပြောလေ"

"မလိုပါဘူး မမလျှံ၊ ကျွန်တော် စိတ်ညစ်တာက ကျွန်တော်က သူ့အတွက် ပွဲလယ်တင့်မယ့်ခင်ပွန်း မဖြစ်နိုင်တာကိုပဲ"





"အိုး ဇော်လေး ... ရှင် တကယ်ပဲ သူ့ကို ချစ်သွားတယ်လား"

"ဟုတ်တယ်"

"အံမယ် ခွေးစုတ်လေး၊ ချစ်တဲ့သူကို ယူရမှာများ မျက်နှာက မအီမသာနဲ့"

"ဒါပဲလေ မမလျှံ၊ အချစ်ဆိုတာ ဒီလိုပဲ တကယ်ချစ်လာတဲ့အခါ ကိုယ်ကျိုးဆိုတာ ခေါင်းထဲမှာမရှိတော့ဘူး၊ ကိုယ်စိတ်ချမ်းသာဖို့ထက် သူ့ စိတ်အနှောင့်အယှက်ကလေးတောင် မဖြစ်စေချင်တော့ဘူး၊ မ,ဟာ ကျွန်တော့်ကိုယူရင် သူ့ဘက်က ပေးဆပ်ခြင်းတွေအများကြီးပဲ၊ မ,ကို ကျွန်တော် သနားတယ်၊ လက်မထပ်ရက်ဘူးဗျာ"

"ဒီမယ် ဇော်လေးရဲ့ မိန်းမတစ်ယောက် တကယ်ချစ်တတ်ပြီဆိုရင်လည်း ရှင်တို့ယောကျ်ားတွေထက် ကိုးဆယ်ဆသာကြတယ်၊ ရှင့်ကို လက်ထပ်လိုက်ရလို့ သူ့ဘက်က နစ်နာဆုံးရှုံးမှုတွေရှိတယ် ဆိုတာက ရှင့်အထင်လေ၊ ချစ်သူကို ပိုင်ဆိုင်ခွင့်ရလိုက်တဲ့ မိန်းမတစ်ယောက်အတွက်ကတော့ ကမ္ဘာပေါ်မှာ ငါသာလျှင် ကံအကောင်းဆုံးမိန်းမပါလားလို့ ပျော်ရွှင်နေလိမ့်မယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဟင် ... ကျော်သား"

"မေ့ရဲ့ အဆိုအမိန့်တွေကို သဘောကျသွားပြီ"

ဇော်လေးဘက်လှည့်ကာ လက်ဆွဲနှုတ်ခက်ပြီး ...

"ကွန်ဂရက်ကျူလေးရှင်း ညီလေး"

ဆိုင်ပိတ်ပြီးတော့ မေမင်းလျှက သူ့ကားဆီလျှောက်သွားသည်။ သူက သူမကားရှေ့မှာ ပိတ်ရပ်ပြီး ...

"မေ ခဏနေပါဦး ကိုယ် ပြောစရာရှိလို့ပါ"

"မရှိဘူး၊ ကျွန်မမှာတော့ ပြောစရာလည်းမရှိဘူး၊ နားထောင်စရာလည်းမရှိဘူး၊ ကြုံရင်ကြုံသလို အခွင့်အရေးယူတတ်တဲ့ ရှင်လိုလူမျိုးကို မြင်နေရတာ မျက်လုံးသနတယ်၊ ရှင့်အသံကြားနေရတာ နားသနာတယ် သိလား"

"ရတယ်၊ မေ စိတ်ချမ်းသာသလိုသာ ပြောပါ"

"ဟုတ်တယ်၊ ကျွန်မဟာ ပြောရုံပဲပြောနိုင်တာ၊ ရှင်ကတော့ စိတ်ချမ်းသာသလို လုပ်လိုက်ရတာလေ"

"အဲလို မပြောပါနဲ့ မေရာ၊ ကိုယ် မေ့ကို သိပ်ချစ်လို့ဖြစ်ရတာပါ၊ ကိုယ် စိတ်ချမ်းသာသလိုသာ လုပ်ရမယ်ဆိုရင် မေ့ကို အဲဒီနေ့ကတည်းက အပြီးခေါ်ထားလိုက်မှာ၊





ပြန်မလွှတ်ဘူးသိလား၊ မေ ငြိုငြင်မှာစိုးလို့ မေ ကိုယ့်ကို မုန်းသွားမှာစိုးလို့ ပြန်လွှတ်လိုက်တာ"

"သွားစမ်းပါ၊ ရှင့်ရဲ့ တန်ဖိုးမရှိတဲ့ လျှာက လှုပ်နေတာကို ကျွန်မ နားမခံနိုင်ဘူး၊ ကဲ ... ကျွန်မ ကားရှေ့က ဖယ်ပေးပါ"

မောင်းသူဘက်က ကားတံခါးကို ပိတ်ရပ်ပြီး ကားထဲ ခါးကိုမှီထားသဖြင့် သူ ဖယ်ပေးမှ လျှံက ကားထဲဝင်လို့ရမည်လေ။ သူက ဖယ်ပြီး ကားတံခါးဖွင့်နေသော လျှံ့ဘေးမှာ ရပ်ကာ လျှံ့ဆံပင်တွေကို သပ်တင်ပေးလိုက်သည်။

"ဖြန်း"

"ဒါ ကိုယ်ပြန်ရလိုက်တဲ့ ရလဒ်ပေါ့ ဟုတ်လား မေ၊ ဖြူးတီးပါလာက အခြောက်မှာကြတော့ ဆံပင်သပ်တင်ပေးခွင့် ရှိတယ်ပေါ့ ဟုတ်လား၊ ကိုယ့်ဘဝမှာ မေနဲ့ပတ်သက်ပြီး အရှုံးတွေ သိပ်များနေပြီ မေရယ်"

ထိုစကားတွေကို သူ ဒေါသတကြီး ပြောနေခြင်းမဟုတ်ဘဲ ဝမ်းနည်းစွာပြောနေခြင်းပါ။ မျက်ဝန်းထဲမှာက နာကျင်ရိပ်တွေ နှုတ်ခမ်းထောင့်စွန်းတွေက တဆတ်ဆတ်တုန်လို့ အသံတွေက တုန်ယင်အက်ရှလို့ သူ့ မျက်နှာပေါ်က ကြေကွဲရိပ်တွေပါလို



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲရိပ်တွေကို သူမ တစ်ခါမှ မမြင်ဖူးခဲ့တာ သေချာပါတယ်၊ ဟန်ဆောင်ထားတာဆိုရင်တော့ ကျော်သားရဲ့ အိုက်တင်တွေဟာ အကယ်ဒမီမင်းသား ရှုံးလောက်ပါသည်။

မေမင်းလျှံ မျက်ဝန်းထဲမှာ ကျော်သားရဲ့ပုံရိပ်တွေကို မြင်ယောင်နေမိသည်။ ကျော်သားပြောမှ ပြန်စဉ်းစားမိသည်။ ထူးဟာ သူမဆီက အခွင့်အရေးတွေ တော်တော်များများရထားသည်ပဲ။ လက်လည်းကိုင်လို့ရသည်။ ဆံပင်လည်း သပ်တင်ပေးသည်။ ကော်ဖီဆိုင် အတူထိုင်ခွင့်ရသည်။

"အို ... ဘာဆိုင်လဲ ကျော်သားက သူငယ်ချင်းမှ မဟုတ်တာ၊ ထူးက သူငယ်ချင်းပဲ"

ထိုအချိန်မှာပဲ ထူးရဲ့ကားက လျှံ့ကို ကျော်တက်ကာ ရပ်ဖို့ အချက်ပြလိုက်သည်မို့ လမ်းဘေးကပ်ကာ ကားကို ထိုးရပ်လိုက်သည်။

ကားပေါ်ကဆင်းလာသူက ထူး မဟုတ်ဘဲ ယမင်း ဖြစ်နေသည်။

"ယမင်း"

"ဟုတ် မမလျှံ ဘယ်သွားမလို့လဲ"

"အိမ်ပြန်မှာ၊ တို့အိမ်က ဒီလမ်းထဲမှာလေ"





"သြော်"

"တို့က ထူးကားကို တွေ့တော့ ထူးထင်နေတာ"

"ကိုထူးက သူ့သူငယ်ချင်း လာခေါ်လို့ လိုက်သွားတာ၊ သူ့ကားကို ထားခဲ့ပြီး သူ့သူငယ်ချင်းကားနဲ့ပါသွားတာ မမလျှံ၊ အခု ကားလာပို့ဆိုလို့ လိုက်ပို့ရမှာ မမလျှံ၊ ပြီးတော့ ကားက မင်္ဂလာဒုံအထိ သွားပို့ရမှာ၊ ယမင်းမှာ က သူဌေးဆီက လာပို့ဆိုလို့သာ လိုက်ပို့ရမှာ မမလျှံရယ် နေမကောင်းဘူး"

"ယမင်း ပုံစံက ဖြူဖျော့ဖျော့ဖြစ်နေတယ်၊ ကျန်းမာရေးကို ဂရုစိုက်ဦး"

"ဟုတ်ကဲ့ အား ... ကျွတ် ... ကျွတ် မူးလိုက်တာ"

"ကဲ ကဲ ... ယမင်း ထူးကို ကိုယ့်အစီစဉ်နဲ့ကိုယ် ပြန်လာဖို့ တို့ ဖုန်းဆက်ပေးမယ်၊ ယမင်း ပြန်လိုက်တော့"

"ဒါပေမဲ့ ယမင်းကို ဆူမလားမသိဘူး"

"ရပါတယ်၊ တို့ ပြောပေးမယ်"

"ကျေးဇူးပါပဲ မမလျှံရယ်"

"ယမင်း ခုရော မောင်းလို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက ထူးကားဆီပြန်သွားကာ ကားကို မောင်းထွက်သွားပြီ။ သူမက ထူးဆီ ဖုန်းခေါ်လိုက်သည်။ ဆက်သွယ်မှု ဧရိယာပြင်ပတဲ့။ ဒုက္ခရောက်ပြီ။ သူမ ထူးဆီကို တစ်ချိန်လုံး ဖုန်းနှိပ်နေသည်။ ခုနစ်ခါမြောက် ခေါ်အပြီးမှာတော့ ...

"ဟယ်လို"

"ဟာ ... ထူးရာ၊ ခေါ်လိုက်ရတာ"

"အင်း ... လျှံလေး ပြောလေ ကိစ္စရှိလို့လား"

"ထူး အခု ဘယ်မှာလဲ"

"မင်္ဂလာဒုံမှာ ယမင်းကို ကားလာပို့ခိုင်းထားတယ်၊ ဒီမှာ ကိုယ့်သူငယ်ချင်း ပြဿနာတက်နေလို့ လိုက်ကူညီတာ၊ အခု သူငယ်ချင်းက ပဲခူးဆက်သွားပြီး ကိုယ်က မင်္ဂလာဒုံမှာ ကျန်ခဲ့တာ၊ ပိုက်ဆံတွေနဲ့ဆိုတော့ ကားလည်းမငှားချင်တာနဲ့ ကိုယ့်ကို လာခေါ်ခိုင်းထားရတယ်"

"ဟင် ... ယမင်းကလေ ..."

အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။

"ဟာကွာ ဒါဆိုရင် ပြဿနာပဲ၊ တို့က ဒီမှာ ပိုက်ဆံထုပ်ကြီးနဲ့ ဒုက္ခပါပဲ၊ ယမင်းက သူ မလာနိုင်ရင်လည်း တခြားလူကို လွှတ်တာမဟုတ်ဘူး၊ အိမ်မှာကလည်း မေမေ





တို့ ခရီးထွက်သွားလို့ ဒရိုင်ဘာက ပါသွားတယ်၊ ပြဿနာပဲကွာ၊ ကိုယ်ကလည်း ဖျားချင်ချင်ဖြစ်နေတာ၊ ပြဿနာက အပေါက်ရှာတယ်ကွာ"

"ကဲပါဟယ်၊ အဲဒီလောက်လည်း ညည်းမနေပါနဲ့၊ လျှံလာခေါ်မယ်"

"လျှံကလည်း ဖြစ်ပါ့မလား၊ ခုပဲမိုးချုပ်တော့မယ်၊ ခြောက်နာရီကျော်နေပြီ၊ လျှံ့ကို စိတ်မချပါဘူးကွာ မလာပါနဲ့"

"အံမယ် ... လျှံ မလာရင် ရှင် ဘယ်လိုပြန်မလဲ၊ စကားမရှည်နဲ့ လိပ်စာပြော"

ထူးပြောသောလိပ်စာကို သေချာမှတ်ပြီး ကားကို မင်္ဂလာဒုံဘက်မောင်းလိုက်သည်။ ညခြောက်နာရီကျော်နေပြီ မိုးတွေက တဖွဲဖွဲရွာနေလေရဲ့။ လိုက်သင့်မလိုက်သင့်ဆိုတာ မတွေးမိခင်မှာပဲ ကားက ကိုးမိုင်လောက်ကို ရောက်နေပြီ။ ထူးဆိုတာ သူမ အခင်ဆုံးသူငယ်ချင်းဆိုကာကလွဲပြီး ဘာမှ မတွေးထားသော မေမင်းလျှံ။

မိုးက တဖွဲဖွဲမှ တသည်းသည်း။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ထူး ပြောသောလိပ်စာက လမ်းမတန်းပေါ်မှာပဲမို့ ရှာရလွယ်ပါသည်။ ကားဟွန်းတီးလိုက်တော့ ထူးကိုယ်တိုင် ခြံတံခါး လာဖွင့်ပေးသည်။

"လာလေ ထူး၊ သွားမယ်"

"ခြံထဲဝင်ဦး၊ ဟိုမှာ အိတ်နဲ့ ပစ္စည်းတွေ တင်စရာရှိသေးတယ်"

ကားလေးက တိုက်ရှေ့ ပေါ်တီကိုအောက်မှာရပ်သွားသည်။ ထူးက ခြံတံခါးပြန်ပိတ်ကာ အေးအေးဆေးဆေး လျှောက်လာသည်။

ပြီးတော့ အိမ်အဝမှာ ချထားသော အထုပ်တွေကို သွားသယ်နေသည်မို့ လျှံလည်း ကူသယ်ပေးရန် ဆင်းလိုက်သည်။

အထုပ်တွေအားလုံး ကားနောက်ခန်းထဲ ထည့်ပြီးချိန်တွင် ...





"လျှံ အိမ်ထဲ ခဏဝင်ပါဦးလား၊ ကိုယ် အိမ်တံခါးတွေ လိုက်စစ်ရဦးမယ်၊ ပြီးတော့ ဖုန်းလည်း ဆက်စရာရှိသေးတယ်၊ ဒီမှာ မိုဘိုင်းလ်ဖုန်းက ကွန်နက်ရှင်မမိဘူး"

ပြောပြီး သူက အိမ်တံခါးတွေ လိုက်စစ်နေသည်။ ပြီးတော့ ဖုန်းဆက်ပြန်သည်။ အပြင်မှာက မှောင်နေပြီ။ မိုးတွေကလည်း သည်းနေပြီမို့ လျှံ ကြောက်ပြီး အိမ်ထဲ လိုက်ဝင်မိသည်။

သူမ အတွေးက ရိုးရိုး.ပင်းစင်းပဲလေ။ ဧည့်ခန်းဆိုဖာမှာ ဝင်ထိုင်ရင်း ...

"ထူး မြန်မြန်ဆက်ဟာ၊ မိုးက သည်းလာပြီ"

ထူးက ဖုန်းကို ပြောပြီးတာနဲ့ ပလပ်ဆွဲဖြုတ်လိုက်သည်။ လျှပ်စီးလက်နေတော့ လျှပ်စီးကြောင်းဝင်မည်စိုး၍ ထင်ပါရဲ့။

"ကဲ ... ပြီးပြီလား ကိုရွှေထူး"

"ပြီးပြီ"

"ပြီးရင် ပြန်ရအောင်"

"ပြန်ရမှာပေါ့ လျှံလေးရယ်၊ ခဏထိုင်ပါဦး စကားပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မိုးထဲလေထဲမှာ သူက စကားပြောချင်နေသေးတယ်။ ပြန်မယ် မိုးက ပိုသည်းလာမှာ စိုးလို့၊ ပြီးတော့ လျှံ့က မိုးခြိမ်းတာ လျှပ်စီးလက်တာတွေကို အရမ်းကြောက်တာ"

ထိုအချိန်ထိ ရိုးသားစွာပြောနေသော ချစ်သူလေးကို ထူး ပိုပြီး ချစ်သွားသည်။ လျှံ့ ထိုင်နေသော သုံးယောက်ထိုင်ဆိုဖာပေါ် ပြောင်းထိုင်ကာ လျှံ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းမိလိုက်သည်။

"ဟင် ... ထူး၊ ဒါ ဘာလုပ်တာလဲ ... လွှတ်"

လျှံ့ ထူး ရင်ခွင်ထဲမှ ရုန်းထွက်ကာ အိမ်အပြင်ထွက်ဖို့ကြိုးစားလိုက်သည်။ ထူးဆန်းလှချေတကား။ အိမ်အဝင်တံခါးမကြီးမှာ စေ့စေ့ပိတ်ကာ တုတ်တုတ်မျှပင် မလှုပ်။ လျှံ့ သဘောပေါက်ချိန်က သိပ်ကိုနောက်ကျသွားပြီ။

"ထူး ... နင် ယုတ်မာပြီပေါ့ ဟုတ်လား"

"လျှံ့ကို ကိုယ် ချစ်လို့ပါ၊ ဆုံးရှုံးသွားမှာကြောက်လို့ပါ"

"အို ... ဘာမှ မကြားချင်ဘူး၊ နင် ငါ့ကို တံခါးဖွင့်ပေး"

"လျှံ့ရယ် ဒီရောက်အောင်တောင် မနည်းခေါ်ရတာ၊ မဖွင့်ပေးနိုင်ဘူး"





"သြော် ... နင်က ကြိုတင်ကြံစည်ပြီးခေါ်တာပေါ့ ဟုတ်လား ထူး၊ ယမင်းကလည်း တမင်တွန်းပို့တာပေါ့၊ နင်တို့ယုတ်မာလှချည့်လား ထူးရဲ့ ... ဟမ်"

"ချစ်လို့ပါ လျှံ့ရယ်၊ တကယ်ဆို လျှံ့ကိုယ်တိုင်လည်း မသိတာပါ၊ လျှံ့ရင်ထဲမှာ ထူး ရှိနေသားပဲ၊ လျှံ့ရင်ထဲမှာ ထူးရှိနေလို့သာ လျှံ့ ထူးကို အခွင့်အရေးတွေပေးတာပေါ့၊ လျှံ့ ထူးကို ချစ်လို့သာ ကျော်သားကို ခါးသီးနေတာပေါ့"

"သေစမ်း သေလိုက်စမ်း ထူးရဲ့၊ ဘာ ... လျှံ့ချစ်တာ ရှင်လို့ ထင်နေတယ်ဟုတ်လား၊ သေလိုက်တော့၊ ကျွန်မ မေမင်းလျှံ့ သိပ်ချစ်ပါတယ်ဆိုတဲ့လူဟာ ဒီကမ္ဘာပေါ်မှာ တစ်ယောက်တည်းပဲရှိတယ်၊ ရှင်တော့ မဟုတ်ဘူး ထူး"

"ဒါဆို ကျော်သားလား၊ မဖြစ်နိုင်ဘူး မေမင်းလျှံ့ဟာ ဦးနှောက်မဲ့စွာ ကျော်သားကို ချစ်မှာမဟုတ်ဘူး၊ ကျော်သားဟာ လူရုပ်လူပွေလေ၊ ငပွေးလေ၊ ပြီးတော့ မိန်းကလေးတိုင်းကို ကြိုက်တတ်တဲ့သူလေ၊ မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ ဦးနှောက်နဲ့တွေးရင်တော့ မဖြစ်နိုင်ဘူးပေါ့၊ ဒါပေမဲ့ အဲဒါကို တစ်ဖက်ရှုထောင့်ကပြန်တွေးကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မေမင်းလှျံက ကျော်သားကို ဦးနှောက်မဲ့စွာ ရူးသွ
စွာ ချစ်နေတာ ထူးရဲ့ ရှင် သိလား၊ ကျော်သား လို
သမျှမိန်းကလေးတိုင်း ကျော်သားကို လက်ခံကြတယ်
သူ့အတွက် ထူးမခြားနားတွေပဲ၊ သူ့ရင်ထဲကို မဝင်ဘူ
သူ့ကိုငြင်းမှ သူ့ရင်ဘတ်ထဲ ထိမှာ၊ သူ့ကို မိန်းကလေး
တွေက ဂရုစိုက်ကြတယ်၊ သူ့ကို ဂရုမစိုက်မှ သူ့ရင်ဘတ်
ထဲထိမှာ သိလား၊ ကျွန်မ လိုချင်တာ ကျော်သားရဲ့အချစ်
ပ၊၊ ဒါပေမဲ့ ကျွန်မ ရသလား မရလား ကျွန်မ မသိဘူ
သေချာတာကတော့ ကျွန်မ ချစ်တာ သူပဲ၊ ရှင် မဟုတ်ဘူ
ထူးရယ်"

"မင်း ... မင်း ငါ့ကို အသုံးချတာပေါ့"

"ဒေါသကြီးလှချည်လား ထူး"

"ဟုတ်တယ်လေ၊ သူ စိတ်ဝင်စားအောင် မခံချင်ဖြစ်အောင်
ငါနဲ့ တွဲပြတာလည်း ပါတာပေါ့"

"ထူးကို တကယ်ခင်တာလည်း ပါပါတယ်"

"မင်း ဝန်ခံပြီပေါ့၊ နောက်ဆုံးတော့ မင်း ဝန်ခံလိုက်ပြီ
လုပ်ရက်တယ်ကွာ၊ ဒီမယ် မေမင်းလှျံရဲ့၊ ငါ့အသည်းန
က မင်းချစ်သူကြီးလို မမာဘူးကွ သိရဲ့လား၊ ငါ့မှာတော့





ချစ်လိုက်ရတာ၊ မင်း လုပ်ရက်တယ်၊ မထူးပါဘူး၊ မင်း
ငါ့ကို ခင်တယ်မဟုတ်လား ရတယ်၊ အဲလောက်နဲ့ပဲ ကျေ
နပ်ပါတယ်"

"ထူး ဘာလုပ်တာလဲ"

ဒေါသတွေဖြင့် ပေါက်ကွဲနေသော ထက်ဆင့်ထူး
မေမင်းလှျံကို အတင်းဆွဲဖက်ကာ သူမ ပါးပြင်တွေကို နမ်းဖို့ကြိုး
စားနေသည်။ မေမင်းလှျံ နောင်တတွေ အလုံးအရင်းဖြင့် မျက်
နှာကို မရရအောင် ရှောင်လွှဲထားမိသည်။

"ထူး ... နင် သိပ်အောက်တန်းကျတာပဲ"

"ဟုတ်တယ် ပြောချင်တာသာပြော၊ သူတစ်ပါးရဲ့ ခံနိုင်
ရည်မရှိတဲ့ နှလုံးသားကို ပိုပြီးပေါက်ကွဲလာအောင် နှိပ်
စက်တာကျတော့ အထက်တန်းကျတယ်ပေါ့ ရတယ်"

သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ စုံးစုံးမြုပ်လုအချိန်
မှာ ...

"ခွမ်း"

ပြတင်းပေါက် မှန်တံခါး ကွဲကြေသွားကာ ထိုပြတင်း
ဝမှ ခုန်ဝင်လာသော ကျော်သား။ ထူးရဲ့ ဒေါသက ပို၍အရှိန်မြင့်
သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်ကောင် သူများအိမ်ကို ပိုင်စိုးပိုင်နင်း စော်ကားလှချည်လားကွ၊ ကဲကွာ"

"မရဘူးလေ"

ကျော်သားက သူ့ဆီ ဝဲပျံလာသော ထူးရဲ့လက်သီးတွေကို ဆွဲယူဖမ်းလိမ်လိုက်ပြီး ...

"မင်း မေ့အပေါ် မယုတ်မာဘူးဆိုရင် ငါလည်း မင်းအိမ်ကို ရောက်လာစရာအကြောင်း မရှိဘူး"

"ဒီမှာ ငါ့ရည်းစားနဲ့ ငါလာတာ ဘာဖြစ်ဖြစ် မင်း ဝင်ရှုပ်စရာအကြောင်းမရှိဘူး"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ထူးနော် ... ရှင် မဟုတ်တာ လျှောက်မပြောနဲ့နော်"

"မေသာ မင်းရဲ့ရည်းစားဆိုရင် မင်းကို သူ လက်ခံမှာပေါ့ ထက်ဆင့်ထူး"

"ဘာပဲဖြစ်ဖြစ် မင်း ငါ့အိမ်ကို ရောက်လာစရာအကြောင်းမှ မရှိတာ၊ မင်း အောက်တန်းစားတစ်ယောက်လို သူခိုးကျင့် သူခိုးကြံနဲ့ သူများခြံထဲကို ဝင်လာတယ်၊ နောက်ယောင်ခံလိုက်တာ သိပ်ကို အောက်တန်းကျတဲ့ အပြုအမူပဲကွ"





"အေး ... မင်း ပြောသလို သူခိုးကျင့်သူခိုးကြံနဲ့ ဆိုရင်တော့ အောက်တန်းကျတာပေါ့၊ ဒါပေမဲ့ ငါက ငါ့အကျိုးအတွက် မဟုတ်ဘဲ မေ့ကို စောင့်ရှောက်လိုစိတ်နဲ့ လိုက်လာတာကွ၊ မိုးတွေရွာနေလို့ သူ မိုးကိုကြောက်တာ သိနေလို့ တစ်ခုခုဖြစ်မှာစိုးရိမ်လို့လိုက်တာ၊ အေး ... ဘယ်သူက အကျင့်ယုတ်တာလဲဆိုတာ မင်းအသိဆုံးပဲ၊ လာခဲ့ မေမင်းလျှံ ပြန်မယ်"

ကျော်သားက မေ့လက်ကို ဆွဲပြီးအထွက် ထူးက နောက်ကနေ ဆက်တီပေါ်တင်ထားသော ကျောက်ပန်းအိုးကို ဆွဲယူပြီး ရိုက်ချလိုက်သည်။

"ခွပ် ... ဒုတ်"

"အား"

အဖြစ်အပျက်တို့က မြန်ဆန်လွန်းလှသည်။ ထူးရဲ့လှုပ်ရှားမှုကို မျက်နှာချင်းဆိုင်၍ တံခါးမှန်ထဲမှ တွေ့လိုက်ရသော ကျော်သားက မေ့ကို ဘေးကိုတွန်းထုတ်ကာ သူကိုယ်တိုင်လည်း ဘေးကို ရှောင်ထွက်လိုက်ပြီး ကိုယ်ကိုလှည့်ကာ လျှပ်တစ်ပြက်ဝင်လာသော ထူး မျက်နှာကို ခွပ်ခနဲ ထိုးချလိုက်တော့သည်။

နာကျင်သွားချိန်မို့ လက်ထဲမှာကိုင်ထားသော ပန်းအိုးရဲ့အရှိန်ကို မထိန်းနိုင်ဘဲ သူ့ခေါင်းသူ ပြန်ရိုက်မိသွားမှုက



www.burmeseclassic.com

www.burmeseclassic.com



ထူးရယ်လေ၊ ကျော်သားရဲ့လက်သီးကို ပန်းအိုးကိုင်ထားသောလက်ဖြင့် ကာမိသွားကာ ထိုလက်က အရှိန်မထိန်းနိုင်ဘဲ ပန်းအိုးဖြင့် ကိုယ့်ချို(ဂျို)စောင်း ကိုယ်ပြန်ရိုက်မိပြီ။ ဖြာခနဲ သူ့ရဲ့သွေးတွေကို မြင်ပြီး ငယ်သံပါအောင်အော်ကာ သတိမေ့သွားသူက မေမင်းလှျံ။

လဲကျသွားသော မေမင်းလှျံကို နှစ်ယောက်လုံး ပြေးအပွေ့မှာ နဖူးချင်းထပ်ပြီးဆောင့်မိကြပြန်သည်။ ဒဏ်ရာအခံရှိထားသော ထူးမှာ ဖင်ထိုင်လျက်သား လဲကျသွားတော့သည်။

ကျော်သားက မေမင်းလှျံကိုယ်လေးကို ပွေ့ချီလိုက်ပြီး ...

"ဟိတ်ကောင် လောကကြီးမှာ လိုချင်တာကို ရိုးသားစွာ ရယူတတ်ရတယ်၊ မိန်းမကျင့်မိန်းမကြံနဲ့ ယူဖို့ကြိုးစားရင်တော့ မင်းပဲ ဒုက္ခရောက်လိမ့်မယ်၊ ယောကျ်ားပီသစမ်းပါကွာ"

ကိုယ့်အပြစ်နဲ့ကိုယ် အီစလံဝေနေသော ထက်ဆင့်ထူးမှာ ဘာမှ မပြောနိုင်တော့။ လှျံကတော့ ကျော်သား လက်ထဲပါသွားပြီ။ ကျော်သားက သူ့ တပည့်တစ်ယောက် ပါလာသည်မို့ သူ့တပည့်ကို သူ့ကားကိုမောင်းနိုင်းပြီး သူကတော့ လှျံ့ကားလေးကိုမောင်းပြီး လှျံ့ကို အိမ်ပြန်ပို့ပေးလိုက်သည်။





ကားပေါ်က ထူးရဲ့ လုပ်ကြံထားတဲ့ အထုပ်တွေကိုလည်း ပြန်ချထားခဲ့ရသေးသည်။

လှျံ့အိမ်ရောက်တော့ လှျံ့မေမေက မျက်လုံးပြူးနေသည်။

"ဟဲ့ ... ဘယ်လိုဖြစ်လာကြတာလဲ၊ လှျံလေး သမီး"

"သူ မိုးခြိမ်းတာကို လန့်သွားတာပါ မေမေ"

"ဖြစ်ရမယ် သားရယ်၊ ကျေးဇူးပါပဲ"

လှျံ့မေမေက တစ်စုံတစ်ခုကို ရိပ်မိပုံရသော်လည်း သူ့ကိုတော့ ဘာမှမပြောပါ။

ကျော်သားရဲ့ အိမ်အပြန်လမ်းဟာ ယခင်ကထက် ၍ ခြောက်သွေ့နေပါသည်။

အဲဒီညက မေမင်းလှျံဟာ အိမ်မက်ဆိုးတွေ မက်ခဲ့သည်။ ထိတ်လန့်ခြင်းတွေနဲ့ နိုးထလာခဲ့ရသည်။ သူမ နိုးလာ န်မှာ သူမဘေးမှာ မေမေ ရှိနေခဲ့သည်။ မေမေ့ရင်ခွင်ထဲ တိုး င်ကာ ရှိုက်ကြီးတငင် ငိုရှိုက်မိသည်။

"ဘာတွေ ဖြစ်လာခဲ့သလဲ သမီးလေးရယ်"

ပြန်မဖြေပါ။ သူမမှာ ပြန်ဖြေစရာ ရှိမနေခဲ့ပါ။

"သမီး တစ်ခုခုတော့ ဆုံးဖြတ်သင့်တယ်လို့ မေမေ ထင်တယ်"

www.burmeseclassic.com



လွှဲ ခေါင်းမညိတ် ခေါင်းလည်းမခါ။ ငိုရှိုက်လျက်သာ။ မေမေက သူမဒေကျာပြင်ကို ခပ်ဖွဖွပွတ်သပ်လျက် …

"ကဲ ကဲ … အိပ်တော့၊ သမီးရဲ့စိတ်တွေ သွေးအေးသွားတဲ့အချိန်ကြရင်တော့ ဆုံးဖြတ်ချက်တစ်ခုခု ချစေချင်တယ်၊ သမီးကို မေမေ မချုပ်ချယ်ထားဘူး၊ အဲဒီအတွက် သမီးလည်း မေမေ့ကို တစ်ခုခုတော့ပြန်ပေးစေချင်တယ်"

လွှဲ အိပ်ပျော်အောင် ကြိုးစားလိုက်သည်။ အိပ်မက်ထဲမှာ ထူးနဲ့ ကျော်သား …။

♥○♥





တကယ်တော့ လွှဲ့က သူတို့နှစ်ယောက်ကြားက အရုပ်ပမာ တစ်ယောက်ကလည်း မိုးထဲလေထဲ ကယ်တင်ရှင်လုပ်ပြီး လွှဲ့ကို ခေါ်သွားဖူးသည်။ နောက်တစ်ယောက်ကလည်း လွှဲ့ရဲ့ခင်မင်မှုကို ခုတုံးလုပ်ပြီး လွှဲ့ကို ညာခေါ်သည်။

တကယ်နာကြည်းစရာ ကောင်းပါသည်။

နောက်နေ့တွေ လွှဲ ပုံမှန်အတိုင်းပင် ဟိုတုန်းကမမင်းလွှဲ ပြန်ဖြစ်သွားသည်။ လွှဲ့ဘဝမှာ ထူးဆိုတာ မရှိ၊ ကျော်သား ဆိုတာလည်းမသိတော့။ ဓာတ်ပုံတိုက်ကိုလည်း ပုံမှန်ပဲသွားသည်။

မေမေကတော့ သူမကို အကဲခတ်နေခဲ့မည် ထင်ပါသည်။

ထူးက လွှဲ့ကို တောင်းပန်ဖို့ နည်းမျိုးစုံဖြင့် ကြိုးစားသည်။ လွှဲအိမ်ကို မနက်တိုင်းရောက်လာတတ်သလို ဓာတ်ပုံတိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း တစ်နေကုန် ရှိနေတတ်သည်။ လျှံကတော့ သူ့ကို လုံးဝ ဂရုမစိုက်တော့။ ဖြူးတီးစင်တာလည်း မရောက်ဖြစ်သလို ယမင်းကလည်း လျှံ့ကို လာမတွေ့ရဲတော့။ ကျော်သားကတော့ အရင်အတိုင်းပင် တစ်ခါတစ်ရံ ရောက်လာတတ်သည်။ တစ်ခါတစ်ရံ ဖုန်းဆက်တတ်သည်။ သို့သော် လျှံက အတွေ့မခံသလို ဖုန်းလည်းမကိုင်ပါ။

မာတ်ပုံတိုက်ကိစ္စကို တပည့်လေးတွေနှင့် လွှဲပြီး နိုင်ငံခြားကို မာတ်ပုံနှင့်ပတ်သက်သော သင်တန်းတွေ သွားတက်ဖို့ စီစဉ်နေသည်။ မေမေက ဘာမှမပြောပါ။

လျှံ လေယာဉ်ကွင်းဆင်းသည့်နေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် ထူးရော ကျော်သားပါ အိမ်ရောက်လာခဲ့ကြသည်။ မေမေ့ကောင်းမှုကြောင့် ရောက်လာကြတာကိုတော့ သူမ မသိဘူး ပေါ့လေ။ သူမ ကိုးနာရီလေယာဉ်ကွင်းဆင်းမှာ သူတို့နှစ်ဦးက ခုနစ်နာရီခွဲလောက် ရောက်လာကြသည်။

"လျှံ ခရီးသွားမလို့ဆို၊ ဘယ်သွားမှာလဲ လျှံလေး ... ဟမ်၊ ကိုယ့်ကို ခွင့်မလွှတ်နိုင်သေးဘူးလား လျှံလေးရယ်"

ထူးကတော့ ထုံးစံအတိုင်း ပေါက်ပေါက်ဖောက်နေသည်။





"မေ ဘယ်ကိုပဲသွားသွား ကိုယ့်ရင်ဘတ်ထဲမှာ မေ ရှိနေပါတယ် မေ၊ မေ့ရဲ့ ခရီးလမ်းတစ်လျှောက်လုံး အဆင်ပြေ ချောမွေ့ပါစေလို့ ကိုယ် ဆုတောင်းနေပါ့မယ် မေ"

သူမ ဘယ်သူ့ကိုမှ ဘာမှ မတုံ့ပြန်ပါ။ ခရီးဆောင် အိတ်ကို ကားပေါ်တင်သည်။ သူမ မိခင်ကို ကန်တော့သည်။ ပြီးတော့ ကြီးစိုးကိုလည်း ကန်တော့သည်။ ထို့နောက် ဘယ်သူမှ မထင်မှတ်ထားသောလုပ်ရပ်ကို လုပ်လိုက်သည်။ သူမ ဆံပင် ရှင်ကြီးကို ရင်ဘတ်ရှေ့ဆွဲယူကာ ကတ်ကြေးနှင့် အရင်းနားမှ ဖြတ်ပစ်လိုက်ခြင်းပင်။

မျက်ဝန်းမှာ မျက်ရည်တစ်ပေါက်။

"သမီး ဆံပင်တွေကို၊ အို ... ခရီးသွားကာနီး အဲလိုမလုပ်ကောင်းဘူး"

မေမေ့ရဲ့ အလန့်တကြား အော်ဟစ် တားမြစ်သံ၊ ကြီးစိုးက အင့်ခနဲရှိုက်ကာ ...

"လျှံလေး ... မသွားနဲ့တော့ ကလေးရယ်၊ မသွားပါနဲ့တော့"

ထူးက ...

"လျှံလေး အဲဒီဆံပင်တွေ ကိုယ့်ကို ပေးခဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com

မေမင်းလျှံ ထူးကို စူးစိုက် ကြည့်လိုက်မိသည်။ ထူးက ရုတ်တရက် သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ...

"မသွားပါနဲ့ လျှံလေးရယ်၊ ထူး တောင်းပန်ပါတယ်"

"ဟဲ့ ... ကလေးရယ် အဲလို မလုပ်ပါနဲ့ကွယ်"

မေမေက သွားဆွဲထူသည်။

"မေ ကိုယ် စောင့်နေပါမယ်၊ ပြန်လာဖြစ်အောင်လာခဲ့ပါ"

ကျော်သားရဲ့ အသံကို ကျောခိုင်းလိုက်သည်။ ကားပေါ်မှာ ခတ်ပုံတိုက်က ကောင်လေးတစ်ယောက်က သူမကို ပို့ပေးဖို့ စောင့်နေသည်။

"မေမေ လိုက်မပို့နဲ့တော့၊ လျှံ ဟိုရောက်ရင် ဖုန်းဆက်မယ်"

ဆံပင်တိုစိစိလေးတွေနဲ့ မေမင်းလျှံ ထွက်သွားပြီးချိန်မှာတော့ ကားလေးက လျှောခနဲ ထွက်သွားပြီ။ မျက်ဝန်းထောင့်စွန်းလေး နောက်ကြည့်မှန်ကို ရောက်သွားချိန်မှာတော့ တစ်စုံတစ်ယောက်ရဲ့ ဝမ်းနည်းခြင်းတွေကို တွေ့လိုက်ရသည်။ လျှံ မျက်စိမှိတ်လိုက်သည်။ လျှံ့စိတ်တွေ နောက်ကျိနေတယ်ကွယ်။ လျှံ့စိတ်တွေ ကြည်လင်လာတဲ့အချိန် လျှံ တစ်ခုခု သေချာသွားတဲ့အချိန်ကျရင် ပြန်လာခဲ့ပါမယ်။





သူမ ဆံပင်တွေ ယောင်ယမ်းပြီး ရင်ဘတ်ရှေ့ ဆွဲယူမိတော့ လက်က လေဟာနယ်ကိုပဲ ဆုပ်ကိုင်မိသွားသည်။

နှမြောတသဖြစ်မိသော်လည်း ...။

♥ ○ ♥


www.burmeseclassic.com

www.burmeseclassic.com

“ဘာ ... သမီးလျှံလေး စီးသွားတဲ့လေယာဉ် ပျက်ကျလို့၊ သ ... သမီးလေး”

“မခင် ... မခင် ဘာဖြစ်တာလဲ မခင်၊ ဟဲ့ ... မောင်ညိုတို့ လာကြပါဦး၊ ဆရာဝန်သွားပင့် မြန်မြန်လုပ်ကြပါဟဲ့၊ ဖုန်းပဲဆက်လိုက် ဆရာဝန်ဆီ ဖုန်းပဲဆက် ... မခင်”

ဒေါ်ခင်ခင် ပြန်သတိရလာတော့ ...

“ဒေါ်စိုးရဲ့ ခင်တော့ ကမ္ဘာပျက်ပါပြီရှင်”

ငိုလိုက်တာ သဲသဲမဲမဲ။

“ဘာလို့လဲ မခင်ရယ်၊ မထိတ်သာမလန့်သာ ရှိလိုက်တာ၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ”

“သမီး ... သမီးလေး”

သတိပြန်မေ့သွားပြန်သည်။ ကြီးစိုး ဘုရားတရပြီ။

“ဘုရား ... ဘုရား ... ကလေး ဘာဖြစ်တာလဲ မခင်၊ ဟဲ့... လုပ်ကြပါဦး၊ မခင် သတိပြန်လစ်သွားပြန်ပြီ”





ထိုအချိန်မှာပဲ ကျော်သားရဲ့ကားက ခြံထဲ ဝင်လာသည်။

“ကြီးစိုး”

“ဟယ် ကိုသား၊ လာပါဦး လူလေးရယ်၊ ဒီမှာ လျှံ့ မေမေ သတိလစ်နေတယ်၊ ကလေးတော့ တစ်ခုခုဖြစ်ပြီထင်ပါရဲ့ ကွယ် ... အီး ဟီး”

“သွားပြီဗျာ ကြီးစိုး၊ လျှံ စီးသွားတဲ့လေယာဉ် ပျက်ကျလို့ တဲ့”

“အမယ်လေး ... ဘုရားကယ်ပါ၊ လျှံလေးရေ ...”

ကြီးစိုးပါ လူမမာဖြစ်သွားသည်။ ကျော်သားမှာ သူ့အပူတွေကိုနောက်ထားပြီး လျှံ ချစ်လှစွာသော အဘွားကြီးနှစ်ယောက်ကို ပြုစုနေရသည်။

လေယာဉ်က တစ်စီးလုံးပျက်ကြတာမို့ လိုက်ပါသွားသမျှ ခရီးသည်များ တစ်ယောက်မျှ အသက်မရှင်ပါတဲ့။

ကြားရတဲ့သတင်းက ရင်ဝကို မီးခဲ ရဲရဲနှင့် ထိုးဆွလိုက်သလိုပင်။ ချစ်သူလေးရယ် ...

အချစ်စစ်ပါဟု သေချာသွားချိန်မှာ ကံကြမ္မာက ရက်စက်ခဲ့ပြီ။ ကျော်သား ကြေကွဲရတာ အတိုင်းအတာမဲ့ပါ။


www.burmeseclassic.com

www.burmeseclassic.com



ထူးက ဒေါသတကြီးဖြင့် ...

"အဲဒါ မင်းကြောင့်၊ မင်းသာ အဲဒီနေ့က ရောက်မလာရင် ဒီလိုတွေ ဖြစ်ချင်မှဖြစ်မှာ"

"ဘာကွ ... မင်းသာ ညာမခေါ်သွားရင် ငါ လိုက်လာစရာ အကြောင်းမရှိတာကိုလည်း ထည့်ပြောလေ၊ မင်း မွေးတဲ့မီး ကြောင့် မေ ခုလိုထွက်သွားရတာ"

"ဟိတ်ကောင် အချစ်စစ်တယ်ကွ၊ မင်းသာမရှိရင် ပြဿနာ မရှိဘူး၊ မင်းကြောင့် ရည်းစားတွေရှုပ်ထွေးပွေလီတဲ့ မင်းရဲ့ တကယ်ချစ်တာပါဆိုတာကြီးကြောင့် ကံကြမ္မာဟာ မင်းကို ဒဏ်ခတ်တာ၊ ငါ့ချစ်သူက မင်းကိုယ်စား မင်းရဲ့ဒဏ်သင့် တာကွ၊ မင်း သေသင့်တာ၊ မင်း သေရမှာ"

လျှံလေးရဲ့အဖြစ်က လျှံလေးရဲ့ပတ်ဝန်းကျင်တစ်ခု လုံးကို ရူးသွပ်သွားစေသည်။ အမိုက်မှောင်မဲ့သွားစေသည်။ ခြောက် သွေ့သွားစေသည်။

♥○♥





ရက်မှလပြောင်းကာ ရာသီစက်ဝန်း တစ်ပတ်လည် ပြီး ထူးက နိုင်ငံခြားကို အပြီးထွက်သွားခဲ့သည်။

ဖြူးတီးစင်တာကိုလည်း ယမင်းကို လွှဲခဲ့သည်။ ပြီးတော့ သူ မသွားခင်တစ်ရက် ကျော်သားကို ဖုန်းဆက်ခေါ် သည်။

"ကျော်သား ငါ မနက်ဖြန် နိုင်ငံခြားကို အပြီးသွားတော့မှာ၊ ဒီညနေ မင်းကို နှုတ်ဆက်တဲ့အနေနဲ့ ဒင်နာကျွေးချင်တယ်၊ ငါတို့ တွေ့ရအောင်"

"အိုကေလေ"

ဆွေးမြည့်ကြေကွဲနေကြသော အမျိုးသားနှစ်ယောက် တွေ့ဆုံခန်းက အထီးကျန်ဆန်လှသည်။

"ဒီည ငါတို့ လွတ်လပ်စွာ ပေါက်ကွဲကြရအောင် ကျော်သား၊ ပြီးတော့ သူမကို နှုတ်ဆက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်မဆက်ဘူး၊ ငါ့ရင်ဘတ်ထဲမှာ မေ့ အမြဲတမ်းရှိနေတယ်၊ မေ ဘယ်ကိုပဲသွားသွား ငါ့ရင်ဘတ်ထဲမှာ သူရှိနေတယ်၊ ပြီးတော့ သူ ပြန်လာလိမ့်မယ်"

"မင်း ရူးနေလား၊ သူ ဘယ်တော့မှ ပြန်မလာဘူးကွ"

"သူ့ကို ငါ မှာလိုက်တယ်လေ၊ ပြန်လာမှာပါ၊ သေသွားတယ် ဆိုရင်တောင်မှ သူ့ဝိညာဉ်က ငါ့ဆီပြန်လာမှာ"

အဲဒီနောက် သူတို့တွေရဲ့လက်တွေက ယစ်ရွှေရည်ကို တစ်ခွက်ပြီးတစ်ခွက် သယ်ဆောင်လို့။

နောက်တစ်နေ့မနက် ထူး လေယာဉ်ကွင်းဆင်းတော့ ကျော်သားကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပါသည်။

"ငါ လျှံလေးနောက်ကို လိုက်သွားလို့ရရင် သိပ်ကောင်းမှာပဲ"

"မရူးစမ်းပါနဲ့ကွာ"

"ရူးတာက မင်း၊ ငါမဟုတ်ဘူး၊ ပြန်မလာမယ့်သူကို မျှော်နေတာကမှ ရူးတာ၊ အေး ... ငါကတော့ မလာနိုင်တဲ့သူဆီ လိုက်သွားချင်တာ၊ ငါ မှန်တယ်"

"အေးပါကွာ၊ စိတ်ချမ်းသာသလို တွေးပေါ့"

"ငါ အန်တီခင့်ကို ဝင်နှုတ်ဆက်ဦးမယ်"





သူတို့ကားကလေး လျှံတို့ခြံဘက်ကို ဦးတည်လိုက်သည်။

ကြီးစိုးနဲ့ အန်တီခင်က သူတို့နှစ်ယောက်ကို အတူတွေ့ရသဖြင့် အံ့ဩနေပုံရသည်။

"ကျွန်တော် နိုင်ငံခြားကို အပြီးသွားတော့မှာမို့ အန်တီ့ကို လာကန်တော့တာပါ"

လျှံ့မေမေက အင့်ခနဲရှိုက်သည်။ ကြီးစိုးကတော့ မျက်ရည်တပေါက်ပေါက်။ ကုန်လွန်ခဲ့ပြီးသော တစ်နှစ်ဆိုသည့် အချိန်ကာလကို ပြန်ရောက်သွားသလို ခံစားကြရသည်။ ထူးက လျှံ့မေမေကို ထိခြင်းငါးပါးနှင့် ပြားပြားဝပ်အောင် ကန်တော့နေသည်။ ပြီးတော့ ကြီးစိုး။

ဒေါ်ခင်ခင်က ...

"သားတို့နှစ်ယောက်မှာ တစ်ယောက်ကိုတော့ သမီးလေး ချစ်ရှာတယ်၊ အဲဒါ မေမေ သိတယ်၊ သမီးက အိပ်ပျော်နေရင် ယောင်တတ်တယ်၊ သူ အိပ်ပျော်နေတဲ့အချိန် အန်တီ သူ့ကို သွားကြည့်ရင် သူ ယောင်ပြီး ပြောနေတာတွေ အမြဲကြားရတယ်၊ ဒါပေမဲ့ နာမည်မပါလို့ ဘယ်သူဆိုတာ မသိပေမယ့် သားတို့နှစ်ယောက်ထဲက တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲဆိုတာတော့ သိတယ်။ ဒါကြောင့်လည်း သားတို့နှစ်ယောက်နဲ့သမီးရဲ့ ကြားကဆက်ဆံရေးကို မေမေ ဥပေက္ခာပြုခဲ့တယ်၊ တစ်နေ့နေ့တော့ သမီးလေး တစ်ယောက်ယောက်ကို ရွေးချယ်မှာပဲလို့ထင်ပြီး စောင့်ကြည့်နေခဲ့တာ။ ဟင့်ဟင့် ... မထင်မှတ်ဘဲ သမီး ဆုံးသွားတော့လည်း ဒီနှစ်ယောက်ထဲမှာ တစ်ယောက်ကတော့ ငါမတော်လိုက်ရတဲ့ သားလေးပဲဆိုပြီး နှစ်ယောက်လုံးကို ချစ်ခဲ့တာ။ ခုတော့ သားတစ်ယောက် အဝေးကို သွားတော့မှာပေါ့"

"အို ... မခင်ရယ်၊ ကလေးတွေ စိတ်မကောင်းဖြစ်အောင် မငိုနဲ့တော့ကွယ်"

"ထူး မရှိပေမယ့် ကျွန်တော်ကတော့ မကြာခဏ လာမှာပါ မေမေ။ မငိုပါနဲ့"

"သား ... ထူး၊ ဘေးမသီ ရန်မခပါစေနဲ့ကွယ်၊ သွားတော့၊ သား မေမေ လိုက်မပို့တော့ဘူးနော်"

"ကြီးစိုး ... ကတ်ကြေးတစ်လက်လောက် ခဏပေးပါလား"

"အို မပြောကောင်း မဆိုကောင်း မလုပ်ကောင်းတာတွေ ကလေးရယ်"



လှဲ့မေမေက မေးလဲသွားသည်။ ကြီးစိုးမှာ မျှာယာ ခတ်လို့။ ကျော်သား ထူးရဲ့မျက်နှာကို စိတ်ရှိလက်ရှိ ထိုးပစ်လိုက်ပြီးမှ ကားပေါ်ဆွဲတင်ကာ လေယာဉ်ကွင်း လိုက်ပို့လိုက်ရသည်။ ကောင်းကင်ပေါ် ပျံတက်သွားသော လေယာဉ်ကြီးကိုကြည့်ကာ ...

"နောက်ဆုံးတော့ ငါတစ်ယောက်တည်း ကျန်ခဲ့တာပေါ့"

♥ ○ ♥

www.burmeseclassic.com

www.burmeseclassic.com



ကံတရားက ကြောက်စရာ ကောင်းလှသည်။ ထက်ဆင့်ထူး နိုင်ငံခြားကို ချောချောမောမော ရောက်သွားခဲ့သော်လည်း လေဆိပ်မှ သူ့အိမ်သို့အသွား ကားက ဘရိတ်ခ်ပေါက်ပြီး ယာဉ်တိုက်မှုဖြစ်ကာ နေရာမှာပင် ပွဲချင်းပြီးသွားရှာသည်တဲ့။

ထက်ဆင့်ထူး၏ မိခင်မှာ တစ်ဦးတည်းသော သားအတွက် ယူကျုံးမရနိုင်သလို လျှံ့မေမေခများလည်း ထပ်တူခံစားခဲ့ရရှာသည်။

ကျော်သားမှာ ကြောက်စရာကောင်းလှသော ကံတရားကို မယုံကြည်နိုင်စွာ။

"ကိုထူး ဆုံးပြီ ကိုသား"

ယမင်းက ဖုန်းဆက်လာတော့ သူ့နားသူပင် မယုံနိုင်။ ဟာခနဲ ဖြစ်သွားသည်။ သူ ယမင်းဆီရောက်တော့ ယမင်းကိုယ်တိုင်လည်း အရုပ်ကြိုးပြတ် ဖြစ်နေရှာသည်။





"ဒီမှာ ကြည့်ပါဦး ကိုသားရယ်၊ ကိုထူး လေယာဉ်ကွင်းဆင်းကာနီး ဆံပင်ညှပ်ပေးပါဆိုလို့ ယမင်း ကိုယ်တိုင်ဆံပင်ညှပ်ပေးလိုက်သေးတယ်။ ဒီမှာ သူ့ဆံပင်လေးတွေကို သိမ်းထားပေးပါဆိုလို့ ဘူးလေးနဲ့ သေသေချာချာ သိမ်းထားတာ"

ပြောညည်းလိုက်တာ မိုက်မဲလိုက်တာ၊ သွားလေသူကို ပျစ်ပျစ်နစ်နစ် ဆံပစ်ချင်မိသည် အထိပင်။

"သွားကာနီး ယမင်းကိုတောင် စ,သွားသေးတယ်။ လျှံ့ဆီသွားမလို့ ဘာမှာဦးမလဲတဲ့၊ ဟင့် ဟင့် ... အခုတော့ တကယ်ပဲ မမလျှံ့ဆီကို ရောက်သွားပြီ ထင်ပါရဲ့ ကိုသားရဲ့။ ကိုထူးကလေ မမလျှံ့ကို သိပ်ချစ်ရှာတာ၊ ကိုထူးနဲ့ မမလျှံ့ ပြန်ဆုံပါစေဘုရား"

သူကတော့ ယမင်းရဲ့စကားတွေကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေသည်။

အဲဒီနောက်ပိုင်း လျှံ့မေမေမှာ ပို၍ပင် သနားစရာကောင်းလာသည်။ သူ့ကို ခဏခဏ ဖုန်းဆက်ကာ ...

"သား နိုင်ငံခြား မသွားနဲ့နော်၊ သား မေမေ့မှာ ပြေစရာသားပဲ ရှိတော့တာ၊ ကျန်းမာရေးကို ဂရုစိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သား နေကောင်းရဲ့လား"

"သား ထမင်းစားပြီးပြီလား"

ထိုအတောအတွင်း သူ့အဘွားက ရုတ်တရက် သွေးဆောင့်တိုးကာ ဆုံးပါးသွားခဲ့ပြန်သည်။ အဘွားဆုံးတော့ ကိန္နရီမောင်နှံ ဘက်ပုံကာ အဘိုးက ရိပ်သာဝင်သွားသည်မို့ သူ တစ်ယောက်တည်း ဖြစ်သွားချိန်မှာတော့ လျှံ့မေမေက ...

"သား မေမေနဲ့ လာနေပါလား သားရယ်"

သူ သနားတာနှင့် တစ်ပတ်တန်သည် ဆယ်ရက် တန်သည် သွားနေတတ်လာသည်။

ဒီနေ့လည်း လျှံ့မေမေကို ဗိုလ်ချုပ်ဈေးတွင် ဖွင့်ထားသော သူမ၏ရွှေဆိုင်သို့ လိုက်ပို့ပေးပြီး လျှံ့၏ဓာတ်ပုံတိုက် ဘက် ထွက်လာခဲ့သည်။

အဲဒီမှာ သူ မထင်မှတ်တဲ့သူကို တွေ့လိုက်ရတာပင်။

"ချစ်ပြည့်"

မြန်မာပြည်တွင် နံပါတ်တစ်ရုပါမော်ဒယ်လ်တစ် ယောက် ဖြစ်နေပြီဖြစ်သော ချစ်ပြည့်။

"ကိုကျော်သား"

"ချစ်ပြည့် ဒီကို ဘာလာလုပ်တာလဲ"





"ချစ်ပြည့် ဒီနေ့ လမ်းကြုံတာနဲ့ ကိုထူးရဲ့ပြိုးတီးစင်တာ ကို သွားခဲ့တာ။ အဲဒီမှာ ယမင်းနဲ့တွေ့ပြီး အကြောင်းစုံ သိလိုက်ရလို့ မေ့ရဲ့ဓာတ်ပုံတိုက်ကိုလည်း သတင်းလာမေး တာ"

"ဪ"

"မေရော ကိုထူးပါ သနားပါတယ်နော်"

"သူတို့လား ... အင်း သနားစရာပေါ့"

သူ့မျက်နှာပေါ်က ဝမ်းနည်းမှုတွေကို မကြည့်ရက် သော ချစ်ပြည့်။

"ကိုကျော်သား ချစ်ပြည့်ကို ကော်ဖီတစ်ခွက်လောက် လိုက်တိုက်နိုင်မလား"

"ရပါတယ်"

ပြည်လမ်းက ကော်ဖီဆိုင်လေးကို သူ ရွေးချယ်လိုက် သည်။

ချစ်ပြည့်က သူ့ကို ရောက်တတ်ရာရာ စကားတွေ ပြောပေးရင်း ခံစားချက်တွေကို ဖြေသိမ့်ပေးရှာသည်။

သူကတော့ ကော်ဖီခွက်ကိုမွှေရင်း စိတ်နဲ့ကိုယ်က ကပ်တစ်လှည့် ခွာတစ်ခါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်သား"

"ဟင် ... မေ"

"မေတဲ့လား၊ အင်း ... ကိုကျော်သားကိုလည်း ချစ်ပြည့် နှစ်သိမ့်ပေးချင်ပါတယ်၊ ဒါပေမဲ့ အစားထိုးဖြေသိမ့်ဖို့ မလွယ်ဘူး ဆိုတာကိုလည်း သိပါတယ်"

"ကျေးဇူးတင်ပါတယ် ချစ်ပြည့်ရယ်၊ ကိုယ် တကယ်ချစ်တဲ့ သူကို တွေ့လိုက်ရရက်နဲ့ ပိုင်ဆိုင်ခွင့် မရလိုက်ဘူး။ ကိုယ့်ကို ကံကြမ္မာက ဒဏ်ခတ်တာလား၊ ဒဏ်ခတ်တယ် ဆိုရင်တောင်မှ အဲဒီဒဏ်ကို ကိုယ်ပဲခံချင်တာ ချစ်ပြည့်ရဲ့၊ ဘာလို့ သူ့ကိုမှ ..."

ချစ်ပြည့်ရဲ့မျက်ဝန်းမှာ ကရုဏာတရားတွေ ပြည့်လျှံလျက်။

"အတိတ်ကို ထားခဲ့လိုက်ပါတော့လား ကိုကျော်သားရယ်၊ စက္ကန့်အသစ်တွေကို စိတ်သစ် လူသစ် ကြိုဆိုလိုက်ပါလား"

"ဟင့်အင်း ... ကိုယ် အတိတ်ကို မခေါ်လာပါဘူး၊ ထားခဲ့ပြီးသားပါ၊ ဒါပေမဲ့ ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်တဲ့ အရာတစ်ခုအတွက် ကိုယ် ခံစားနေရတာပါ။ အဲဒါ





ဘာလဲဆိုတော့ ကိုယ့်ရင်ထဲမှာ မေ ရှိနေတာပဲ၊ သူ ဘယ်တော့မှ ထွက်သွားမှာ မဟုတ်ဘူး"

"နှစ်သိမ့်မှုတွေ လိုအပ်တယ်ဆိုရင် ချစ်ပြည့်ဆီ အချိန်မရွေး ဆက်သွယ်လိုက်ပါနော်၊ ချစ်ပြည့်က အရင်ကလိုပဲ နားလည်ပေးနိုင်ဆဲပဲ"

ချစ်ပြည့်ရဲ့ မျက်ဝန်းတောက်တောက်ကလေးတွေက တစ်ဆင့် သူမရဲ့ နှလုံးသားကို မြင်နေရသည်။ သို့သော် ...

"ကျေးဇူးပါ ချစ်ပြည့်၊ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ မေရှိနေသရွေ့ မေနဲ့အတူ ကိုယ် ရှင်သန်သွားမှာပါ"

ထိုအချိန်မှာပဲ လျှံ့မေမေဆီက ဖုန်းဝင်လာသည်။

"ဟုတ် မေမေ၊ သား ညနေ လာကြိုမှာပါ၊ ဟုတ်ကဲ့"

"ကိုကျော်သားမှာ အမေ မရှိဘူးဆို"

"မေ့ရဲ့မေမေလေ၊ ကိုယ် အခု မေ့အိမ်မှာ မေ့ရဲ့မေမေနဲ့ အတူသွားနေပေးနေတာ"

ချစ်ပြည့် မျက်ဝန်းထဲမှ မျှော်လင့်ချက် မီးတောက်ကလေး ဟုတ်ခနဲ ငြိမ်းသွားသည်ကွယ်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံလည်း သူ ယမင်းဆီသွားကာ ခေါင်းသွားလျှော်ဖြစ်ပါသည်။ ထူးနဲ့မေ့ကို အောက်မေ့စွာပေါ့။ ယမင်းက သူ့ကိုတွေ့ရင် မျက်ရည်ဝဲဆဲပါပဲ။

"ကိုကျော်သားကို တွေ့ရင် ကိုထူးနဲ့ မမလျှံကို သတိရတယ်"

"အင်း"

တစ်ညမှာတော့ သူ ထူးဆန်းသော အိပ်မက်တစ်ခုကို မက်ခဲ့သည်။ မေက သူ့ဆီလာကာ ...

"သား ... မေ ပြန်လာပြီလေ"

တဲ့ ...။ သူ အိပ်မက်က လန့်နိုးသွားရသည်။ သူ မေ့ကို ပြင်းပြစွာ သတိရသွားပြီး ဘေးဘီမှာ ယောင်ယမ်းရှာဖွေမိသည့်အထိပင်။ အိပ်ပျော်ရန် ပြန်ကြိုးစားမိသည်။ အိပ်မက်ထဲမှာဆို မေ့ကို တွေ့ရနိုင်သည်လေ။





ထူးဆန်းလှသည်။ သူ ပြန်အိပ်တော့ အိပ်မက်က ပြန်မက်ပြန်သည်။ အိပ်မက်ထဲမှာ မေက သူနဲ့ချစ်ပြည့်တို့ရဲ့ သမီးလေး ဖြစ်နေသည်။ သူက ချစ်ပြည့်ကို မေ့ကို လူ့လောကထဲ ပြန်ရောက်အောင် မွေးဖွားပေးသည့်အတွက် ကျေးဇူးတွေ အထပ်ထပ် တင်နေသည်တဲ့။

နောက်တစ်နေ့မနက် အိပ်ရာနိုးတော့ သူ အိပ်မက်အကြောင်း ပြန်စဉ်းစားနေမိသည်။ မနက်စာစားဖို့ ထမင်းစားခန်းထဲ ဆင်းလာတော့ လျှံ့မေမေက ...

"သား ညက မေမေ သမီးလေးကို အိပ်မက်,မက်တယ် သားရယ်၊ သူမေမေ့ဆီ ပြန်လာမယ်တဲ့"

ထူးဆန်းလိုက်တာ။ သူ့အိပ်မက်အကြောင်းလည်း မေမေ့ကို ပြန်ပြောပြမိသည်။

"ဟယ် ... သား၊ ဒါဆို သမီးလေး လူဝင်စားပြန်ဖြစ်ချင်တာ ထင်တယ်။ သား ချစ်ပြည့် ဆိုတဲ့ ကလေးမလေးကို လက်ထပ်လိုက်ပါလား သားရယ်၊ မေမေ လိုက်တောင်းပေးမယ်၊ မေမေ့မှာ တခြားဆွေမျိုးသားချင်းရယ်လို့လည်း သိပ်ရှိတာ မဟုတ်ဘူး။ မေမေ့ ပိုင်ဆိုင်မှုအားလုံး သားအတွက်ပဲ၊ သားကနေ ပြန်မွေးဖွားလာမယ့် သမီးလေး အတွက်ပဲ"


www.burmeseclassic.com

www.burmeseclassic.com



ကျော်သား သူ့စကားနဲ့သူ ခြေချုပ်မိသွားပြီ။ ထို့နေ့မှစ၍ နေ့စဉ်မပြတ် မေမေက ချစ်ပြည့်ကိုယူဖို့ တိုက်တွန်းတော့သည်။ မေမေ့ရင်ထဲမှာ သမီးဖြစ်သူအတွက် ခံစားချက်တွေ ပြင်းနေသေးသည်ကို သူ သိရသည့်အတွက် မေမေ့ကို သနားမိသည်။

သူ့ရဲ့အိပ်မက်ကို ကြားပြီးတည်းက မေမေ ဆိုက်ကိုဝင်သွားတာက ချစ်ပြည့်နှင့်သူ လက်ထပ်ပြီး မေ့ကို ပြန်မွေးဖွားလာလိမ့်မည်ဟု။

သူကတော့ လူငယ်ပီပီ အိပ်မက်ကို အိပ်မက်ဟုပဲ သဘောထားချင်သည်။ သို့သော် ...

မေမေက ချစ်ပြည့်ကို တွေ့ချင်သည်ဆို၍ သူမကို မေမေ့ဆီ ခေါ်သွားရသေးသည်။

ချစ်ပြည့်ကိုလည်း အကြောင်းစုံရှင်းပြထားရသည်။ မတော် မေမေက စကားတွေလွန်ကုန်မှာ စိုး၍ပင်။ ချစ်ပြည့်နှင့် နားလည်မှုရတော့မှ သူ ချစ်ပြည့်ကို သူ့အိမ်ခေါ်သွားရသည်။

"မေမေ ချစ်ပြည့်ကို ခေါ်လာပြီ"

"အို ... ချစ်စရာလေးပဲ၊ လာ သမီး ... လာ"

ဝမ်းသာအယ်လဲ ကြိုဆိုရှာသည်။ ချစ်ပြည့်ကလည်း စာနာပေးမရှာသည်။





"သမီးလေးနဲ့ရွယ်တူပဲ၊ သမီး မရှိတော့ကတည်းက မေမေ့မှာ သားကိုပဲ ချစ်နေရတာ၊ ရေစက်တွေပေါ့ သမီးရယ်"

"သမီးကိုလည်း သမီးရင်းလို သဘောထားပါ အန်တီ"

"သမီးလေးရယ်၊ ထူးဆန်းတာ ပြောရဦးမယ်၊ သားက အိပ်မက် မက်တာလေ"

ချစ်ပြည့်ကို သူ့အိပ်မက်ကို ပြောကာ ...

"ဖြစ်နိုင်ရင် သားတို့ သမီးတို့နဲ့ ပျော်ရွှင်စရာ မိသားစုလေးတစ်ခု ဖြစ်စေချင်တယ်၊ သမီးလှျှလေးလည်း ပြန်ဝင်စားနိုင်တာပဲလေ၊ ဘယ်လိုလဲ သမီး"

"အိပ်မက်ဆိုတာ ယုံကြည်လို့တော့ မရဘူး အန်တီရဲ့၊ စိတ်အစွဲအလမ်းကြောင့် မက်တာမျိုးလည်း ဖြစ်နိုင်တာပဲ"

"ဒါပေမဲ့ အဲဒီညကပဲ မေမေလည်း မက်တယ် သမီးရဲ့၊ သမီးလေး မေမေ့ဆီ ပြန်လာတယ်တဲ့"

"ဒါဆိုရင် သူ့အတွက် အလှူအတန်း လုပ်ပေးသင့်တယ် အန်တီရဲ့၊ အိပ်မက်ပေးတယ်ဆိုတာ သူတို့ မကျွတ်မလွတ်နိုင်လို့လေ၊ သမီးတို့ မေ့ကိုရည်စူးပြီး အလှူလုပ်ပေးရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြည့်က လွှဲ့မေမေကို ဘုရားတရားဘက် ဆွဲခေါ်သွားပါသည်။ အဲဒီလိုနဲ့ အိပ်မက်အစွဲကိုဖျောက်ပြီး မေမင်းလွှဲ့အတွက် ရည်စူးကာ ဆွမ်းကျွေးဖို့ ပြင်ဆင်ကြသည်။

ချစ်ပြည့်ကပဲ အစစအရာရာ ဦးဆောင်စီစဉ်ပေးသည်။ အိမ်မှာပဲ ဘုန်းကြီးတွေပင့်ကာ ခင်မင်ရင်းနှီးသူတွေဖိတ်ပြီး ဆွမ်းသွပ်တဲ့အချိန်က မေ ဆုံးပြီး တစ်နှစ်နဲ့တစ်လ ကြာမြင့်သော အချိန်မှာပါ။

ရေစက်ချ အမျှဝေချိန်မှာ သူရော မေမေ၊ ချစ်ပြည့်၊ ယမင်းတို့ပါ မျက်ရည်ကျပါသည်။

သူတို့အားလုံး ဖြေမဆည်နိုင်ကြသေးပါဘူးလေ။

ထိုနေ့က ချစ်ပြည့်တစ်ယောက် အိမ်ပေါ်မှာ သိမ်းဆည်းပေးနေချိန် ယမင်းက ...

"ကိုကျော်သား ခဏ"

ဟုဆိုကာ ခြံထဲဆင်းသွားသဖြင့် သူပါ ခြံထဲလိုက်ဆင်းလာခဲ့သည်။

"ဆို ယမင်း"

"ကိုကျော်သား ... ယမင်း တစ်ခုလောက် အကြံပေးချင်တယ်၊ ယမင်း သူများကိစ္စ စွက်ဖက်တာတော့ မဟုတ်ပါဘူး"





"ရပါတယ် ယမင်းရဲ့ ပြောပါ"

ယမင်း ပြောသော စကားတွေက သူ့နားထဲ ဝင်လိုက်ထွက်လိုက်။ ခေါင်းခါမိတာလည်း အကြိမ်တစ်ရာရှိမည်ထင်သည်။ ယမင်းကလည်း သူ့ကို အမျိုးမျိုးဖျောင်းဖျသည်။

နောက်ဆုံးတော့ သူ ခေါင်းငိုက်စိုက်ကျသွားပြီး ယမင်း၊ ချစ်ပြည့်နှင့် ဧည့်သည်တွေအားလုံး ရှင်းသွားချိန်မှာတော့ မေမေက သူ့ကိုဖက်ပြီး ငိုနေသေးရဲ့။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ကျော်သား သက်ပြင်းချလိုက်မိသည်။ သူ့ပွဲရုံမှ ကားတစ်စီးက ပျဉ်းမနားဘက်မှာ မှောက်သည်တဲ့။ ကားဘရိတ်ခ် ပေါက်ပြီး မှောက်တာ။ ဒရိုင်ဘာက သေမလား ရှင်မလား မသိရ။ ဆေးရုံပေါ်မှာ။

သူ နေပြည်တော်ပျဉ်းမနားကို ချက်ချင်းလိုက်ရမည်။

လှုံ့မေမေဆီ ဖုန်းဆက်ကာ ပျဉ်းမနားသွားမည့် အကြောင်း ပြောလိုက်သည်။

ထို့နောက် ချက်ချင်းပင် ခရီးထွက်လာလိုက်သည်။ ပျဉ်းမနားဆေးရုံရောက်တော့ ဒရိုင်ဘာက သက်သာလာသဖြင့် ကားဆီသို့ ပြေးရပြန်သည်။

ကားကတော့ တော်တော်ပျက်စီးသွားသည်။ ကံကောင်းတာက ကုန်မပါဘဲ အခွံချည်းပဲ ဖြစ်နေ၍ တော်သေးသည်။ ကားကို ပျဉ်းမနားရှိ ဘော်ဒီရုံတစ်ခုမှာပင် အပ်ထားလိုက်





ပြီး သူနဲ့အတူ ခေါ်သွားသော ပွဲရုံမှ မန်နေဂျာကို မှာစရာရှိတာတွေမှာကာ ရန်ကုန်ပြန်ဖို့ ပြင်ရသည်။

"ကိုသား ညတွင်းချင်း ပြန်မလို့လား။ ဒီတစ်ည နားပြီး မနက်မှ ပြန်ပါလား"

"အေးဗျာ၊ နားရရင် ကောင်းမလား ပြန်ရင်ကောင်းမလားပဲ၊ ကျွန်တော်လည်း ပင်ပန်းနေတယ်"

"နားလိုက်ပါ ကိုသားရယ်"

ပျဉ်းမနားမှာလည်း သူ့ရဲ့ပဲအဝယ်ဒိုင်တစ်ခု ရှိသေးသည်မို့ ပဲဒိုင်စာရင်းတွေစစ်ရင်း နားဖို့ဆုံးဖြတ်လိုက်သည်။ ညကျတော့ ပျဉ်းမနားရှိ ဝန်ထမ်းတွေကို ...

"ကဲ ... ရောက်တုန်းရောက်ခိုက် ကျွန်တော် ဒီည အားလုံးကို ညစာလိုက်ကျွေးမယ်ဗျာ"

"ဝေး"

စားကြသောက်ကြရင်း ညဉ့်နက်လာတော့ ကောင်လေးတွေက ကဲလာသည်။ အရက်လည်း မူးနေကြပြီ။

"ပျဉ်းမနား ကုန်စည်ပြပွဲမှာ ရန်ကုန်က မော်ဒယ်လ်တွေ ပါတယ်တဲ့၊ သူဌေး လိုက်ပို့ပါ"

"ဟိတ်ကောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက ဟန့်သော်လည်း ...

"လိုက်ပို့လိုက်ပါ၊ ကျွန်တော်တော့ နားချင်ပြီ။ သူတို့ကိုတော့ ကိုမြင့်ထွန်းပဲ လိုက်ပို့လိုက်တော့။ ဒီမှာ ပိုက်ဆံယူသွား။ ပြီးတော့ ကျွန်တော့်ကို ဟိုတယ်ကောင်းကောင်းတစ်ခု ပို့ပေးပါ။ ပြီးတော့ ကျွန်တော် မနက်စောစောထပြန်တော့မှာ"

"ဟုတ်ကဲ့"

"ကဲ ... အားလုံး ပျော်ပျော်ရွှင်ရွှင် သွားကြပါ"

"သူဌေး လိုက်ခဲ့ပါ"

"မလိုက်တော့ဘူး၊ ကျွန်တော် ဝင်ပန်းနေပြီ"

မန်နေဂျာက သူ့ကိုဟိုတယ် လိုက်ပို့ပေးသည်။ နယ်မြို့တစ်ခုမှာတော့ အကောင်းဆုံးပေါ့လေ။ ပထမတော့ သူ ပင်ပန်းပြီး အိပ်ပျော်သွားသည်။ ညနှစ်နာရီလောက်ကျတော့ လန့်နိုးသွားကာ အိပ်မပျော်သဖြင့် အခန်းအပြင်ဘက် ဝရန်တာသို့ ထွက်လာခဲ့သည်။

တစ်ဖက်ခန်း ဝရန်တာမှာ ရပ်နေသော အမျိုးသမီးတစ်ယောက်ကြောင့် သူ အခန်းထဲပြန်ဝင်ရမလို ဖြစ်သွားပြီးမှ ...





"ချစ်ပြည့်"

"ဟယ် ... ကိုကျော်သား၊ ဘယ်လိုလုပ် ရောက်နေတာလဲ"

"ချစ်ပြည့်ရော"

"ချစ်ပြည့်က ဒီမှာ ကုန်စည်ပြပွဲမှာ ရှိုးလာလျှောက်တာ"

"ဪ ... ကိုယ်လည်း အလုပ်ကိစ္စကြောင့် ရောက်လာတာ"

"ဟုတ်လား ... ကြာဦးမှာလား"

"ဟင့်အင်း ... မနက်စောစော ထပြန်မှာ"

"ဟယ် ... ဒါဆို အတူတူ ပြန်မယ်လေ။ ချစ်ပြည့်လည်း မနက်ပြန်မှာပဲ၊ ချစ်ပြည့်က အငှားငှားကားနဲ့လာတာ"

"ဟုတ်လား၊ လူများရင် ကိုယ့်ကားနဲ့ လိုက်ခဲ့လေ"

"အဆင်ပြေရဲ့လား"

"ပြေပါတယ် ချစ်ပြည့်ရဲ့၊ မပြေစရာအကြောင်းမှမရှိတာ"

"ဒါဆို ချစ်ပြည့် ကိုကျော်သားကားနဲ့ လိုက်ခဲ့မယ်နော်၊ ဘယ်အချိန်ပြန်မှာလဲ"

"ငါးနာရီလောက် ပြန်မယ်လေ၊ မနက်စာကို သာဂရမှာ စားမယ်၊ အဲဒီမှာ ကိုယ်ထိုင်နေကျ လက်ဖက်ရည်ဆိုင်ရှိတယ်၊ ငါးပေါင်းစားလို့ကောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကဲ ... ဒါဆို ဝင်အိပ်တော့"

"အင်း ... ကိုကျော်သားလည်း အိပ်တော့လေ"

"အိုကေ"

မနက် နှစ်နာရီမှာ စကားထပြောနေသော သူတို့ နှစ်ယောက် နောက်နေ့မနက်မှတော့ အိပ်ရာက မနိုးပါလေတော့။ ချစ်ပြည့်က ဘေးအခန်းမှ သူမနဲ့အတူပါလာသော အေဂျင်စီမှ ခေါင်းဆောင်မမ လာနှိုးမှနိုးသည်။

"ဟယ်တော့ ... မမိတော့ဘူး"

တစ်ဖက်ခန်းကို တံခါးသွားခေါက်တော့ ကိုကျော်သား အိပ်မှုန်စုံမွှားဖြင့် တံခါးထဖွင့်ပေးသည်။

"ဆောရီး ချစ်ပြည့်၊ ကိုယ် အိပ်ပျော်သွားတယ်"

"ချစ်ပြည့်လည်း ခုမှနိုးတာ၊ ကိုကျော်သား သွားပြီမှတ်ပြီး တံခါးလာခေါက်ကြည့်တာ"

သူတို့ ရေမိုးချိုး ပြင်ဆင်ပြီးတော့ ဟိုတယ်မှာပင် မနက်စာ စားဖြစ်ကြသည်။ အေဂျင်စီအဖွဲ့က ရေဆင်းဆည်ဘက် သွားဦးမည်ဆိုတော့ ချစ်ပြည့်က မလိုက်တော့ဘဲ သူ့ကားဖြင့် ရန်ကုန် ပြန်လိုက်လာသည်။





အပြန်လမ်းမှာ ကျော်သားက ချစ်ပြည့်ကို ကွက်ကြည့် ကွက်ကြည့်ဖြင့်။ ယမင်း ပြောသော စကားတွေကို ကြားယောင်နေမိသည်။

ယမင်းက သူ့ကို ချစ်ပြည့်နှင့်လက်ထပ်ရန် တိုက်တွန်းခြင်းပင်။

"ယမင်းက စေတနာနဲ့ ပြောတာပါ၊ ကိုကျော်သားအနေနဲ့လည်း မမလျှံကို တောင့်တနေမယ့်အစား စိတ်ဖြေသိမ့်ရာ ရတာပေါ့၊ ပြီးတော့ အန်တီခင်ကလည်း ချစ်ပြည့်ကို လိုလားတယ်မို့လား၊ အားလုံးအတွက် အဆင်ပြေမယ်ထင်ပါတယ်"

သူ သက်ပြင်းချလိုက်မိသည်။

သာဂရရောက်တော့ ...

"ငါးပေါင်း မကျွေးတော့ဘူးလား"

ချစ်ပြည့် အလိုကျ ငါးပေါင်းကျွေးရသေးသည်။ ပြီးတော့ ...

"ချစ်ပြည့်"

"ရှင်"

ငါးပေါင်းတွေကို မစားဘဲ ဖဲ့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ချစ်ပြည့်ကို လက်ထပ်ချင်တယ်"

"ရှင်"

"ဟုတ်တယ်"

"ကိုကျော်သား ချစ်ပြည့်ကို ချစ်လို့လား"

"အဲဒီတစ်ခုပါပဲ၊ ကိုယ် မချစ်ရင်တောင် ခင်ပွန်းကောင်း ပီသမှာပါ"

"ချစ် ဘယ်လိုပြန်ဖြေရမလဲ မောင်"

သူ့ ပြုံးလိုက်ပြီး ...

"လက်ခံပေးတာ ကျေးဇူးတင်ပါတယ်၊ ရန်ကုန်ပြန်ရောက်ရင် ကိုယ်တို့လက်ထပ်ဖို့ စီစဉ်လိုက်မယ်နော်"

ချစ်ပြည့်က ပြုံးပြုံးလေးနဲ့ ခေါင်းညိတ်နေသည်။

အပြန်လမ်းမှာတော့ ချစ်ပြည့်က သူ့ပခုံးမှာ ခေါင်းမှေးမှီလို့ သူမ သိသမျှ ဟာသလေးတွေ တတွတ်တွတ် ပြောပေးနေသည်။

"မောင် ချစ်ကို ရွေးချယ်ခဲ့တဲ့အတွက် နောင်တမရစေရပါဘူး၊ ချစ် မောင့်ကို ပျော်ရွှင်စေအောင် ထားမှာပါ။ ချစ်ရဲ့ ချစ်ခြင်းတွေနဲ့ မောင့်ကို ပါရမီဖြည့်ပေးမှာပါ၊ နော် ... မောင်"





သူမရဲ့ဆံပင်လေးတွေကို ခပ်ဖွဖွ သပ်တင်ပေးရင်း မေ့ ဆံပင်ရှည်ရှည်တွေကို မြင်ယောင်လာသလို ပါးကလည်း ချက်ချင်းပဲ စပ်ဖျဉ်းဖျဉ်း ဖြစ်လာသလို ခံစားရ၍ ပြုံးမိသေးသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



လျှံ့မေမေ ကိုယ်တိုင် ချစ်ပြည့်ရဲ့ မိဘတွေဆီမှာ လိုက်ပြီးတောင်းရမ်းပေးသည်။ မင်္ဂလာခန်းမငှားတာ ဖိတ်စာရိုက်တာ အားလုံး စီစဉ်သည်။

ထိုကာလအတောအတွင်းမှာ ချစ်ပြည့်က ကြော်ငြာကို နိုင်ငံခြားမှာ သွားရိုက်ရသည်အထိ အောင်မြင်လာသည်။

ထိုသို့ ချစ်ပြည့်ဘက်မှ ကံဇာတာတွေ တက်နေချိန် သူ့မှာတော့ များပြီလားဟု တွေးကာ နောင်တတွေ ရနေသည်။

ဘာပဲဖြစ်ဖြစ် လျှံ့မေမေ ပျော်ရွှင်နေတာတွေ့တော့လည်း စိတ်ချမ်းသာပါသည်။ ချစ်ပြည့်ကတော့ သူ့ဆီ နေ့စဉ်ဖုန်းဆက်သည်။ သူက အလုပ်တွေများပြီး သွားမတွေ့ဖြစ်ရင်တောင် ချစ်ပြည့်ကတော့ သူ့ကို လာတွေ့သည်။

နိုင်ငံခြားမှာ ကြော်ငြာသွားရိုက်ရတော့လည်း ပုံမှန်ဖုန်းဆက်မြဲပင်။





ထို့နောက် သူမက မင်္ဂလာဝတ်စုံချုပ်ရန် ပိုးစတွေဝယ်လာသည်။

အင်တာဗျူးတွေကိုလည်း သူမ မကြာခင်လက်ထပ်တော့မည့်အကြောင်း ဖွင့်ဟသလို သူ့ကိုလည်း သူမရဲ့အသိုင်းအဝန်းထဲ ခေါ်သွားတတ်သည်။

သတင်းစာထဲမှာလည်း ရေစပ်ကြောင်လမ်းပြီးစီးခြင်း ထည့်လိုက်ပြီးပြီ။

အားလုံးပြီးမှ သူ နောင်တကျွေ တစ်လှေကြီးရနေမိသည်။ မင်္ဂလာပွဲရက် နီးလာလေလေ သူ့စိတ်တွေ ညစ်လာလေဖြစ်နေသည်။

သူစိတ်ညစ်ညစ်နဲ့ စိတ်ပြေလက်ပျောက်ဟု ဆိုကာ ခရီးထွက်လာလိုက်သည်။ ဘယ်သွားမည်ဟု ဘယ်သူ့ကိုမှ မပြောခဲ့။ လျှံ့မေမေနဲ့ ချစ်ပြည့်ကိုတော့ မင်္ဂလာပွဲအမီ ပြန်လာမည်ဟု ပြောခဲ့သည်။

ပြီးတော့ ငွေဆောင်ကမ်းခြေကို ထွက်လာဖြစ်သည်။

ငွေဆောင်ဟိုတယ်တစ်ခုမှာ သီးသန့်ဘန်ဂလိုတစ်လုံးငှားပြီး လွတ်လွတ်လပ်လပ် နေနေပေမယ့် စိတ်တွေက မွန်းကျပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဆောင်ကမ်းခြေမှာ ပင်လယ်ပြင်ကို ဖြတ်တိုက်လာတဲ့ လတ်ဆတ်သန့်ရှင်းသော လေတွေကို ရှူနေပေမယ့် အသက်ရှူမဝသလို ခံစားနေရသည်။

တစ်ခါတစ်ရံ ပင်လယ်ကြီးကို တစ်နေကုန်ထိုင်ကြည့်ကာ စိတ်အလိုမကျသလို ခံစားရသေးရဲ့။

ပင်လယ်ကမ်းခြေရောက်တာ တစ်ပတ်ပြည့်တဲ့အထိ ပင်လယ်ရေထဲ ခြေတစ်ဖဝါးမချမိ။ ဆင်းချင်စိတ်လည်းမရှိ။

နေ့ရက်တွေ တဖြည်းဖြည်း ကုန်ဆုံးလာချိန်မှာတော့ ချစ်ပြည့်ကို လက်ထပ်ဖို့ ဆုံးဖြတ်မိတာကို အကြီးအကျယ် နောင်တရလာမိသည်။

သို့သော် အားလုံးက လွန်ကုန်ပြီလေ။

ဆယ်ရက် ကုန်လွန်ပြီးချိန်မှာတော့ မင်္ဂလာပွဲကလည်း တော်တော်နီးကပ်နေပြီမို့ သူ ရန်ကုန်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

မနက်ဖြန် ရန်ကုန်ပြန်မည်ဆို ဒီညပေါ့၊ သူ ဂစ်တာ တီးချင်စိတ် ပေါက်လာသဖြင့် ဟိုတယ်ဝန်ထမ်းကောင်လေးဆီက ဂစ်တာငှားကာ ပင်လယ်ကမ်းစပ်နှင့် မနီးမဝေးရှိ အုန်းပင်ခြေရင်းမှာ ဂစ်တာထိုင်တီးနေမိသည်။





ဂစ်တာကို စိတ်ရှိလက်ရှိ ခပ်ကြမ်းကြမ်း တီးခတ်မိသည်။ ပြီးတော့ ပေါက်ကွဲစွာ အော်ဟစ်မိသည်။ ဘီယာဘူးတွေ တစ်ဘူးပြီးတစ်ဘူး ဆေးလိပ်တိုတွေက မွစိတက်နေသည်။ ညဉ့်က တဖြည်းဖြည်း နက်လာပြီ။

သူ့ဘဝလည်း ညဉ့်နက်လာသလို ခံစားလိုက်ရလေသည်။

"မေရေ ..."

"မေ ..."

"မေ ပြန်လာခဲ့ပါ မေရယ်"

"မေ ပြန်လာခဲ့ပါလို့ မှာလိုက်တယ်လေ"

"မေ ကိုယ်စောင့်နေတယ်လေ၊ ကိုယ် မေ့ကို စောင့်နေတုန်းပဲလေ မေရယ်"

အုန်းလက်သံက တရှဲရှဲ။

ပင်လယ်အော်သံက တဟဲဟဲ။

ကျော်သား ဆိုသော လူသားတစ်ယောက်ရဲ့အသည်းကတော့ အလဲလဲ အကွဲကွဲ။

ထိုညက ကျော်သား အုန်းပင်ခြေရင်းမှာပင် အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းကြီးကတော့ ကျော်သားကို သနားကရုဏာ သက်နေပုံဖြင့် ငုံ့ကြည့်နေလေရဲ့။

တကယ်ဆိုရင် ဒီကမ္ဘာရဲ့ တစ်နေရာမှာ ...။

♥○♥





သူ ရန်ကုန်ပြန်ရောက်တော့ ချစ်ပြည့်ဆီ ဖုန်းဆက်လိုက်သည်။

"မောင် အခု ဘယ်မှာလဲ"

"မေတို့အိမ်မှာ"

"ချစ်လာခဲ့မယ်လေ"

"အင်း"

ချစ်ပြည့် လာတော့ သူက ခြံထဲကဒန်းပေါ်မှာ သူ့ခြေရင်းမှာတော့ မေ့အချစ်တော်ခွေးကြီး ဂျက်ကီ။

ချစ်ပြည့်က သူ့ကို မြင်မြင်ချင်း ...

"မောင် ပိန်သွားတယ်"

"အနားသွားယူတာ ပိန်လာတယ်ဆိုတော့ ရယ်စရာဖြစ်နေတာပေါ့"

"မောင် ဘယ်သွားတာလဲ"

"ငွေဆောင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ပြော"

"ချစ် မောင့်ကို သိပ်ပြီးစိတ်ချမ်းသာစေချင်တာပဲ။ မောင် ဘာဖြစ်ချင်လဲ၊ ချစ် လုပ်ပေးမယ်"

"ဟင့်အင်း"

"မောင် လက်ထပ်ပွဲကို ဖျက်ချင်လား"

"ဟင့်အင်း ... ဘာမှ ပိုထူးလာမှာ မဟုတ်ပါဘူး"

"ချစ်ကို အားမနာနဲ့နော်"

"ကိုယ့်အပေါ် အဲဒီလောက် မကောင်းပါနဲ့လား ကလေးရယ်"

"ငွေဆောင်သွားတာ ဘာလက်ဆောင်ပါလဲ၊ ပြော"

"ဘာမှမပါဘူး"

"ဟွန်း ... စိတ်ကောက်တယ်ကွာ၊ မောင့်ကိုမခေါ်တော့ဘူး၊ ပြန်ချော့"

"အဟွန်း"

သူ ရယ်နေသည်။ ချစ်ပြည့်ကတော့ သက်ပြင်းနီးချလျက်။ ချစ်ပြည့် ဘဝတစ်လျှောက်လုံး ကျောက်ဆစ်ရုပ်လို အသက်သွင်းဖို့ ကြိုးစားရတော့မည် ထင်သည်။ ဒါပေမဲ့ ချစ်ပြည့်ကိုယ်တိုင်က ထိုဘဝကို မက်မောနေပြီလေ။





ကိုယ်ချစ်ကို တမ်းတမိသည့်အတွက် ချစ်ပြည့်အနည်းနဲ့အများတော့ စိတ်ညစ်ရမည် ထင်ပါသည်။

"မောင် မနက်ဖြန် ဖိတ်စာတွေ ရမယ်"

"အိုကေ ... သွားရွေးပေးမယ်လေ"

"ဝတ်စုံလည်း သွားရွေးရမယ်"

"ကိုယ် လိုက်ပို့မယ်လေ"

"ချစ် အိပ်မက် မက်နေတောတော့ မဟုတ်ပါဘူးနော် မောင်"

"အဟွန်း"

"မောင် ယမင်းတောင် မေးနေသေးတယ်၊ ချစ်က မောင် ခရီးထွက်သွားတယ်လို့"

"အင်း"

"မောင်"

ချစ်ပြည့်က သူ့မခုံးကိုမှီသည်။ သူ့ရင်ခွင်ထဲဝင်ဖို့ ကြိုးစားသည်။ သူ အသက်ရှုရတာ အောင့်သက်သက်ဖြစ်သွားတာတော့ သေချာသည်။ သူမ ဆံပင်တွေကို သပ်တင်နေဖို့ပဲ ကြိုးစားမိသည်။ အဲလိုနဲ့ပဲပေါ့ ...။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာတွေ ဝေပြီးပြီ။ အဖြူရောင်သတို့သမီးဝတ်စုံလေးဖြင့် လှပနေသော ချစ်ပြည့်။ ဝတ်စုံဆိုင်မှာ ဝတ်စုံစမ်းဝတ်ကြည့်ပြ ထွက်လာတော့ ...

"မောင် လှလား"

"အင်း"

"ဒါတောင် မျက်နှာက မပြင်ကရသေးလို့နော်၊ မိတ်ကပ်တွေ ဆံပင်တွေ ပြင်ပြီးရင် ပိုလှမှာ သိလား"

"အင်း"

မတုန်မလှုပ် ကျောက်ဆစ်ရုပ်ပမာ ချစ်ပြည့်လည်း တဖြည်းဖြည်း နောင်တရချင်လာသည်။ ချစ်ပြည့် ဆိုတာ မော်ဒယ်လ်လောကရဲ့ ရုပ်ချောတား။

ချစ်ပြည့်ကို ချစ်သူပုရိသများ ဝိုင်းနေသည့်ကြားကမှ သူမှသူ့ကို ဖြစ်နေမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ဘင်နေမိတော့သည်။



သတို့သမီးဝတ်စုံ စမ်းဝတ်ကြည့်ရုံနဲ့ပင် ဒီလောက်စိတ်ထိခိုက်ရသည့် နောင်ရတချင်သည်။ ဘကယ်များ ဝတ်ရသည့်အခါ ရင်ထဲမှာ ဘုရားပင် တ,ချင်သည်။

ဒီလိုနဲ့ပဲ နောင်တကိုယ်စီနဲ့ပဲ မင်္ဂလာပွဲနေ့ ရောက်လာခဲ့ပြီ။

အဲဒီနေ့က မေမင်းလှုံရဲ့မေဒမက ငိုနေသည်။ တကယ်ဆို ဒီမင်္ဂလာပွဲမှာ သူက သမီးရှင်ဖြစ်ရမှာ။ ခုတော့ သားရှင်ဖြစ်နေရသည်လေ။ သမီးကို သတိရစွာ ငိုမိသည်။ မေမေငိုတာမြင်ရတော့ ကျော်သား ရင်ထဲမှာလည်း ဆို့နင့်နေသည်။ တစ်ဖက်မှာလည်း ချစ်ပြည့်က ယမင်းကို အဖော်ပြုလျက်။

"မောင်ကလည်း ကြာလိုက်တာ"

လည်ပင်းတရှည်ရှည်ဖြင့် ...

"လာမှာပါဟာ လိုသေးတာပဲ"

ယမင်းက နှစ်သိမ့်နေရသည်။ သူ ရောက်လာတော့မှ ချစ်ပြည့်မှာ ရဲရဲသက်ပြင်းချနိုင်သည်။

"မောင် နောက်ကျနေလို့ ချစ်က စိတ်ပူနေတာ"

"လမ်းမှာ မီးပွိုင့်မိနေလို့ပါ"

"မောင် မေမေရော"



www.burmeseclassic.com

www.burmeseclassic.com



"ပါတယ်၊ ကားထဲမှာ သွားရို"

ယုဇနဂါးဒင်းရောက်တော့ သတို့သမီးအတွက် ပေးထားသော အခန်းကို ပြေးကြရသည်။

"ချစ် လာလေ၊ အခန်းက ဒီဘက်မှာ"

ယမင်းကပဲ ဦးဆောင်သွားသည်။ ပြီးတော့ သတို့သမီးကို ယမင်း ကိုယ်တိုင် ပြင်ပေးသည်။ အားလုံးပြင်ဆင်ပြီးချိန်မှာ လျှံ့မေမေက အခန်းထဲဝင်လာသည်။ လက်ထဲမှာ ကတ္တီပါဘူးလေးနဲ့ ထိုအချိန်မှာပဲ အခန်းဝမှာ ကြီးစိုးပေါ်လာသည်။

"မခင် ... မခင် ... ခဏ"

"ဟင် ... ဒေါ်စိုး၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ"

"သမီးလျှံ ... လျှံလေး ... လျှံလေး"

"ဘာဖြမ်လို့လဲ၊ ဘာဖြစ်တာလဲ၊ ဒေါ်စိုး ပြောစမ်းပါ"

"မေမေ"

"ဒေါက်"

ဒေါ်ခင်ခင် လက်ထဲမှ ကတ္တီပါဘူး ပြုတ်ကျသွားသည်။

"သမီး"

အက်ကွဲသံတစ်ခုက လည်ချောင်းဝမှ တွန်းကန်ထွက်လာပြီးနောက် လျှံက မေမေ့ရင်ခွင်ထဲ တိုးဝင်လာကာ ...





"မေမေ ... မေမေ သမီးကြောင့် အရှမ်းခံစားခဲ့ရမှာပဲနော်"

"လျှံ ... သမီးလေး၊ ဟုတ်ပါတယ်၊ ဒါ မေမေ့သမီးလေးပါနော်၊ သမီးလေး မသေဘူးနော်၊ ဝမ်းသာလိုက်တာ၊ သမီး ... မေမေ့မှာလေ၊ သမီးကို ဆုံးရှုံးလိုက်ရလို့ ဒီနေ့အထိ ပြေလို့မရဘူးသမီးရဲ့ သမီးကို သတိရပြီး စိတ်ပြေရာပြေကြောင်းတွေ လျှောက်လုပ်နေရတာ"

"မေ့မေရယ် ... လျှံ့ကို ခွင့်လွှတ်ပါ"

ချစ်ပြည့် မိုက်ခနဲ ဖြစ်သွားသည်။ သွားပြီပေါ့။ မေပြန်လာပြီဆိုတော့ သူမအတွက် နေရာမရှိတော့ဘူးလေ။ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကျဆင်းလာသည်။ ယမင်းကလည်း အတောင့်သား ဖြစ်နေသည်။ မေမေက လျှံ့ကို လွှတ်ထွက်သွားမှာ စိုးရွံ့စွာ တင်းတင်းဖက်လျက် ပထမဆုံး သတိဝင်လာသူတွေက ချစ်ပြည့်ရဲ့မိခင်နှင့် အဒေါ်တွေ ဇာတ်လမ်းကို သိမ်ထားသူတွေပိပိ ...

"ကဲ ... ပြန်လာတဲ့သူကလည်း ပြန်လာပြီဆိုတော့ ပျော်စရာကြီးပေါ့၊ မင်္ဂလာပွဲက နိမိတ်ကောင်းတယ့်ဟော့။ သမီးချစ်ပြည့် မငိုနဲ့လေကွယ်၊ မိတ်ကပ်တွေ ပျက်ကုန်ပြီ"

"အို"



www.burmeseclassic.com

www.burmeseclassic.com



မေ့ရင်ထဲမှာ တော်လဲသံတစ်ခု ဖြတ်ပြေးသွားသည်။ ဟုတ်သားပဲ။ မေ နောက်ကျခဲ့ပြီပဲ။ မေ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီပဲ။ သူနဲ့ ချစ်ပြည့်ရဲ့လက်ထပ်ပွဲဟာ မေ့ကြောင့် အပျက်စီးမခံနိုင်။

သူမ ချစ်ပြည့်ဆီ လှမ်းလာလိုက်သည်။ ချစ်ပြည့် မျက်နှာက သွေးဆုတ်ဖြူရော်လျက်။ မေက သူမရဲ့အသက်ကိုနုတ်ယူဖို့ လှမ်းလာသလားပင် အောက်မေ့ရလောက်အောင် ကြောက်ရွံ့နေသည်။

"ချစ်ပြည့်"

မျက်ရည်တွေ ဆို့နင်လျက် မော့ကြည့်နေပုံက သနားစရာ ကောင်းနေသည်။ သူမ မျက်ဝန်းထဲမှာ အသနားခံလိုသော အရိပ်တွေပြည့်လျက်။

"ချစ်ပြည့် ကွန်ဂရက်ကျူလေးရှင်းနော်"

"မေ ... မေရယ်၊ အဟင့် ... ချစ်လေ"

"ရှူး ... ဘာမှမပြောနဲ့တော့၊ ပြီးတော့ မျက်ရည်တွေ သုတ်လိုက်၊ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ရတဲ့ သတို့သမီးရဲ့ အပြုံးက အလှပဆုံး အလင်းလက်ဆုံး ဖြစ်နေရမှာလေ။ ကဲ ... တို့လည်း ခုမှ ခရီးက ပြန်ရောက်တာ နားချင်နေပြီ။ အိမ်မှာပဲ ပြန်စောင့်တော့မယ်"





ချစ်ပြည့်ရဲ့ နဖူးကို နမ်းလိုက်သော သူမ မျက်ရည်တစ်စက်က ထိန်းချုပ်ထားသည့်ကြားက ပေါက်ခနဲ။

"မေ"

"ဟင့်အင်း ... ချစ်ပြည့်၊ မေ ဘာမှမဖြစ်ဘူး၊ ခရီးရောက်မဆိုက်ဆိုတော့ မေ ရှင်တို့မင်္ဂလာပွဲကို မချီးမြှင့်နိုင်ဘူး၊ မေ ပြန်ပါရစေနော်၊ ပြီးတော့ ... မေ ရောက်လာတာကို ကျော်သား မသိစေချင်ဘူး၊ မင်္ဂလာပွဲကို မတက်ရောက်နိုင်ပေမယ့် ကျော်သားနဲ့ ချစ်ပြည့်တို့ တွဲလက်တွေ သက်ဆုံးတိုင်ပါစေလို့ မေ ဆုတောင်းခဲ့တယ်နော်"

ပြောပြီးတာနဲ့ မေက အခန်းထဲက ထွက်သွားသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



ကျော်သား နာရီကို ကြည့်လိုက်သည်။

မင်္ဂလာအချိန်ကျရောက်ရန် မိနစ်အနည်းငယ်ပဲလို တော့သည်။

သူ့ရင်ထဲမှာ နာရီလက်တံတွေကို ကြောက်ရွံ့နေ သည်။ သူကိုယ်တိုင် ရွေးချယ်ပြီးမှ ဒီလမ်းကိုလျှောက်ဖို့ သူ တော်တော်ကြောက်နေသည်လား။

တောင်ရှည်ဝတ်ပြီး ခေါင်းပေါင်းကို လက်အလှမ်း လက်တွေက ခေါင်းပေါင်းဆီ မရောက်ဘဲ တုံ့နှေးနေသည်မို့ မေမေက သူ့ခေါင်းပေါင်းကို လာဆောင်းပေးသည်။

"မေမေ"

မေမေ ဘယ်အချိန် အခန်းထဲရောက်လာသလဲ သူ မသိလိုက်ပါ။ မေမေ မျက်နှာပေါ်မှာ အရိပ်တချို့။ မေမေလည်း ခုချိန်မှာ သူမချစ်သော သမီးလေးကို သတိရနေမှာပေါ့။





"သား ထွက်တော့လေ၊ ချစ်ပြည့် စောင့်နေပြီ၊ ချစ်ပြည့်ကို သွားခေါ်တော့"

"မေမေ"

မေမေက ခေါင်းညိတ်ပြပြီး ...

"ချစ်ပြည့်ဆီ သွားလိုက် သား၊ အချိန်ကျနေပြီ"

သူ အခန်းပြင်ကို လေးပင်စွာ ထွက်လိုက်သည်။ သတို့သမီးရဲ့အခန်းရှေ့ကို ရောက်တော့ တံခါးခေါက်လိုက်သည်။ တံခါးကို ဖွင့်စေချင်လို့ တံခါးခေါက်ကြတာ မဟုတ်ပါမို့လား၊ ဒါပေမဲ့ ကျော်သားကတော့ သူ ခေါက်လိုက်တဲ့ တံခါးကြီးပွင့် လာမှာ သေမတတ် ကြောက်ပါသည်ဆိုရင် ဘယ်သူယုံမှာလဲ။

တံခါးဝမှာ ပေါ်လာသော သတို့သမီးကို ကြည့်လိုက် သော်လည်း မမြင်။ လူက ကတ္တီပါလျှောက်လမ်းပေါ် အလိုလို ရောက်သည်။

သူ မျက်စိစုံမှိတ်ကာ အသက်ကိုဝအောင်ရှူသွင်း လိုက်ပြီး ခြေလှမ်းအစ သူ့လက်မောင်းကို ချိတ်တွယ်ထားသော ချစ်ပြည့်ရဲ့လက်က ပြုတ်ကျသွားသည်။

"ချစ်ပြည့်"

"မောင် ... မောင့်ရဲ့မေ ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

"မောင့် မေမင်းလျှံ ပြန်လာပြီ"

"ချစ်ပြည့် ဘာတွေ ပြောနေတာလဲ"

"ယမင်း ... မောင် စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေကွယ်၊ မောင် ... မောင့်ရဲ့မေ ပြန်လာပြီ၊ အနုပဲ အိမ်ပြန်သွားတယ်"

"ချစ်ပြည့် ... တကယ်ပြောနေတာလား၊ ဟင် ... ပြောလေ ချစ်ပြည့် ၊ မေက သေသွားပြီမို့လား"

"မေ မသေဘူး၊ အခု ပြန်လာပြီ၊ ဒီမနက်ပဲ၊ ခုနကပဲ ပြန်ရောက်တာ"

ကျော်သား မေ့မိခင်ဘက်လှည့်ကာ အရူးတစ်ယောက်ပမာ ...

"မေမေ သေချာလား၊ သူ ပြောတာဟုတ်လား၊ မေ ပြန်လာပြီလား"

"သားရယ်၊ သမီး လျှံလေး ပြန်လာပြီ"

"ဟာ"

သူ့မျက်နှာကြီး မှုန်မည်း ညိုယွင်းသွားလိုက်တာ၊ ချစ်ပြည့်က သူ့လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ပြီး ...





"မောင် ကြိုက်သလို ဆုံးဖြတ်ပါ"

သူ ချစ်ပြည့်ကို စူးစိုက်ကြည့်မိသည်။ ဒီမင်္ဂလာပွဲကနေ သူ ထွက်သွားရင် ချစ်ပြည့်ရဲ့ဘဝက ဘာဖြစ်သွားမလဲ။ ရှေ့ဆက်တိုးပြီး ချစ်ပြည့်နဲ့ လက်ထပ်ရင်ရော သူ့ဘဝက ရှင်လျက်သေလူဖြစ်မှာ သေချာသည်။

ချစ်ပြည့်က ခေါင်းညိတ်ပြလိုက်သည်။

"မောင် ... မေမင်းလျှံဆီ သွားလိုက်ပါ"

"ချစ်ပြည့်"

"ရတယ်၊ မောင် သွားပါ"

"ကိုယ့်ကို ခွင့်လွှတ်ပါ"

ထို့နောက်မှာတော့ သူ မင်္ဂလာခန်းမကို ကျောခိုင်းလိုက်ပြီ။ ဘိသိက်ဆရာက ဘိသက်မမြှောက်ရဘဲ မင်္ဂလာပွဲနှစ်ဦးသဘောတူ ဖျက်သိမ်းလိုက်ကြောင်း ကြေညာသူ ဖြစ်သွားရသည်။

ကျော်သားရဲ့ကားက မေ့ခြံလေးထဲ ကွေ့ဝင်ထိုးရပ်ပြီး အိမ်ထဲပြေးဝင်တော့ ဂျက်ကီက သူ့ကို မမှတ်မိဘဲ လိုက်ဆွဲသည်။ တောင်ရှည်စကို ဟပ်မိသွားချိန် ...

"ဂျက်ကီ"

ဂျက်ကီက အမြီးလေးကုပ်ကာ တအီအီဖြင့် ငြိမ်သက်သွားသည်။ တံခါးဝမှာက သူ့ရဲ့အသက်ကလေး။ ဂျက်ကီ့သခင်။



www.burmeseclassic.com

www.burmeseclassic.com



"မေ"

"ဒီအချိန်မှာ ဒီနေရာကို မလာသင့်ဘူး"

"မေ ပိုလှလာတယ်"

"အဲဒီလို အရည်မရ အဖတ်မရ စကားလုံးတွေ ပြောနေတုန်းပဲလား"

"မေ ပြန်လာသားပဲ၊ ကိုယ် မျှော်နေခဲ့တာ"

"မျှော်နေတယ်၊ အဟင်း ... ရယ်ရဘယ်နော်၊ မျှော်နေလို့သာပဲ၊ မျှော်သာမမျှော်နေရင် ရှင် အခုလောက်ဆို ကလေးတောင် ရနေလောက်ပြီ"

"ဟုတ်တယ်၊ ကံတရားက ကိုယ့်ဘက်မှာ ရှိနေသေးလို့သာ မေ့ကို အချိန်မီ ပြန်ပို့ပေးတာ"

"ဘယ်သူပြောလဲ၊ ကျွန်မက ကျွန်မအဒီ ပြန်လာတာ၊ ကျွန်မ ပြန်လာခြင်းဟာ ရှင့်အတွက် အကျိုးသက်ရောက်မှု ရှိမှာမဟုတ်ဘူး"

"ရှိတာပေါ့၊ ခုပဲ ကိုယ့်မင်္ဂလာပွဲ ပျက်သွားပြီ"

"ဒါကတော့ ရှင့်ဘာသာ ဖျက်လိုက်တာပဲ"

"ဒါနဲ့ မေ ဘာဖြစ်လို့ ခုမှ ပြန်လာတာလဲ၊ မေ ဘာတွေ လုပ်နေခဲ့လို့လဲဟင်"





"အဲဒါ ရှင်နဲ့မဆိုင်ဘူး၊ ကျွန်မ နားချင်ပြီ၊ ရှင်ပြန်တော့"

"ကိုယ်က ဒီမှာနေတာလေ မေရဲ့"

"အဲဒါ ကျွန်မ မရှိခင်ကလေ၊ အခု ကျွန်မ ပြန်လာပြီ။ ကိုယ့်အိမ် ကိုယ်ပြန်တော့"

"မေ"

သူမက အိမ်ထဲ ချာခနဲ လှည့်ဝင်သွားသည်။ ထို့နောက် မေမေ ရောက်လာသည်။

"သား ... သမီးလေးရော"

"အထဲမှာ မေမေ"

"သား အကျႌလဲသွားလဲဦးလေ"

"ဟုတ်"

အောက်ထပ်ရှိ သူနေသောအခန်းက မေ့အခန်းနှင့် ကပ်ရပ်။ တစ်ဖက်ခန်းမှာ မေနဲ့ မေမေ ဘာတွေပြောနေကြပါလိမ့်။

သူ အဝတ်အစားလဲ၊ ရေမိုးချိုးပြီး အိပ်ပျော်သွားပြီ။

ဒါဟာ မေထွက်သွားပြီးမှ ပထမဆုံးအကြိမ် အိပ်ပျော်ခြင်း ဖြစ်နိုင်သည်။ နှစ်ခြိုက်စွာ အိပ်မက်ဆိုးမှ လွတ်မြောက်စွာ အိပ်ပျော်ခြင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခန်းမှ မေကလည်း ငြိမ်ချက်သား ကောင်းနေသော သူ့ကို နားစွင့်နေသည်။

ကြိုးစိုး ပြော့ပြသဖြင့် သူ မေမေနဲ့ လာနေပေးတာတွေ သိပြီးပါပြီ။ ပြန်ရောက်ရောက်ချင်း သူ့အခန်းထဲ ဝင်ကြည့်မိသေးသည်။ သူ့ရဲ့အခန်းထဲမှာ မေ့ဓာတ်ပုံကို မှန်ပေါင်သွင်းကာ ထောင်ထားသည်မို့ စိတ်ထဲမှာ ကျေနပ်သလိုလို ...။

♥○♥





တကယ်တော့ မေက ဗန်ကောက်မှာ သောင်တင်နေခဲ့တာပါ။ မေ စီးနင်းလိုက်ပါသွားသောလေယာဉ်က ဗန်ကောက်မှာ ခရီးတစ်ထောက် နားသေးသည်မို့ မေက ဗန်ကောက်လေဆိပ်မှာဆင်းပြီး ဟိုဟိုဒီဒီ လျှောက်ငေးနေစဉ် ရုတ်တရက် လှေကားထစ်ငယ်တစ်ခုမှာ ခြေချော်ကျကာ နောက်စေ့နဲ့ သမံတလင်း ရိုက်မိသွားပြီး ဦးနှောက်မှာ ဒဏ်ရာပြင်းထန်စွာရသွားကာ အတိတ်မေ့သွားခဲ့ခြင်းရယ်ပါ။

လေဆိပ်မှ လူအများစု၏ကောင်းမှုဖြင့် မေ ဆေးရုံရောက်ခဲ့ရပြီး မေရဲ့ ပတ်စ်ပို့ထည့်ထားသော အိတ်ကလည်း ကျပျောက်သွားခဲ့သည်။

ထိုသို့ မေ ဆေးရုံပေါ်မှာ သတိလစ်နေစဉ် လေယာဉ်ကြီးက ဗန်ကောက်လေဆိပ်မှ ထွက်ခွာကာ မကြာမီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



စက်ချို့ယွင်းပြီး ပျက်ကျသွားခြင်းကြောင့် လေယာဉ်တစ်စီးလုံး တစ်ယောက်မှ အသက်မရှင်။

သို့နှင့် အတိုက်မနေသော မေပါ ရောယောင်ကာ သေလူစာရင်းထဲ ပါသွားခဲ့ခြင်းဖြစ်သည်။

ဗန်ကောက်ဆေးရုံမှ ဆရာဝန်မကြီးတစ်ဦး၏ကောင်းမှုဖြင့် မေ ဗန်ကောက်မှာ ဆေးဆက်ကုခဲ့ရတာပါ၊ ထိုဆရာဝန်မကြီးက ကောက် ယူနားကာ သူ့အိမ်သို့ခေါ်သွားခဲ့သည်။ ထိုမှ ဆေးကုရင်း တဖြည်းဖြည်းဖြင့် ပြန်သတိရလာကာ လုံးဝကောင်းသွားချိန်မှာတော့ မေ ထွက်လာချိန်မှ တစ်နှစ်ကျော်ရပြီ။

ထို့ကြောင့် အိမ်ကို အမြန်ဆုံးပြန်နိုင်အောင် ကြိုးစားခဲ့ရသေးသည်။ တစ်နှစ်ကျော်တောင် ကြာနေပြီမို့ မမေ့ကို မဆက်သွယ်ထားလက်စနှင့် ဖုန်းပင်မဆက်တော့ဘဲ လူကိုယ်တိုင်ပြန်ရောက်မှ အကျိုးအကြောင်း ရှင်းပြဖို့ ဆုံးဖြတ်ခဲ့သည်။ ပြန်ရောက်တော့ ထင်သည့်အတိုင်းပင် သူမက သေလူဖြစ်နေခဲ့သည်။

မထင်မှတ်တဲ့ အံ့သြစရာတစ်ခုက ထူး ရှိမနေတော့။ ထူးတာ ဒီကမ္ဘာလောကကြီးကနေ ထာဝရ ထွက်ခွာသွားခဲ့ပြီ။ အဲဒီအတွက် သူမ စိတ်မကောင်းစွာ ဝမ်းနည်းမိသည်။





ပြီးတော့ ကျော်သားက သူမကိုယ်စား သူမရဲ့မိခင်ကို စောင့်ရှောက်နေမှုကိုလည်း ကျေးဇူးလည်းတင် အတိုင်းမသိလည်း ဝမ်းသာကျေနပ်မိသည်။

နောက်ဆုံးတစ်ချက်ကတော့ သူမ ပြန်လာတာ စောသွားလား နောက်ကျသွားလား မသိ။ သေချာတာကတော့ သူမကြောင့် ကျော်သားနဲ့ ချစ်ပြည့်တို့ရဲ့ မင်္ဂလာပွဲ ပျက်သွားခဲ့ရသည်။

ကံကြမ္မာက အရာအားလုံးကို အချိန်ကိုက် ကွက်တိဖန်ဆင်းပေးထားသလိုပင်။

မေမေကတော့ သူမ ပြန်ရောက်လာခြင်းအတွက် ကံကြမ္မာကို အထပ်ထပ် ကျေးဇူးတင်လျက်။

သူမကတော့ သူမ သေဆုံးသွားခဲ့ခြင်းအတွက် လူတွေရဲ့နမြောတသ သတိရမှုနဲ့ သူမအတွက် ခံစားရတဲ့ ဝမ်းနည်းကြေကွဲမှုတွေအတွက် ဝမ်းနည်းဝမ်းသာ။ ထူး သေဆုံးသွားခဲ့ခြင်းက လွဲရင်ပေါ့။

ယမင်းနဲ့ မေမေတို့ ပြန်ပြောပြချက်တွေအရ ထူး သွားကာနီး နိမိတ်စကားတွေနဲ့ ထူးရဲ့အပြုအမူတွေကို ပြန်ကြားရတော့ မျက်ရည်ကျလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထူးကို သူမ ခင်ပါတယ်လေ။ ထူးဟာ သူမအတွက် ဘယ်သူနဲ့မှမတူတဲ့ ရှားပါးသူငယ်ချင်းလေးပါပဲ။ ထူးကတော့ သူမကို ဂိတ်ဆုံးအထိ ချစ်ပြသွားသလို ခံစားခဲ့ရသည်။

တကယ်တော့ ထူးဟာ ခံစားမှုနောက်ကို လိုက်လွန်းသည်။ ယောကျ်ားတန်မဲ့ စိတ်ပျော့လွန်းသည်။ ထူးကို ခင်ပေမယ့် ထိုပျော့ညံ့သည့် စိတ်ဓာတ်ကိုတော့ သူမ မနှစ်သက်ခဲ့။ ခုတော့ သူမက ပြန်ရောက်လာပြီး ထူးကတော့ ရာသက်ပန် ထွက်သွားခဲ့ပြီ။

ကဲ ... ဘယ်လောက် ပျော့ညံ့လိုက်တဲ့ ယောကျ်ား လဲ။

တော်ပြီ အရာအားလုံးကို မေ့ပြီး အသစ်က ပြန်စနိုင်အောင် ကြိုးစားရဦးမည်။

သူမရဲ့ဓာတ်ပုံဆိုင်လေးက ကျော်သား ကျေးဇူးဖြင့် ဆက်လက်ရပ်တည်နိုင်နေသည်။

သူမ ဓာတ်ပုံတိုက်ကို ထွက်လာလိုက်သည်။ ဓာတ်ပုံတိုက်မှာ ဇော်လေးကလွဲရင် အားလုံးရှိနေကြသည်။





သူမကို ဝမ်းသာအယ်လဲ ကြိုဆိုကြသည်။ ကောင်မလေးတွေဆို မျက်ရည်ပင်ကျလို့။ ပြီးတော့ သူတို့အားလုံး ကျော်သားကို ချစ်ကြသည်တဲ့။ ကဲ ... သူမ ဘယ်လိုဆုံးဖြတ်ရမလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ယမင်းနဲ့ ချစ်ပြည့်လည်း သူမဆီ ရောက်လာကြသည်။

"မမလျှံကို ယမင်း တောင်းပန်စရာ ရှိသေးတယ်"

ထူးအတွက် ညာခေါ်ပေးခဲ့တာအတွက် ပြန်တောင်းပန်သည်။

ထူးက သူမကို သိပ်ကိုချစ်နေခဲ့ပြီး ခံစားနေရတာတွေကို မကြည့်ရက်သဖြင့် ကူညီခဲ့မိခြင်းပါတဲ့။

"ပြီးတော့ မမလျှံ ကိုယ်တိုင်လည်း ကိုထူးကို သဘောကျနေတယ် ထင်လို့လေ"

သူမက ကျော်သားကို ရှဲ့ပြီး ထူးနဲ့ပိုတွဲဖြစ်ခဲ့သည်ကိုး။

ယမင်းကတော့ ထူးဘက်က ရှေ့နေလိုက်သလို ချစ်ပြည့်ကလည်း ...





"ကိုကျော်သားက မေ့ကို သိပ်ချစ်ရှာတာ မေရဲ့၊ အဲဒါ တို့နဲ့သူ ရည်းစားဖြစ်နေခဲ့ကဲ့ အချိန်တည်းက တို့ ရိပ်မိခဲ့တာ၊ ပြီးတော့ သူ တို့ကို ဖြတ်တာပဲ။ မေ့ကို ကော်ဖီဆိုင်မှာ အရှက်ခွဲသလို ဖြစ်သွားပြီး မေက ဖိနပ်ကို ချွတ်ထားခဲ့တော့ သူ အဲဒီဖိနပ်လေးနှစ်ဖက်ကို ကောက်ယူပြီး ငိုင်နေလိုက်တာ ...

အဲဒီနေ့က သူ တို့ကို ဖြတ်တဲ့နေ့ပဲ! သူ စိတ်တွေရှုပ်နေလို့ ရည်းစားမထားတော့ဘူးတဲ့လေ၊ အဲဒီကတည်းက သူ မရှုပ်တော့ဘူး ...

အခု လက်ထပ်ပွဲ ဖြစ်မြောက်လာတာကလည်း တို့ဘက်က ကြိုးစားမှုတွေက ခုနစ်ဆယ့်ငါးရာခိုင်နှုန်းလောက် ပါတယ် မေရဲ့။ တို့ဟာ သူနဲ့လက်ထပ်ခွင့်ရခဲ့ပေမယ့် တို့ဘေးမှာ သူက မေ့ကို တစ်ချိန်းလုံး တမ်းတနေခဲ့တာ ...

တို့ကိုယ်တိုင်လည်း တွေဝေနေပြီလေ။ မေ ရောက်လာလို့ လက်ထပ်ပွဲပျက်တာ မဟုတ်ပါဘူး။ မေ ရောက်မလာခဲ့ရင်လည်း တို့က လက်ထပ်ဖြစ်ချင်မှ လက်ထပ်ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"လွှဲ မရောက်ခဲ့ရင်တော့ ချစ်ပြည့်တို့ လက်ထပ်ဖြစ်မှာပါ"

"မသေချာဘူး မေရဲ့၊ သူရော တို့ပါ စိတ်မပါဘူးလေ။ အထူးသဖြင့် ဝိုက သူ့ကိုစိတ်မညစ်စေချင်ဘူး။ အခုလည်း သူ စိုးရိမ်နေရှာတယ်။ မေ ငြင်းလိုက်မှာကို တော်တော် ကြောက်နေပုံရတယ်၊ သူ့ဘဝမှာ ချစ်သူနဲ့ သေကွဲ ကွဲခဲ့ရပြီးပြီတဲ့၊ ရှင်ကွဲ ထပ်ကွဲရမယ်ဆိုရင် သူ ခံနိုင်ရည်မရှိတော့ဘူးတဲ့"

"ချစ်ပြည့်ရော ခံနိုင်ရည်ရှိရဲ့လား၊ ချစ်သူကို ပိုင်ဆိုင်ရကာနီးမှ အပြီးစွန့်လွှတ်လိုက်ရတာဟာ သိပ်ကို ဝမ်းနည်းနာကျင်နေမှာပေါ့"

"သူ ပျော်တယ်ဆိုရင် ဘယ်လောက်ပဲ နာကျင်ရပါစေတော့ မေရယ်၊ ချစ်ပြည့်က သူ့ကို ပျော်စေချင်တာ၊ ချစ်ပြည့် စွန့်လွှတ်ပေးလိုက်ရတဲ့အတွက် သူ့ကို ပျော်စေချင်တာ။ ချစ်ပြည့်ကို ကူညီပါ မေရယ်"

"ဪ ... ချစ်ပြည့်ရယ်"

"အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်း မဟုတ်ပါဘူး မေရယ်၊ ချစ်ပြည့် အတွက်တော့ ချစ်သူကို စိတ်ချမ်းသာ ပျော်ရွှင်





စေချင်တာက အဓိကလေ၊ ကိုယ့်ကိုယ်ကိုယ်ထက် သူ့ကို ပိုချစ်တာလေ။ မေ ... ချစ်ကို ကူညီမယ်မို့လား"

"ကျော်သား စိတ်ချမ်းသာဖို့ တို့က သူ့ကိုလက်ထပ်လိုက်ရမယ်လား"

"မေ သူ့ကို စိတ်မဝင်စားခဲ့ဖူးလား၊ မေက ကိုထူးကိုပဲ ချစ်ခဲ့တာလား၊ ဒါမှမဟုတ် ..."

"တို့ဘယ်သူ့ကို ချစ်ခဲ့သလဲဆိုတော့ ... အင်း ... အဲဒါကို ထူး အသိဆုံးပဲ။ ဟုတ်တယ်၊ တို့ရင်ထဲက အချစ်ကို ထူး သိသွားခဲ့တယ်"

"ဒါဆို ကိုထူးလား၊ ကိုထူးပေါ့၊ ဒါကြောင့် မေ ဆုံးပြီဆိုတော့ ကိုထူး ဖြေမဆည်နိုင် ဖြစ်သွားတာပေါ့နော်"

"တို့ အဲဒီထင်မြင်ချက်ကို ဘယ်လိုမှ မဖြေရှင်းချင်ဘူး"

ယမင်းနဲ့ ချစ်ပြည့်တို့ သူမ ရင်ဘတ်ထဲကို မမြင်နိုင်စွာနဲ့ပဲ ပြန်သွားရတော့သည်။

ယမင်းတို့ ပြန်သွားတော့ မေမေနဲ့ ကြီးစိုးက တစ်စခန်း ထလာပြန်သည်။

"သမီးလေး စဉ်းစားနော်၊ ကိုသားဟာ သွေးမတော်သားမစပ်တဲ့ မေမေ့ကို လာစောင့်ရှောက်နေရှာတာ၊ သမီးကို



www.burmeseclassic.com

www.burmeseclassic.com

ချစ်တဲ့ အချစ်ကြောင့်ပဲ၊ သမီး ဆုံးသွားတာတောင် သူ့အတွက် မျှော်လင့်ချက် မရှိတော့တာတောင် သူ မေမေတို့ကို လာစောင့်ရှောက်တယ် ...

သူဟာ သမီးအတွက် အသင့်တော်ဆုံးလို့ မေမေထင်တယ်။ ပြီးတော့ မေမေ့အတွက်လည်း သူဟာသမက်မဟုတ်ဘူး သမီး၊ သူဟာ မေမေ့သားပါပဲ"

♥ ○ ♥





သူမအခန်းထဲက သူမရဲ့ ကိုယ်ပိုင်ကွန်ပျူတာလေးကို ဖွင့်လိုက်သည်။ သူမရဲ့ ကွန်ပျူတာလေးက သူမ ရှိစဉ်က အတိုင်း ခြေရာလက်ရာ မပျက်သေး။

ကွန်ပျူတာကို ဖွင့်လိုက်သည်။ ပြီးတော့ သူမ အမြတ်တနိုး သိမ်းထားခဲ့သော folder လေးတစ်ခုကို ဖွင့်တော့ အရင်လို Password တောင်းမြဲ။ may-folder ဟူသော သင်္ကေတ ကိုးခုကို နှိပ်လိုက်ချိန်မှာတော့ folder က ပွင့်သွားပြီ။

ထို foldr ထဲမှာ ဓာတ်ပုံကလေးတွေ စုစုပေါင်း ပုံအရေအတွက်က ငါးဆယ်တိတိ။ ထိုဓာတ်ပုံတွေ အားလုံးက ကောင်လေးတစ်ယောက်တည်း ရိုက်ထားသောပုံတွေ။ မေမင်းလွှံက တစ်ပုံချင်းကို နှစ်သက်မက်မောစွာ ကြည့်နေမိသည်။

အဲဒီအချိန်တည်းက အဲဒီကောင်လေးက မေမင်းလွှံရဲ့ရင်ထဲမှာ နေရာယူသွားဘာ။


www.burmeseclassic.com

www.burmeseclassic.com



မေမင်းလွှဲ့ရဲ့ နှလုံးသားထဲမှာ သူ့ကို လူမသိသူမသိ သိမ်းဆည်းထားခဲ့ရတာ။

ရုပ်ထွေးပွေလီလှတဲ့ သူ့ရဲ့ နှလုံးသားရာဇဝင်မှာ အညတရဖြစ်မှာ ကြောက်ခဲ့ရတာ။

ခုတော့ ချစ်သူက သူမကို နံပါတ်တစ်ခုတော့ ပေးပါသည်၊ နောက်ဆုံးဟုသော နံပါတ်လေ။ သူ့ရဲ့တစ်ဦးတည်းသောချစ်သူ မဟုတ်ပေမယ့် အချစ်ဆုံးချစ်သူတဲ့လေ။ ဒါပေမဲ့ မေက သူ့ဘဝရဲ့ တစ်ခုတည်းသော နံပါတ်ပဲ ဖြစ်ချင်ခဲ့တာ သူ မသိခဲ့လေသလားကွယ်။

မေ ပြန်ရောက်ပြီးကတည်းက သူက သူ့အိမ်မှာပြန်နေခဲ့သည်မို့ သူနှင့်မတွေ့ရ။ မေမင်းလွှဲ့ ကိုယ်တိုင်က အတွေ့မခံတာလည်း ပါသည်။

အခုတော့ ဖုန်းဆက်ရတော့မည်။ သူ့ရဲ့မိုဘိုင်းလ်မှာ မေ့ဖုန်းနံပါတ်လေး ပေါ်သွားပြီးချိန် ...

"ဟဲလို ... မေ"

"ကျော်သား ... ရှင် ဘယ်မှာလဲ"

"ကိုယ် မန္တလေးရောက်နေတယ်၊ Knew ဆိုင်ခွဲထပ်ဖွင့်လို့"

"ပြော်"





"မေ"

"ကျွန်မ ရှင့်ကို တွေ့ချင်တယ် ကျော်သား"

"ဘယ်တော့လဲ မေ"

"အခု"

"ဟမ် ... ကောင်းပြီ မေ၊ ကိုယ် အခုလေယာဉ်လက်မှတ် စီစဉ်ကြည့်ဦးမယ်၊ မရရင်တော့ ကားနဲ့ပဲ ပြန်လာရမှာ"

"ပြီးရော"

တွေ့ချင်ပါတယ်ဆိုမှ ချက်ချင်းမတွေ့ရသဖြင့် အလိုမကျချင်။ တို့နောက် သူ တက်သုတ်ရိုက် ပြန်လာရမှာကို စိုးရိမ်မိသေးသဖြင့် ဖုန်းပြန်ခေါ်လိုက်သည်။

"ကျော်သား ... ရှင် အေးအေးဆေးဆေးမှ ပြန်လာတော့ ကျွန်မ ကြော်ငြာတစ်ခု လက်ခံထားလို့ မအားတော့ဘူး"

"အိုကေ"

ဒါပေမဲ့ ကျော်သား ထိုညနေ လေယာဉ်ဖြင့်ရောက်လာခဲ့သည်။ ကျော်သား လာတော့ သူမက ခြံထဲမှာ ဒန်းကလေးပေါ်မှာပေါ့။ ဖိနပ်မပါသော သူမရဲ့ခြေဖဝါးတွေဟာ ဂျပန်မြက်ခင်းစိမ်းစိမ်းတွေပေါ် ခပ်ဖွဖွတင်လို့ သူမရဲ့ခြေဖျားတွေနားမှာက သူမ အချစ်တော် ဂျက်ကီ။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကို သူ ကားကွေ့ဝင်လာတော့ ဂျက်ကီက ပြေးပြီး ခရီးဦးကြိုပြုရှာသည်။ သူက ဟိုနေ့က တောင်ရှည်စ,လိုက်ဆွဲထားသည့်အရှိန်ဖြင့် ဂျက်ကီ့ကို လန့်နေပြီ။

သူမက ခြေဖျားလေးထောက်ကာ ဒန်းကိုလွှဲစီးလိုက်သည်။ ထိုခဏမှာပဲ သူက ဒန်းဆီတရွေ့ရွေ့ လျှောက်လာနေပြီ။ သူမ ရင်ခုန်သံတွေက ထိန်းချုပ်မရ။ လက်ဖျားတွေ အေးစက်လာသလို နှုတ်ခမ်းဖျားတွေ တုန်ယင်ပြီး ခေါင်းကို အမြန်ငုံ့ချလိုက်သည်။

သူက သူမခြေရင်းမှာ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ရဲ့လက်ကို နောက်ပစ်ကာ ဝှက်ယူလာသော ကွင်းထိုးဖိနပ်ကလေးကို စီးပေးလိုက်သည်။ ပြီးတော့ သူမကို မော့ကြည့်ကာ ...

"မောင် မေ့ကိုချစ်တယ်"

"အဲဒီလို ဘယ်နှယောက်ကို ပြောခဲ့ဖူးသလဲ"

"ဘယ်နှယောက်ကိုပဲ ပြောခဲ့ ပြောခဲ့ ဒါဟာ နောက်ဆုံးတစ်ယောက်ပဲ မေ၊ ကိုယ့်ရင်ထဲမှာ အချစ်အစအနလေးတောင် မကျန်အောင် သိမ်းပိုက်သွားခဲ့တဲ့ ကိုယ့်ရဲ့လက်တွဲဖော်လေးဟာ ဒီကောင်မလေးပဲ။ အတိတ်ကို ပြန်မပြင်ပေးနိုင်ပေမယ့် အနာဂတ်က မေ့အတွက်ပဲ ဖြစ်စေရမယ်"





မေက လက်သန်းလေးတစ်ချောင်း ထောင်ပြသည်မို့ သူက မေ့လက်ကို သူ့လက်သန်းဖြင့်ချိတ်ပြီး လက်မထိပ်ချင်းထိကပ်လိုက်ကာ ...

"တစ်သက်လုံး ကတိပေးပါတယ်"

"ကျွန်မကတော့ ရှင့်ကို မချစ်ဘူးနော်"

"ရပါတယ် မေ"

"ပြီးတော့ ကျွန်မ မေမေနဲ့ မခွဲနိုင်ဘူး"

"မခွဲပါဘူး၊ ကိုယ် ဒီမှာလာနေမှာပေါ့"

"ကျွန်မ မိန်းမလည်း မပီသဘူးနော်"

"ရတယ်၊ ကိုယ် ကျေနပ်ပါတယ်"

"ပြီးရော ... ဒါဆို ကျွန်မ ဘာလုပ်လုပ် ခွင့်လွှတ်တယ်၊ ကျေနပ်တယ်ပေါ့"

"အင်း ..."

"ဒါဆို ရှင့်ကို ကျွန်မ လက်မထပ်ဘူး၊ ကျွန်မက အဲလိုစိတ်ပျော့တဲ့ ခပ်ညံ့ညံ့ ယောကျာ်းမျိုးကို သိပ်မုန်းတာ"

"ဟာ ... မေ"

သူ ရုတ်တရက် ခုန်ထကာ ဒန်းပေါ်ကပ်ကပ်သွားသတ် ဝင်ထိုင်ရင်း မေ့ကို အတင်းဖက်ထားသည်။ ပြီးတော့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ခေါင်းငုံ့ချောင်းကြည့်ပြီး လူသူ အရိပ်အယောင် မတွေ့ရသဖြင့် သူမ ဆံပင်လေးတွေကို ခပ်ဖွဖွ သပ်တင်သလိုဖြင့် လှစ်ခနဲ နိုးနမ်းလိုက်သည်။

"အိုး ... သားနော်"

"ဟင် ... မေ၊ ဘယ်လိုခေါ်လိုက်တာ"

"မေရဲ့သားလေ၊ မေလို့ ခေါ်ကတည်းက သားလို့ပြန်ခေါ်ချင်နေခဲ့တာ"

"ဟာကွာ ... ဒါဆို အစကတည်းက အစတည်းက မေကိုယ့်ကို ချစ်နေတာပေါ့၊ ညှဉ်းထားရက်တယ်ကွာ"

"ညှဉ်းထားတာ မဟုတ်ပါဘူး သားရယ်၊ မေ ကြောက်ခဲ့တာပါ၊ မေက သားရဲ့နံပါတ်စဉ်တွေထဲက သာမန်နံပါတ်လေးတစ်ခုဖြစ်မှာ ကြောက်ခဲ့တာပါ။ တ ယ်တော့ သားစိတ်ထဲမှာ မေ ရှိနေဖို့ ကြိုးစားခဲ့တာပါ။ ထူးနဲ့ တွဲပြတာကလည်း သားမခံချင်ဖြစ်အောင် သား စိတ်ထဲ သတိထားမိအောင်ပါ။ ထူးက ဓားစာခံဖြစ်သွားရှာတယ်"

"ဟာ ... မေရယ်၊ ဒါဆို မေက ကိုယ့်ကို ..."

"ဟိုးတုန်းတည်းက ချစ်ခဲ့တာ၊ မေက သားကို သိပ်ချစ်ခဲ့တာ မေ အတိတ်ကို ပြန်သတိရလာတော့ တစ်နှစ်





ကြာနေပြီ၊ မေ သတိရရချင်း သား တခြားတစ်ယောက်ယောက်နဲ့ လက်ထပ်သွားပြီလားဆိုပြီး စိတ်ပူလိုက်ရတာ"

"ဟား ... မေရယ်"

"မေ အိမ်ပြန်ရောက်ရောက်ချင်း ကြီးစိုးက သားရဲ့မင်္ဂလာပွဲကျင်းပတဲ့နေ့လို့ ပြောလိုက်တော့လေ ရင်ဝကို ဆောင့်ကန်ခံရသလိုပဲ၊ အသက်တောင် မရှူနိုင်ဘူး သားရယ်။ ပြီးတော့ မေ သားမျက်နှာကို မြင်ချင်တယ်၊ နောက်ဆုံး သားလက်မထပ်ခင် လွတ်လပ်သူအဖြစ်နဲ့ သား မျက်နှာကို တွေ့ချင်တယ်၊ အဲဒါကြောင့် မေ ကြီးစိုးကို ခေါ်ပြီး လိုက်လာတာ"

"ဒါဖြင့် ဘာလို့ ပြန်သွားတာလဲ။ ကိုယ့်ကိုတွေ့လို့လား"

"သားကို ယမင်း ခေါ်ထုတ်သွားတဲ့အချိန်မှာ မေက ချစ်ပြည့်အနားမှာ ရှိနေခဲ့တာ၊ သားနဲ့ ယမင်း ဝရန်တာဘက်ထွက်သွားတော့ မေ ချစ်ပြည့် အခန်းထဲကထွက်ရင်း သားကို ခိုးကြည့်နေခဲ့သေးတယ်။ ပြီးတော့ ကားပါ်ကင်မှာလည်း သားတို့ရပ်နေတဲ့ နေရာကို လှမ်းကြည့်ခဲ့သေးတယ် ...

မေလေ အရုပ်ကြိုးပြတ်ပဲ၊ ဩော် ... သူ ငါ့ကို တကယ်မချစ်ခဲ့တာပါလားဆိုပြီး ဝမ်းလည်းနည်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ဆိုတဲ့ အချိန်ကလေးကိုတောင် မစောင့်နိုင်ပါလား လို့ ဒေါသလည်းဖြစ်တယ်"

"ခုရော"

"ချစ်ပြည့်ကို သနားသွားတယ်"

"ဟိတ် ... လူလည်မကျနဲ့လေ၊ အခု ကိုယ့်အပေါ် ဘယ် လိုသဘောထားလဲ ပြော"

"သြော် .. ကဲ ... ချစ်ပါတယ်ဆို"

"သဲသားပဲ၊ ကြားချင်လို့ တမင်မေးတာ"

"သားကို မေ ချစ်တယ်"

"အား ... နားဝင်ချိုလိုက်တာကွာ၊ ဘယ်လောက်ချစ်လဲ ပြော"

"ချစ်တယ်၊ အလေးနက်ဆုံး ချစ်တာ၊ နည်းတယ် များ တယ်လို့ နှိုင်းယှဉ်စရာ မရှိအောင် ချစ်တာ၊ အလေးနက် ဆုံးပဲ"

သူ မေ့ကိုယ်လေးကို ခပ်တင်းတင်း ဖက်ထားမိ သည်။

"ကိုယ်လေ ချစ်ပြည့်ကို မျက်နှာပူလိုက်တာ"

"ဟုတ်တယ်၊ သူလည်း သားကို တကယ်ချစ်ရှာတယ်နော်"





"အင်း ... ထူးလည်း မေ့ကို တကယ်ချစ်ခဲ့တယ်၊ သူတို့ သနားစရာကောင်းတယ်နော်"

"ဟုတ်တယ် သား၊ မေ ချစ်ပြည့်နဲ့ထူးကို ကိုယ်ချင်းစာ ပါတယ်၊ အဲလိုပဲ ချစ်ပြည့်လည်း မေတို့ကို ကိုယ်ချင်းစာ မယ် ထင်ပါတယ် သားရယ်"

သူမ ချစ်သူရင်ခွင်မှာ ခေါင်းဝင် မှေးမိပါပြီ၊ ကျော်သားရဲ့ ရင်ခုန်သံတွေက သူမ နားစည်ကို ညင်သာစွာထိ ခတ်လို့ပေါ့။

မှေးမိတ်ထားတဲ့ မျက်တောင်ကော့တွေပေါ်ကို နူးညံ့ တဲ့ အထိအတွေ့မျိုး ခပ်ဖွဖွလေး ထိခတ်သွားသည်။ ပြီးတော့ ဝင်းနစ်နေသော လည်တိုင်တစ်လျှောက် ...။ မေ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ လိုက်ဖြာလာသည်အထိ ကြည်နူးပီတိတွေ ဖိတ်လျှံလို့။

ကျော်သားကို ခပ်တင်းတင်း ပြန်ဖက်မိရင်း မော့ ကြည့်လိုက်တော့ ကြင်နာရိပ် ဖုံးလွှမ်းနေသော မျက်ဝန်းတစ်စုံ ကို ရင်ဆိုင်လိုက်ရသည်။

"မေ ကိုယ်တို့ အမြန်ဆုံး လက်ထပ်ရအောင်"

"သားသဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သဘောအတိုင်း ဘာမဆို လိုက်လျောမယ်ပေါ့"

"အိုး ... သားနော် ... မပြောတာက ... ..."

နှုတ်ခမ်းထက်က စကားမဆုံးခင်မှာ ... ... ..."

♥○♥

BURMESE CLASSIC .com








www.burmeseclassic.com

www.burmeseclassic.com



တိမ်ရောင်စုံတောက်တဲ့ ညနေခင်းတစ်ခုမှာ။

ပန်းနုရောင် ပိုးဂါဝန်ရှည်လေးနဲ့ ကောင်မလေး တစ်ယောက် ကျောလယ်သာသာခန့်ရှိသော သူမရဲ့ဆံပင်လေး တွေက ရွှေညိုရောင် ခပ်ဖျော့ဖျော့သမ်းနေကာ အဖျားအနားလေး တွေက ပင်လယ်ရေလှိုင်းတွေပမာ အလွှာလွှာ အလိပ်လိပ်လေး တွေနဲ့။

ထိုဆံပင်လေးနှင့် လိုက်ဖက်သော ပန်းနုရောင် ခရစ်စတယ် နားဆွဲရှည်ကြီးမှတစ်ပါး တခြား ဘာလက်ဝတ်ရတနာ မှ ဆင်မြန်းမထား။ ပန်းနုရောင်ဖိနပ်ကလေးက ခရစ်စတယ် ကျောက် ပန်းနုရောင်လေးတွေ စီထားသေးသည်။ အားလုံးခြုံပြော ရရင် သူမဟာ ပန်းနုရောင်ပန်းကလေး တစ်ပွင့်ပမာ။

သူမသာ ပန်းနုပွင့်လေးဆိုရင် ...

သူမဘေးက အနက်ရောင် အနောက်တိုင်းဝတ်စုံနဲ့ ကာင်လေးက လိပ်ပြာနက်ကလေးပေါ့နော်။



ခမ်းနားလှပနေတဲ့ တော်ဝင်ဥယျာဉ်ကြီးထဲမှာ ထို ပန်းပွင့်နဲ့ ထိုလိပ်ပြာတို့သည် လေယူရာ ယိမ်းနွဲ့လို့ ကြည်နူး စရာကောင်းတဲ့ သက်ဝင်ပန်းချီကားတစ်ချပ်ပမာ။

ချစ်ပြည့်က သူမ လက်သူကြွယ်မှာ ဝတ်ထားသော လက်စွပ်ကိုချွတ်၍ မေမင်းလှျံရဲ့လက်ကို စွပ်ပေးလိုက်သည်။

"ကွန်ဂရက်ကျူးလေးရှင်း မေ"

"ကျေးဇူးတင်ပါတယ် ချစ်ပြည့်"

ကျေးဇူးစကားရဲ့ လေးနက်မှုကို မျက်ဝန်းတွေက ထောက်ခံနေသေးရဲ့။

ထို့နောက်မှာတော့ မင်္ဂလာခန်းမထဲကနေ တရွေ့ ရွေ့ ကျော့ခိုင်းထွက်သွားသော ခြေလှမ်းတစ်စုံ။ ထိုခြေလှမ်းတစ်စုံ ရဲ့ ပိုင်ရှင်ဟာ သူ့နလုံးသားကိုတော့ လိပ်ပြာနက်ကလေးရဲ့ရင် ခွင်ကားစင်မှာ သူကိုယ်တိုင် အပ်နှံခဲ့ရှာသည်ပေါ့ကွယ်။

ပြီးတော့ မင်္ဂလာခန်းမ တစ်နေရာမှာလည်း ဗီညာဉ် တစ်ကောင်ရဲ့ သက်ပြင်းချသံ ခပ်ဖွဖွ ကြားလိုက်ရသလိုလို။

♥ ○ ♥

www.burmeseclassic.com

www.burmeseclassic.com



"အို ... သားသား၊ မေမေ့နှုတ်ခမ်းနီဘူးကို ဖျက်ဆီးပြန်ပြီ မေမေစိတ်ဆိုးပြီနော်"

"သားသား မေမေ မိတ်ကပ်ဘူးကို ယူဆော့ပြန်ပြီ"

"ဟယ် ... သားရဲ့ဖေဖေရေ၊ ဒီမှာ ရှင့်ရေမွှေးပုလင်းတော့ ကိစ္စချောသွားရှာပြီ။ အဲဒါကြောင့် ကလေးမီနိုင်တဲ့နေရာမှာ မထားပါနဲ့လို့ ပြောတာ"

နှစ်နှစ်အရွယ် ကလေးငယ်တစ်ယောက်ဟာ ကလေးကစားစရာတွေထက် အလှပြင်ပစ္စည်းတွေနဲ့သာ ဆော့ကစားချင်ခဲ့သောအခါ ... ....။

♥ ○ ♥



"သား ... မေမေ့ဆံပင်တွေကို မဆော့ရဘူးလေ၊ အား ... နာတယ်၊ လွှတ်ကွာ"

"ဟယ် ... သားဖေဖေရေ၊ ရှင့်ပုံကြီးကို မှန်ထဲပြန်ကြည့်စမ်း၊ သားက ရှင့်ကို နှုတ်ခမ်းနီ ဆိုးပေးထားတယ်တော့"

ငါးနှစ်အရွယ် ကလေးငယ်တစ်ယောက်ဟာ နှုတ်ခမ်းနီဘူးကို လှပကျွမ်းကျင်စွာ ဆိုးပေးတတ်လာသောအခါ။

♥ ○ ♥

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ ဆံပင်တွေ သိပ်လှတာပဲ မေမေ၊ သားက မေမေ့ကိုပဲ ပိုချစ်တယ်"

"ဒါဆို ဖေဖေ့ကိုရော မေမေလောက် မချစ်ဘူးပေါ့လေ"

"ဟင့်အင်း ... ဖေဖေက မေမေ့လို ဆံပင်မှ မရှည်တာ"

"အင်း"

မိခင်ဖြစ်သူမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ချက်ချင်းပင် ပြုံးတီးစင်တာပြေးပြီး ဆံပင်တွေကို တိုကပ်စွာ ညှပ်ပစ်မိတော့ သားသားက ဆယ်နှစ်သား။

♥○♥





နောက်ဆုံး ...

သား ဆယ်တန်းအောင်သောအခါ ...

"သား နိုင်ငံခြားမှာ မိတ်ကပ် ဆံပင်ပညာ သွားသင်ချင်တယ်"

ဦးကျော်သားနဲ့ ဒေါ်မေမင်းလျှံတို့သည် ...

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ...။

♥○♥

www.burmeseclassic.com

www.burmeseclassic.com

"အချိန်"သည်
အမျှတဆုံးသော တရားရှင် ဖြစ်သည် ဆိုပါလျှင်
ချစ်ခြင်းတရား၏ ရိုက်ခတ်မှုအတွက် ...
"အချိန်"သည်
ထိုရိုက်ခတ်မှုနှင့်
ထပ်တူညီစွာ ထိုက်တန်သော ပွဲတင်သံကို
ပြန်ပေးခဲ့လေသလား ... ..."

မွေးမြလန်းဆန်း ဘဝပန်းကို
ထာဝရ ဆင်မြန်းနိုင်ကြပါစေ ...

ရွှန်းရည်မိုး
3:00 P.M (SUN)
2-9-2007.